http://www.dhammadownload.com



စာတွတ္ထပန်းကုံး

အရှင်ကုမာရပြုစုသည်

(ဒုတိယအကြိမ်)

သာသနာနှစ်	ကောဇာသက္ကရာဇ်	ခရစ်နှစ်
၂၅၅၅	၁၃၇၃	၂၀၁၂

စာတွတ္ထပန်းကုံး

http://www.dhammadownload.com

မြောင်းမြမြို့
တိုက်သစ်ပဇ္ဇောတာရုံစာသင်တိုက်

မော်ဘီမြို့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်များ၏
ပမာနနာယက

အရှင်ကုမာရ
၏

ဓာတ္တထုပန်းကုံး



(ဒုတိယအကြိမ်)

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ခရစ်-၂၀၁၂

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်	□	၆၀၀၀၃၃၀၀၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	□	၆၀၀၁၅၃၀၂၁၂
ထုတ်ဝေသည့်အကြိမ်	□	ဒုတိယအကြိမ်၊ (ဇန်နဝါရီလ၊ ၂၀၁၂)
အုပ်ရေ	□	၃၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ	□	ဦးထွန်းအောင် ထွန်းမိသားစုပုံနှိပ်တိုက် အမှတ် (၈၉)၊ ၃၂–လမ်း၊ (၉)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ	□	ဦးကြည်တွဲ ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့ သာသနာ့ဝန်ဆောင်ကျောင်းတိုက် မော်ဘီမြို့နယ်။
စာအုပ်ချုပ်	□	ဦးအောင်မြင့်
တန်ဖိုး	□	၈၀၀၀

၂၉၄.၃

ကုမာရ/ အရှင်
မာတွတ္ထပန်းကုံး

အရှင်ကုမာရ
သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ မော်ဘီမြို့
ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ မော်ဘီမြို့
၇၀၉ – စာ၊ ၁၇.၅ × ၂၄.၅ စင်တီ
(၁) မာတွတ္ထပန်းကုံး

http://www.dhammadownload.com

နိဒါန်း

နိဒါန်း-ဟူသည်မှာ သက်ဆိုင်ရာ ကျမ်းဂန်များ၏အကြောင်းပင် ဖြစ်ပါသည်၊ သို့ဖြစ်၍ သက်ဆိုင်ရာ ကျမ်းဂန်၏ အကြောင်းကို နားလည်ထားအောင် နိဒါန်းကို ဦးစွာ လေ့လာဖတ်ရှုသင့်ပါသည်၊ နိဒါန်းကို လေ့လာဖတ်ရှုမှု မပြုဘဲ ကျမ်းဂန်စာသားကို ခုန်ကျော်၍ လေ့လာဖတ်ရှုပါက နားလည်သင့်သလောက် နားလည်မည် မဟုတ်ပါ၊ ထို့ကြောင့် သည်းခံပြီး နိဒါန်းကို ကျေညက်အောင် ဖတ်ရှုလေ့လာထားရန် တောင်းပန်အပ်ပါသည်။

ဓာတ်-ဟူသည်

ပါဠိဘာသာ၏ ရင်းမြစ်မှာ ဓာတ်များပင် ဖြစ်ပါသည်၊ ပါဠိစကားလုံးများသည် ဓာတ်မှာပင် သန္ဓေတည်၍ ဓာတ်မှပင် မွေးဖွားလာကြရပါသည်၊ သို့ဖြစ်လျှင် ယင်းပါဠိစကားလုံးများသည် အဖေမရှိသော ဖတဆိုးသားသီးများ ဖြစ်ကြလေရော့သလား ?၊ မဟုတ်ပါ၊ ဓာတ်က ပစ္စည်းနှင့်ပေါင်းဖော်ရမှ ပါဠိစကားလုံး-ဟူသော သားသီးများကို မွေးဖွားပေးနိုင်ပါသည်၊ ထို့ကြောင့် ဓာတ်သည် ပါဠိစကားလုံးများ၏ အမိဖြစ်၍ ပစ္စည်းက အဘဖြစ်ပါသည်၊ ထိုပါဠိစကားလုံးတို့၏ အမိဖြစ်သော ဓာတ်-ဟူသည် အဘယ်အရာမျိုး ဖြစ်ပါသနည်း ?။

ဘူ, ဂမု, တိတိက္ခ, ပဗ္ဗတာယ-စသော သဒ္ဒါတို့သည် ဖြစ်ခြင်း, သွားခြင်း, သည်းခံခြင်း, တောင်ကဲ့သို့ ပြုကျင့်ခြင်း-စသော ကြိယာကို ဆောင်တတ်သောကြောင့် ဓာတ်-မည်ကုန်၏၊ ကြိယံ ဓာရေန္တီ တိ-ဓာတဝေါ= ဘူဝါဒယော ခါဒိဓာတုပစ္စယန္တာ စ။ [ရူ]။

ကြိယာကို ဆောင်ခြင်း-ဟူသည်မှာလည်း ကြိယာကို ဟောခြင်း, ကြိယာအနက်ရှိခြင်းပင် ဖြစ်ပါသည်၊ ကြိယာဝါစီဟိ ဓာတူဟိ။ [ရူ]။

ကြိယာ-ဟူသည်မှာလည်း သွားခြင်း, ချက်ခြင်းအစရှိသော ဓာတ်၏အနက်ပင် ဖြစ်ပါသည်၊ ကြိယာတိဂမန ပစနာဒိကော ဓာတွတ္ထော။ [ရူ]။

ပုရိသ-စသည်တို့ကဲ့သို့ ဒြပ်ကို မဟောဘဲ ဖြစ်ခြင်း, သွားခြင်း, သည်းခံခြင်း, တောင်ကဲ့သို့ကျင့်ခြင်း-စသော အမူအရာကို ဟောသည့် ဘူ, ဂမု, တိတိက္ခ, ပဗ္ဗတာယ-အစရှိသော သဒ္ဒါအပေါင်းကိုပင် ဓာတ်ခေါ်သည်-ဟု ဆိုလိုပါသည်၊ သို့သော် ဒြပ်ကိုဟောသော ဓာတ်လည်း အနည်းငယ် ရှိနေပါသေးသည်၊ ယင်းဒြပ်ဟော ဓာတ်တို့၏ သဘောကို စာမျက်နှာ ၁၂၅-မှာ ရှုပါ။

ဓာတ်အပြား

ထိုဓာတ်သည် ၁-ပကတိဓာတု, ၂-ဝိကတိဓာတု, ၃-နာမဓာတု-ဟု ၃-ပါး ရှိပါသည်။

ထိုတွင် ဘူ, ဟူ, ဂမု, ပစ-အစရှိသော သဒ္ဒါအပေါင်းသည် ပင်ကိုယ်သဘာဝအားဖြင့် ပြီးစီးနေသောကြောင့် ပကတိဓာတု မည်ပါသည်။

http://www.dhammadownload.com

တိတိက္ခ, တိကိစ္ဆ, ဗုဘုက္ခ, ဇိဃစ္ဆ-အစရှိသော သဒ္ဒါအပေါင်းသည် ပြုပြင်စီမံခြင်းဖြင့် ပြီးမြောက်ခြင်းကြောင့် ဝိကတိဓာတ် မည်ပါသည်။

ပုတ္တိယ, ပဗ္ဗတာယ-အစရှိသည်တို့၌ ပုတ္တ, ပဗ္ဗတ-စသော သဒ္ဒါအပေါင်းသည် ဒြပ်ကို ဟောသော နာမ်ပုဒ်များ ဖြစ်ပါလျက် ကြိယာကို ဟောသော ဤယ, အာယ-စသော ပစ္စည်းနှင့် ယှဉ်ခြင်းကြောင့် နာမဓာတု မည်ပါသည်။

ဤနာမဓာတုကိုပင် ဓာတုရူပ ဓာတ်သဘောရှိသော ဓာတ်နှင့်သဘောတူသော သဒ္ဒါတစ်မျိုး-ဟုလည်း သဒ္ဒါကျမ်းများမှာ ပြဆိုထားကြပါသည်။

ဓာတ်၏အနက်ကို ဟောတတ်သော အာယ-စသောပစ္စည်းနှင့် ယှဉ်ခြင်းကြောင့်ပင် နာမ်၏အဖြစ်ကို ပယ်စွန့်၍ ဓာတ်၏သဘောမှာတည်သော ပဗ္ဗတာယ-စသော သဒ္ဒါကို အာယ-ပစ္စည်းက ဟောအပ်သော ဓာတ်နက်၏ ကတ္တားကံတို့ဖြင့် သကတ္တုက သကမ္မက-ဟု ထင်ရှားသောကြောင့် ဓာတ်၏သဘောရှိသော သဒ္ဒါ-ဟု ဆိုအပ်၏။ [ဘေဒစိန္တာ-၃၂၂၊ -၃။]

အကမ္မကဓာတ် သကမ္မကဓာတ်

ဓာတ်သည် အနက်ကို အကြောင်းပြု၍ အကမ္မကဓာတ်, သကမ္မကဓာတ်-ဟု ၂-ပါးရှိ၏။

ကံကို မငဲ့သော အနက်ရှိနေသည့် ဘူ, ဟူ, ဌာ, သိ-အစရှိသော ဓာတ်တို့သည် အကမ္မကဓာတ်တို့ မည်ကုန်၏၊ ဘဝတိ, ဟောတိ, တိဋ္ဌတိ, သေတိ-အစရှိသည်တို့တည်း။

ကံကို ငဲ့နေသော အနက်ရှိနေသည့် ဂမု, ပစ-အစရှိသော ဓာတ်တို့သည် သကမ္မကဓာတ်များ မည်ကုန်၏၊ ဂါမံ ဂစ္ဆတိ၊ သြဒနံ ပစတိ-အစရှိသည်တည်း။

ဤသကမ္မကဓာတ်သည်လည်း ကေကမ္မကဓာတ်, ဒွိကမ္မကဓာတ်အားဖြင့် ၂-ပါးအပြားရှိ၏။

ထိုတွင် ကံတစ်ခုကို ငဲ့နေသော အနက်ရှိနေသည့် ဂမု, ပစ-အစရှိသော ဓာတ်တို့သည် ကေကမ္မကဓာတ်တို့ မည်ကုန်၏၊ ဂါမံ ဂစ္ဆတိ၊ သြဒနံ ပစတိ-အစရှိသည်တည်း။

ပဓာန, အပဓာနအားဖြင့် ကံ ၂-ခုကို ငဲ့နေသော အနက်ရှိနေသည့် ဓာတ်အပေါင်းသည် ဒွိကမ္မကဓာတ် မည်၏။

ထိုဒွိကမ္မကဓာတ်မျိုးသည်လည်း နျာဒိဂိဏ်းဓာတ်မျိုး, ဒုဟာဒိဂိဏ်းဓာတ်မျိုးအားဖြင့် ၂-ပါးအပြားရှိပြန်၏။

ထိုတွင် ပို့ဆောင်ခြင်းအနက်ရှိသော ဓာတ်သည် နျာဒိဂိဏ်းဓာတ်မည်၏၊ အဇံ ဂါမံ နေတိ၊ ဘာရံ ဂါမံ ဝဟတိ၊ သာခံ ဂါမံ အာကမုတိ-စသည်တည်း။

ဓာဓာတ်, ဓရဓာတ်တို့၏ အနက်သည်ကား ထမ်းဆောင်ခြင်းသာတည်း၊ ပို့ဆောင်ခြင်း မဟုတ်၊ ထို့ကြောင့် ထိုဓာတ်တို့သည် ဒွိကမ္မက မဟုတ်ကြကုန်။

ကြွင်းသော ဒွိကမ္မကဓာတ်တို့သည် ဒုဟာဒိဂိဏ်းဓာတ်တို့ မည်၏၊ ဂါဝံ ခီရံ ဒုဟတိ၊ ဗြာဟ္မဏံ ကမ္မလံ ယာစတိ၊ ဒါယကံ ဘိက္ခံ ဘိက္ခတိ၊ ဂေဏ္ဏ ဝဇံ ရုန္ဓတိ၊ ဘဂဝန္တံ ပဉ္ဍံ ပုစ္ဆတိ၊ သိဿံ ဓမ္မံ အနုသာသတိ၊ ဘဂဝါ ဘိက္ခူ တေဒဂေါစ၊ ရာဇာ အမစ္စံ ဝစနံ ဗြဝီတိ-အစရှိသည်တည်း။

http://www.dhammadownload.com

ယင်းကံရှိဓာတ်တို့တွင် အာချာတ်ကြိယာ, ကိတ်ကြိယာက ကံကို ဟောပါလျှင် အာချာတ်ဝိဘတ်နှင့် ကိတ်ပစ္စည်းတို့သည် နျာဒိဂိဏ်းမှာ ပဓာနကံကို ဟောကုန်၏၊ အဇပါလေန အဇော ဂါမံ နိယတေ၊ အဇပါလေန အဇော ဂါမံ နိယမာနော–အစရှိသည်ကည်း။

ဒုဟာဒိဂိဏ်းမှာ အပဓာနကံကို ဟောကုန်၏၊ ဂေါပေန ဂေါ ခီရံ ဒုယ္ဟတေ၊ ဂေါပေန ဂေါ ခီရံ ဒုဟိတာ–အစရှိသည်တည်း။

အလုံးစုံသော ဓာတ်တို့၏ ကာရိုက်ပစ္စည်းယှဉ်ရာမှာ ကာရိုက်ကံကို ဟောကုန်၏၊ ဘိက္ခုနာ သမာဓိ ဘာဝိယတေ၊ တေန သော ဩဒနံ ပါစီယတေ–အစရှိသည်တည်း။

ဤအလုံးစုံသော စကားရပ်ကို ဘူ–အစရှိသော ဓာတ်တို့၏ ပကတိထင်ရှားသော ဓာတ်နက်၏အစွမ်း ဖြင့်သာ ဆိုထားရပါသည်။

ကံရှိ–ကံမဲ့ ပြောင်းလဲပုံ

စင်စစ်မှာမူ ဓာတ်တို့၏ များသောအနက်ရှိခြင်းကြောင့် အနက်တစ်ပါးကို ဟောရာ၌ ကံမရှိသော ဓာတ်တို့သည် ကံရှိရကုန်၏၊ ကံရှိသော ဓာတ်တို့သည် ကံမဲ့ ဖြစ်ကြရကုန်၏။

✓ဒိဝု–ကီဠာယံ၊ ပဠုဟိ ကာမဂုဏေဟိ ဒိဗ္ဗတိ၊ ✓ဒိဝု–ဇိဂီသာယံ၊ ပစ္စာမိတ္တေ ဒိဗ္ဗတိ–စသည်တည်း။

* အနက်ထူးခြား၊ ကြောင်းထောက်ထား၊ ဖြစ်သွား ကံရှိ–ကံမဲ့တည်း။

ထို့ပြင် အထူးထူးသော ဥပသာရပုဒ်တို့နှင့် ယှဉ်ခြင်းကြောင့်လည်း အကမ္မကဓာတ်က သကမ္မကဖြစ်သွား၍, သကမ္မကဓာတ်က အကမ္မကဖြစ်သွားရပါသည်၊ သုခံ အနုဘဝတိ၊ ရာဇာ ပုရာ နိဂ္ဆတိ–စသည်တည်း။

* ဥပသာရ၊ ယှဉ်တွဲက၊ ဖြစ်ရ ကံရှိ–ကံမဲ့တည်း။

ထို့ပြင် အချို့ဓာတ်တို့သည် ဂိဏ်းကွဲပြားမှုကြောင့်လည်း သကမ္မက, အကမ္မက ဖြစ်ကြရပါသည်၊ ပုရိသော ဩဒနံ ပစတိ၊ ဩဒနော ပစ္စတိ၊ နာဂေါ ပါကာရံ ဘိန္ဒတိ၊ တဋ္ဌာကပါဋိ ဘိဇ္ဇတိ၊ ရုက္ခံ ဆိန္ဒတိ၊ ရုက္ခော ဆိဇ္ဇတိ–စသည်တည်း။

* ဂိဏ်းကွဲပြားမှု၊ အကြောင်းပြု၊ ဖြစ်မှု ကံရှိ–ကံမဲ့တည်း။

ထို့ပြင် အချို့ဓာတ်တို့သည် ပြယုဂ်အားလျော်စွာ သကမ္မက, အကမ္မက ဖြစ်ကြရပါသည်၊ ပုရိသော မဂ္ဂံ ဂစ္ဆတိ၊ ဂမ္ဘီရေသု အတ္ထေသု ဉာဏံ ဂစ္ဆတိ၊ ဓမ္မံ စရတိ၊ တတ္ထ တတ္ထ စရတိ–စသည်တည်း။

* ပြယုဂ်ထူးခြား၊ လျော်သောအား၊ ဖြစ်သွား ကံရှိ–ကံမဲ့တည်း။

ဝုဒ္ဓိအားဖြင့် ၃–ပါး

၁။ ဂုပ–အစရှိသော ဓာတ်တို့သည် အာချာတ်အရာမှာ အမြဲ ဝုဒ္ဓိနှင့်တကွ ဖြစ်ကြ၏၊ နာမ်အရာမှာကား ဂုပိတ, ဂေါပိတ–ဟု ၂–ထွေ ရှိ၏။

၂။ ပစ, တုရ–စသော ဓာတ်တို့သည် (ကာရိုက်အရာမှ တစ်ပါးသော အရာ၌) ဝုဒ္ဓိမရှိကုန်။

၃။ ခိ, ဇိ–အစရှိသော ဓာတ်တို့သည် ဝုဒ္ဓိရှိ–ဝုဒ္ဓိမဲ့ ၂–ပါး ပြားကုန်၏။

ဤသို့လည်း ဓာတ်တို့သည် ၃–ပါး ကွဲပြားကုန်၏။

http://www.dhammadownload.com

သရအားဖြင့် ကွဲပြားပုံ

၁။ သရသက်သက်ဖြစ်သော သုဒ္ဓသရဓာတ်၊ ဣ, ဥ-စသည်။

၂။ သရတစ်လုံးသာ ပါရှိသော ဧကဿရဓာတ်၊ ခါ, ပါ-စသည်။

၃။ များသောသရရှိသည့် အနေကဿရဓာတ်၊ ကရ-စသည်။

ဤသို့လည်း ဓာတ် ၃-ပါး ပြားကုန်၏။

ထိုတွင် ဧကဿရဓာတ်သည်-

၁။ "အာ"အက္ခရာအဆုံးရှိသော အာကာရန္တဓာတ်၊ ယာ, လာ-စသည်။

၂။ "ဣ"အက္ခရာအဆုံးရှိသော ဣကာရန္တဓာတ်၊ ခိ, ဇိ, နိ-စသည်။

၃။ "ဤ"အဆုံးရှိသော ဤကာရန္တဓာတ်၊ ပီ, သီ-စသည်။

၄။ "ဥ"အဆုံးရှိသော ဥကာရန္တဓာတ်၊ ခု, ဒု, ကု-စသည်။

၅။ "ဦ"အဆုံးရှိသော ဦကာရန္တဓာတ်၊ ဘူ, ဟူ-စသည်။

၆။ "ဧ"အဆုံးရှိသော ဧကာရန္တဓာတ်၊ ခေ, ဇေ, သေ-စသည်။

၇။ "ဩ"အဆုံးရှိသော ဩကာရန္တဓာတ်၊ သော-စသည်။

ဤသို့ ၇-ပါး ရှိ၏။

အနေကဿရဓာတ်လည်း-

၁။ "အ"အဆုံးရှိသော အကာရန္တဓာတ်၊ ကရ, သင်္ဂါမ-စသည်။

၂။ "အာ"အဆုံးရှိသော အာကာရန္တဓာတ်၊ ဩမာ-စသည်။

၃။ "ဣ"အဆုံးရှိသော ဣကာရန္တဓာတ်၊ သကိ-စသည်။

၄။ "ဤ"အဆုံးရှိသော ဤကာရန္တဓာတ်၊ စက္ခီ-စသည်။

၅။ "ဥ"အဆုံးရှိသော ဥကာရန္တဓာတ်၊ အန္ခု-စသည်။

၆။ "ဦ"အဆုံးရှိသော ဦကာရန္တဓာတ်၊ ကက္ခူ-စသည်။

၇။ "ဧ"အဆုံးရှိသော ဧကာရန္တဓာတ်၊ မိလေ, ကိလေ-စသည်။

ဤသို့ ၇-ပါးပင် ရှိ၏။ ဤသို့လျှင် သုဒ္ဓသရဓာတ် ၁-ပါး၊ ဧကဿရဓာတ် ၇-ပါး၊ အနေကဿရဓာတ် ၇-ပါးအားဖြင့် သရအားဖြင့် ကွဲပြားသောဓာတ်မှာ ၁၅-ပါး ဖြစ်လာပါသည်။

သရန္တနှင့်ဗျဉ္ဇနန္တအားဖြင့် ကွဲပြားပုံ

ထို့ပြင် ပကတိဓာတ်တို့သည် သရန္တဓာတ်, ဗျဉ္ဇနန္တဓာတ်-ဟူ၍ ၂-မျိုး ပြားကုန်၏။

သုဒ္ဓသရဓာတ်, ဧကဿရဓာတ်ဖြစ်က သရန္တချည်းသာ၊ ဗျဉ္ဇနန္တ မရှိ၊ အနေကဿရဓာတ်ဖြစ်က ဓာတုဿန္တော လောပေါ နေကဿရဿ-သုတ်ဖြင့် အဆုံးသရကို အများအားဖြင့် ချေရ

http://www.dhammadownload.com

သောကြောင့် ဗျဥ္ဇနန္တ ချည်းသာ၊ သရန္တ မရှိ–ဟု နှလုံးသွင်းလျက် ဤသရန္တ,ဗျဥ္ဇနန္တ ခွဲခြားမှုကို ပြဆိုထားပါသည်။

ကေလေ ဂိလေ မိလေ ဩမာ , စိနေ ဟရေ စ သဲကသေ၊
ဣမေ စ အလုတ္တန္တာတိ , နိရုတ္တညူဟိ ဘာသိတာ။

ထိုတွင် သရန္တ ဓာတ်သည် ရှေ့ကသရဓာတ်မှာ ပြဆိုထားခဲ့သကဲ့သို့ အာကာရန္တ ဓာတ် (ပ) ဩကာရန္တ ဓာတ်အားဖြင့် ၇–ပါး ရှိ၏။

ဗျဥ္ဇနန္တ ဓာတ်မူကား– ၁–ကကာရန္တ ဓာတ်, ၂–ခကာရန္တ ဓာတ်, ၃–ဂကာရန္တ ဓာတ်,
၄–ဃကာရန္တ ဓာတ်, ၅–စကာရန္တ ဓာတ်, ၆–ဆကာရန္တ ဓာတ်, ၇–ဇကာရန္တ ဓာတ်,
၈–ဈကာရန္တ ဓာတ်, ၉–ဉကာရန္တ ဓာတ်, ၁၀–ဋကာရန္တ ဓာတ်, ၁၁–ဌကာရန္တ ဓာတ်,
၁၂–ဍကာရန္တ ဓာတ်, ၁၃–ဎကာရန္တ ဓာတ်, ၁၄–တကာရန္တ ဓာတ်, ၁၅–ထကာရန္တ ဓာတ်,
၁၆–ဒကာရန္တ ဓာတ်, ၁၇–ဓကာရန္တ ဓာတ်, ၁၈–နကာရန္တ ဓာတ်, ၁၉–ပကာရန္တ ဓာတ်,
၂၀–ဖကာရန္တ ဓာတ်, ၂၁–ဗကာရန္တ ဓာတ်, ၂၂–ဘကာရန္တ ဓာတ်, ၂၃–မကာရန္တ ဓာတ်,
၂၄–ယကာရန္တ ဓာတ်, ၂၅–ရကာရန္တ ဓာတ်, ၂၆–လကာရန္တ ဓာတ်, ၂၇–ဝကာရန္တ ဓာတ်,
၂၈–သကာရန္တ ဓာတ်, ၂၉–ဟကာရန္တ ဓာတ်, ၃၀–ဠကာရန္တ ဓာတ်–
အားဖြင့် ၃၁–ပါး ရှိ၏၊ ဤသို့လျှင် သရန္တ ၇–ပါး, ဗျဥ္ဇနန္တ ၃၁–ပါးအားဖြင့် ၃၈–ပါး ဖြစ်သတည်း။

ပါဠိ၌ ဎ–ကာရန္တ ဓာတ်–ဟူ၍ကား မရှိ၊ ထို့ကြောင့် ဎ–ကာရန္တ ဓာတ်ကို ချန်ထားခဲ့ပါသည်။

အစအက္ခရာဖြင့် ကွဲပြားပုံ

ထိုပြင် ပကတိဓာတ်တို့သည် သရာဒိဓာတ်, ဗျဥ္ဇနာဒိဓာတ်–ဟု ၂–ပါး ရှိ၏။

ထိုတွင် သရာဒိဓာတ်သည် “အ”အက္ခရာ အစဉ်ရှိသော အကာရာဒိဓာတ်, ၊ပ၊ “ဩ”အက္ခရာ အစဉ် ရှိသော ဩကာရာဒိဓာတ်အားဖြင့် ၈–ပါး ရှိ၏။

ဗျဥ္ဇနာဒိဓာတ်သည် ကဝဂ္ဂါဒိဓာတ်, စဝဂ္ဂါဒိဓာတ်, ဋဝဂ္ဂါဒိဓာတ်, တဝဂ္ဂါဒိဓာတ်, ပဝဂ္ဂါဒိဓာတ်, အဝဂ္ဂါဒိဓာတ်–ဟူ၍ အခြေခံအားဖြင့် ၆–မျိုး ရှိ၏။

ထိုတွင် ကဝဂ်၌ ကကာရာဒိဓာတ်ကိုလည်းကောင်း, ဋဝဂ်၌ ပကာရာဒိဓာတ်နှင့် ဏကာရာဒိဓာတ် တို့ကိုလည်းကောင်း, အဝဂ်၌ ဠကာရာဒိဓာတ်ကိုလည်းကောင်း မရအပ်ကုန်၊ ထို့ကြောင့် ဗျဥ္ဇနာဒိဓာတ် ၂၈–ပါးသာ ရှိသည်။

ဤသို့လျှင် သရာဒိ ၈–ပါး, ဗျဥ္ဇနာဒိ ၂၈–ပါး ၂–ရပ်ပေါင်း အစအက္ခရာဖြင့် ၃၆–ပါး ကွဲပြားလာရပါသည်။

မတေ သတ္ထုဿ ပဏ္ဍာ , ပဒါဒိမှိ နာ ဒိဿရေ၊
ဂကာရော စ ပဒါဒိမှိ , ပဒန္တေပိ နာ လဗ္ဘတေ။

ဘုရားရှင်၏ အလိုတော်မှာ ပ, ဏ, ဠ–အက္ခရာတို့သည် ပုဒ်အစဉ် မထင်ကုန်၊ ဂ–အက္ခရာကိုကား ပုဒ်အစမှာရော အဆုံးမှာပါ မရအပ်။

http://www.dhammadownload.com

ကဏ္ဍအလိုက် ဓာတ်ပေါင်း

ဤဓာတုထုပန်းကုံး၌ ဆိုခဲ့ပြီးသည်အားလျော်စွာ ကဏ္ဍ ၇-ရပ် ခွဲဝေပြဆိုထားရာ–

၁။	သရာဒိကဏ္ဍ၌ ဓာတ်ပေါင်း	၁၆၁
၂။	ကဝဂ္ဂါဒိကဏ္ဍ၌ ဓာတ်ပေါင်း	၃၃၆
၃။	စဝဂ္ဂါဒိကဏ္ဍ၌ ဓာတ်ပေါင်း	၁၈၁
၄။	ဋဝဂ္ဂါဒိကဏ္ဍ၌ ဓာတ်ပေါင်း	၂၈
၅။	တဝဂ္ဂါဒိကဏ္ဍ၌ ဓာတ်ပေါင်း	၃၁၁
၆။	ပဝဂ္ဂါဒိကဏ္ဍ၌ ဓာတ်ပေါင်း	၃၇၆
၇။	အဝဂ္ဂါဒိကဏ္ဍ၌ ဓာတ်ပေါင်း	၅၃၂
	၇-ကဏ္ဍ၌ ပါဝင်သမျှဓာတ်ပေါင်း	၁၉၂၅-ဖြစ်ပါသည်။

၁။ အာချာတ်ပုဒ်

ပြဆိုခဲ့ပြီးသော ဓာတ်များမှ ဖြစ်ပွားလာရသော ပုဒ်တို့သည် အာချာတ်ပုဒ်, ကိတ်ပုဒ်-ဟု ၂-မျိုးရှိနေပါသည်။

ထိုတွင် အာချာတ်ပုဒ်-ဟူသည်မှာ ဓာတ်, ဝိဘတ်, ပစ္စည်းတို့ဖြင့် ကောင်းစွာပြီးစီးသော ကာလအပြား, ကာရကအပြား, ပုရိသ်အပြားကို ပြလျက် လိင်အပြားမှ ကင်းသော ကြိယာကို ပဓာနအားဖြင့် ဟောသည့် တျာဒျန္တ ခေါ်သော ပုဒ်မျိုးပင် ဖြစ်ပါသည်။

ဝိဘတ်နှင့်ပစ္စည်း

ဝိဘတ်-ဟူသည်မှာ ဝတ္တမာန်, ပဉ္စမီ, သတ္တမီ, ပရောက္ခာ, ဟိယျတ္တနီ, အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ-ဟူသော အာချာတ်ဝိဘတ် ၈-သွယ်တို့ပင် ဖြစ်ပါသည်။

ဤအာချာတ်အရာ၌ ပစ္စည်းတို့သည် ဝိကရဏပစ္စည်း, ကိစ္စပစ္စည်း, ကာရိတပစ္စည်း, ဓာတုပစ္စည်း-ဟု ၄-ပါး ရှိ၏၊ ယင်းတို့ကို အစဉ်အတိုင်း သိသာရုံမျှ ပြပါဦးမည်။

၁။ ဝိကရဏပစ္စည်း

ဓာတ်တို့ကို သီးသန့်ခြားနား ကွဲပြားအောင် ပြုတတ်သော အ, ဏ္ဏ, ဤ-စသည်တို့ကို ဝိကရဏပစ္စည်း-ဟု ခေါ်သည်၊ ဝိကရီယန္တိ ဓာတဝေါ ဧတေဟိတိ-ဝိကရဏာ။ အဝုတ္တကတ္တုသာဓန။

ယင်းဝိကရဏပစ္စည်းများသည် အ*, ဏ္ဏ, ဤ, ဧ, ဩ*, ယ, ဏု, ဏာ, ဥဏာ, နာ, ပ္ပ, ဏှာ, ယိရ, ဏော, ဏယ-ဟု အဂ္ဂဟိတဂ္ဂဟဏနည်းအားဖြင့် ၁၅-ပါး ရှိ၏၊ အ-နှင့် ဩ*-တို့ ၂-ထပ် ပါဝင်နေပါသည်။

ယင်းပစ္စည်းတို့၏ မတူထူးခြား ကွဲပြားအောင် ပြုလုပ်မှုကြောင့် ဓာတ်တို့သည်လည်း–

၁။ အ-ပစ္စည်းသက်ရသော ဘူဝါဒိဂိဏ်းဓာတ်၊

၂။ ရှေ့မှာ နိဂ္ဂဟိတ်လာခြင်းနှင့်တကွ အ, ဏ္ဏ, ဤ, ဧ, ဩ-ပစ္စည်းသက်ရသော ရုဓာဒိဂိဏ်းဓာတ်၊

၃။ ယ-ပစ္စည်းသက်ရသော ဒိဝါဒိဂိဏ်းဓာတ်၊

http://www.dhammadownload.com

၄။ ဏု, ဏာ, ဥဏာ–ပစ္စည်းသက်ရသော သွာဒိဂိုဏ်းဓာတ်၊
၅။ နာ–ပစ္စည်းသက်ရသော ကိယာဒိဂိုဏ်းဓာတ်၊
၆။ ပ္ပ, ဏှာ–ပစ္စည်းသက်ရသော ဂဟာဒိဂိုဏ်းဓာတ်၊
၇။ ဩ, ယိရ–ပစ္စည်းသက်ရသော တနာဒိဂိုဏ်းဓာတ်၊
၈။ ဏေ, ဏယ–ပစ္စည်းသက်ရသော စုရာဒိဂိုဏ်းဓာတ်။

ဤသို့ ၈–မျိုး ကွဲပြားကြရသည်။

ဓာတုဂဏလက္ခဏာ

၁။ ဘူဝါဒိ ဟိယျတ္တနီ, သတ္တမီ, ပဥ္စမီ, ဝတ္တမာန်–ဟူသော သဗ္ဗဓာတ်ဝိဘတ်ကို မှီသည့် သုဒ္ဓကတ္တား၏ ပြယုဂ်၌ သုဒ္ဓဿရဓာတ်, ဧကဿရဓာတ်, အနေကဿရဓာတ်တို့၏နောက်မှာ အ–ပစ္စည်းနှောင်းခြင်းသည် ဘူဝါဒိဂိုဏ်း၏ သာမညလက္ခဏာမည်၏။

သဗ္ဗဓာတုကမှိ ယေဝါ ယ မိဿတေ။ [ရူ၊ ၄၃၃]။

ဤရူပသိဒ္ဓိဆရာ၏စကားမှာ အ–ပစ္စည်းအတွက်သာ သတ်မှတ်ပြဆိုထားသည်၊ ထို့ကြောင့် အချို့ ဝိကရဏပစ္စည်းများမှာ ပရောက္ခာ, အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ–ဟူသော အသဗ္ဗဓာတ်ဝိဘတ်နှောင်းရာ၌လည်း သက်ရသေး၏–ဟု ခွင့်ပြုရာ ရောက်သည်၊ ထို့ကြောင့် ရန္ဓိဿတိ, ဗုဇ္ဈိဿတိ, ဂဏှိဿတိ–စသည်ဖြင့် ဘဝိဿန္တိဝိဘတ်နှောင်းရာ၌ အ, ယ, ဏှာ–ဟူသော ဝိကရဏပစ္စည်း သက်ထားသည့် ပုံစံများကို တွေ့ကြရပါသည်။

ဝိကရဏာ တု သဗ္ဗေပိ , ကတွတ္ထေ သဗ္ဗဓာတုကေ၊
အသဗ္ဗဓာတုကေပျေသု , ကိဥ္စိ ဣစ္ဆန္တိ ပစ္စယံ။ [ကစ္စာယနသာရ၊ ၁၉၊ ၂၀။]

အာချာတ်အရာမှာ ဣကာရန္တ, အနေကဿရဓာတ်နောက်ဝယ် အ–ပစ္စည်းနှင့်တကွ အမြဲ နိဂ္ဂဟိတ်လာရခြင်းနှင့် နာမ်အရာမှာ နိဂ္ဂဟိတ်မျှသာ လာရခြင်းသည် ဘူဝါဒိဂိုဏ်း၏ ဝိသေသလက္ခဏာ မည်၏။

၂။ ရုဓာဒိ အာချာတ်အရာမှာ ဓာတ်တို့၏ နောက်ဝယ် အ–ပစ္စည်းနှင့်တကွ အမြဲ နိဂ္ဂဟိတ်လာရခြင်းသည် ရုဓာဒိဂိုဏ်း၏ သာမညလက္ခဏာ မည်၏။

အာချာတ်အရာ၌ ကတ္တားမှာ ဓာတ်တို့မှ နောက်ဝယ် ဣ, ဤ, ဧ, ဩ–ပစ္စည်းနှင့်တကွ အမြဲ နိဂ္ဂဟိတ်လာရခြင်းနှင့် နာမ်အရာမှာ ရံခါ နိဂ္ဂဟိတ်မျှသာ လာရခြင်းသည် ရုဓာဒိဂိုဏ်း၏ ဝိသေသလက္ခဏာ မည်၏။

ရုဓာဒိဓာတ်တစ်ခုသည် သံယုတ်အဆုံးမရှိခြင်း, များသောသရရှိသည့် အနေကဿရဓာတ်ဖြစ်ခြင်း, ရဿသရအဆုံးရှိခြင်း–ဟူသော လက္ခဏာ ၃–ပါးနှင့် ပြည့်စုံနေပါလျှင် မုဥ္စတိ, ဘိန္ဒတိ, ကန္တတိ–စသည်ဖြင့် သုဒ္ဓကတ္တုအရာမှာ အမြဲ နိဂ္ဂဟိတ်လာရသည်။

အာချာတ် ဟေတုကတ္တားအရာမှာ မုဥ္စာပေတိ, မောစေတိ, ဆိန္ဒာပေတိ, ဆေဒေတိ–စသည်ဖြင့် ရံခါသာ နိဂ္ဂဟိတ်လာရသည်၊ အမြဲ မလာရ။

ထို့ပြင် နာမ် သုဒ္ဓကတ္တား, ဟေတုကတ္တားအရာမှာလည်း ဘိန္ဒနံ, ဘေဒေါ, မုဥ္စနံ, မောစနံ။ (သုဒ္ဓ)

http://www.dhammadownload.com

ဆိန္နာပန်, ဘေဒါပန်, မုဉ္စာပန်, မောစာပန်။ (ဟေတု) စသည်ဖြင့် အချို့သော နိဂ္ဂဟိတ်လာရသည်၊ အမြဲ မလာရ။

* ရာဓာဒိဓာတ်, သံယုတ်လွတ်၍, နေကဿရ, ရဿဆုံးရာ, အာချာသုဒ္ဓ, တစ်ခုမျှ, လာရဖိန္ဒုအမြဲတည်း။

ကြွင်းကျန်သေသ, သုံးဌာန, လာရဝိကပ်တည်း။

၃။ ဒိဝါဒိ ကတ္တားအနက်၌ ဓာတ်တို့၏နောက်မှာ စဝဂ်ပြုမှု-စသည်တို့ကို ရခြင်း,မရခြင်း ရှိသော ယ-ပစ္စည်းနှောင်းခြင်းသည် ဒိဝါဒိဂိဏ်းလက္ခဏာ မည်၏။

၄။ သ္ယာဒိ ကတ္တားအနက်၌ ဓာတ်များ၏နောက်မှာ ထိုက်သည်အားလျော်စွာ ဏု, ဏာ, ဥဏာ-ပစ္စည်းတို့၏ နှောင်းခြင်းသည် သ္ယာဒိဂိဏ်းလက္ခဏာ မည်၏။

အနေကဿရဓာတ်နောက်မှာ ဥဏာ-ပစ္စည်းတစ်ခုမျှသာ သက်ရသည်၊ ဏု-ပစ္စည်း, ဏာ-ပစ္စည်းတို့ မသက်ရ။

ဧကဿရဓာတ်နောက်မှာကား ဏု-ပစ္စည်း, ဏာပစ္စည်းတို့သာ သက်ရသည်၊ ဥဏာ-ပစ္စည်း မသက်ရ။

သက္ကဉာတိ၊ ပါပုဏာတိ၊ ခီဏောတိ၊ ခီဏာတိ-စသည်တည်း။

* အနေကဿရာ, ဓာတ်နောက်မှာ, ဥဏာ တစ်ပစ္စည်း။
ဧကဿရာ, ဓာတ်နောက်မှာ, ဏု-ဏာ နှစ်ပစ္စည်း။

၅။ ကိယာဒိ ကတ္တားအနက်၌ ဓာတ်တို့၏နောက်မှာ နာ-ပစ္စည်းနှောင်းခြင်းသည် ကိယာဒိဂိဏ်းလက္ခဏာ မည်၏။

၆။ ဂဟာဒိ ကတ္တားအနက်၌ ဓာတ်တို့၏နောက်တွင် အာချာတ်အရာမှာ အနည်းငယ်သော ပြယုဂ်၏အစွမ်းဖြင့်, နာမ်ပုဒ်အရာမှာ များသော ပြယုဂ်၏အစွမ်းဖြင့် ပ္ပ, ဏှာ-ပစ္စည်းတို့ နှောင်းခြင်းသည် ဂဟာဒိဂိဏ်းလက္ခဏာ မည်၏။

ဂဟာဒိဂိဏ်း ရှိသင့်သလား

ပ္ပ, ဏှာ-ပစ္စည်းတို့သည် ဂဟဓာတ်၏နောက်မှာသာ ထင်သည်၊ အခြားဓာတ်များနောက်မှာ မထင်၊ ထို့ကြောင့် ဂဟဓာတ်တစ်ခုတည်းဖြင့် ဂဟာဒိဂိဏ်း မဖြစ်နိုင်၊ ဂဟာဒိဂိဏ်း-ဟု အသီးအခြား မရှိသင့်။

ဤသို့ ကြံဆ၍ အချို့ဆရာများက ဂဟဓာတ်ကို ကိယာဒိဂိဏ်းမှာ ထည့်သွင်းထားကြသည်၊ ဂဟာဒိဂိဏ်း-ဟု အသီးအခြား မပြဆိုကြပါ။

ဂဟာဒိတော ပ္ပဏှာ-ဟူသော သုတ်ကို တည်ထားခဲ့သည့် ကစ္စည်းဆရာက ဂဟာဒိဂိဏ်းကို အသီးအခြား ပြဆိုပြီးပင် ဖြစ်ပါသည်၊ ထို့ကြောင့် ဂဟာဒိဂိဏ်း-ဟု အသီးအခြား မရှိသင့်-ဟူသော ဆရာတို့၏ အယူကို လက်မခံသင့်။

ထိုဆရာတို့၏ အယူအဆအတိုင်း ဂဟာဒိဂိဏ်းသာ အသီးအခြား မရှိခဲ့ပါလျှင် ဂဟာဒိဂိဏ်းကို ပြတတ်သော ဂဟာဒိတော ပ္ပဏှာ-သုတ်မှာ အာဒိသဒ္ဒါကို ပယ်၍ ဂဟတော ပ္ပဏှာ-ဟု ဆိုသင့်ပါ၏၊ သို့မဟုတ် ကိယာဒိဂိဏ်းနှင့် ပေါင်း၍ ကိယာဒိတော နာ ပ္ပ ဏှာ-ဟု ဆိုသင့်ပါ၏၊ ဆိုကား မဆိုခဲ့ပါ၊ ထို့ကြောင့် ဂဟာဒိဂိဏ်းသည် ကိယာဒိဂိဏ်းမှ တသီးတခြားသာ ဖြစ်သည်-ဟု မှတ်သင့်ပါသည်။

http://www.dhammadownload.com

ဂဟာဒိတော ပ္ပ ဏ္ဍာ-သုတ်လာ အာဒိသဒ္ဒါအရ ဥသ, ကု, ဇုတ, ဇု, သိ, တသ, တိဇ, သာ, သိ, သော-အစရှိသော ဓာတ်များကို ယူသင့်ပါသည်။

ထိုတွင် ဂဟဓာတ်မှနောက်မှာ ပ္ပ-ပစ္စည်းသည် အာချာတ်အရာမှာသာ ထင်သည်၊ ဥသဓာတ်နောက်မှာ ဏ္ဍာ-ပစ္စည်းသည် ဥဏ္ဍာပေတိ-ဥဏ္ဍော-ဟု အာချာတ်အရာမှာလည်း ထင်သည်၊ နာမ်အရာမှာလည်း ထင်သည်။

ဥသဓာတ်နှင့် ဂဟဓာတ်မှတစ်ပါး အခြားသော ဓာတ်များ၏ နောက်တွင်မူ နာမ်အရာမှာသာ ပ္ပ, ဏ္ဍာ-ပစ္စည်းတို့ ထိုက်သည်အားလျော်စွာ ထင်သည်၊ ထို့ကြောင့် နီတိသုတ္တ (၉၃၁)၌ ဂဟာဒိတော ယထာရဟံ အာချာတတ္ထေ နာမတ္ထေ စ ပ္ပ ဏ္ဍာ-ဟု မိန့်ဆိုထားပါသည်၊ သုတ်တည်ထားပါသည်။

ဥသတိ ဒဟတီတိ-ဥဏ္ဍံ၊ ကုစ္ဆိတဗ္ဗော နိန္ဒိတဗ္ဗောတိ-ကဏ္ဍော= ကာဌဝဏ္ဏော၊ ဇောတတိ ဒိပ္ပတီတိ-ဇုဏ္ဍာ၊ ဇောသေတီတိ-ဇုဏ္ဍော၊ တဿတီတိ-တဏ္ဍာ၊ တိတိက္ခတီတိ-တိဏ္ဍော၊ သိယတိ တနုကရီယတီတိ-သဏ္ဍာ၊ သေဝိယတီတိ-သိပ္ပံ၊ သိယတိ အန္တံ ကရောတီတိ-သဏ္ဍံ။

ဤသည်တို့ကား ဓာတ်များနောက်ဝယ် နာမ်အရာမှာသာ ပ္ပ, ဏ္ဍာ-ပစ္စည်းတို့ ထိုက်သည်အားလျော်စွာ သက်ထားပုံ ဖြစ်ပါသည်။

တစ်ပါးဂိုဏ်းဓာတ်၌ မိမိ(ဝိကရဏ)ပစ္စည်းဖြင့် ဝိဂြိုဟ်ပြုရသည်၊ ဤ၌ တစ်ပါးသော ဝိကရဏပစ္စည်းဖြင့် ပြုသည်၊ ဤလည်း အထူးပင်။ [နီတိဓာ-နိ]။

၇။ တနာဒိ ကတ္တားအနက်မှာ ဓာတ်တို့၏ နောက်၌ ဖြစ်သင့်သည်အားလျော်စွာ ဩ,ယိရပစ္စည်းတို့ နှောင်းခြင်းသည် တနာဒိဂိုဏ်းလက္ခဏာ မည်၏။

၈။ စုရာဒိ အာချာတ်အရာမှာ ကတ္တားအနက်၌ ဓာတ်တို့၏နောက်တွင် အလုံးစုံသော အပြားအားဖြင့် ဏေ, ဏယ-ပစ္စည်းနှောင်းခြင်းသည် စုရာဒိဂိုဏ်း၏ သာမညလက္ခဏာမည်၏။

အာချာတ်အရာမှာ (အနေကဿရ) ဣကာရန္တဓာတ်မှာ ဏေ, ဏယ-ပစ္စည်းတို့နှင့်တကွ အမြဲ နိဂ္ဂဟိတ်လာရခြင်းနှင့် နာမ်အရာမှာ နိဂ္ဂဟိတ်မျှသာ လာရခြင်းသည် စုရာဒိဂိုဏ်း၏ ဝိသေသလက္ခဏာ မည်၏။

* ဘူနှင့်စုဓာတ်, သံယုတ်လွတ်၍, နေကဿရ, ဣဆုံးက, လာရဗိန္ဒုအမြဲတည်း။

ဝိကရဏ ကျေ-မကျေ

၁။ ဂမု, ရုဓ, ဒိဝု-အစရှိသော ဓာတ်တို့သည် ဝိကရဏပစ္စည်းမကျေသော ဓာတ်တို့မည်၏၊ ဂစ္ဆတိ, ရုန္ဓတိ, ဒိဗ္ဗတိ, ဒေဝယတိ-စသည်တည်း။

၂။ ပါ, ဘာ-အစရှိသော ဓာတ်တို့သည် ဝိကရဏပစ္စည်းကျေသော ဓာတ်တို့မည်၏၊ ပါတိ, ပိဝတိ, ဘာတိ-စသည်တည်း၊ ပိဝတိ၌ ဝတ္တိစ္ဆာအားဖြင့် အလုတ္တလည်း သင့်ပါ၏။

၃။ ဇိ, နီ-စသော ဓာတ်တို့သည် ဝိကရဏပစ္စည်း ကျေ-မကျေသော ဓာတ်တို့မည်၏၊ ဇေတိ, နေတိ-စသည် လုတ္တ၊ ဇိနာတိ, ဇိယတိ, နယတိ-စသည် အလုတ္တ၊ ဇယတိ, နယတိ၌ ဝတ္တိစ္ဆာအားဖြင့် လုတ္တလည်း သင့်ပါ၏။

http://www.dhammadownload.com

ဌာနအားဖြင့် ၄-ပါး

၁။ ဂမု-စသော ဓာတ်တို့သည် ဂိုဏ်းတစ်ပါးမှာသာ ပါဝင်သော ဧကဂဏိကဓာတ်တို့ မည်၏။

၂။ ပစ-အစရှိသော ဓာတ်တို့သည် ဂိုဏ်း ၂-ပါးမှာ ပါဝင်သော ဒွိဂဏိကဓာတ်တို့ မည်၏။

၃။ သု-အစရှိသော ဓာတ်တို့သည် ဂိုဏ်း ၃-ပါးမှာ ပါဝင်သော တိဂဏိကဓာတ်တို့ မည်၏။

၄။ ဝိဒ-စသော ဓာတ်တို့သည် ဂိုဏ်း ၄-ပါးမှာ ပါဝင်သော စတုဂဏိကဓာတ်တို့ မည်၏။

၂။ ကိစ္စပစ္စည်း

ဝိကရဏပစ္စည်းများကို ပြဆိုပြီးသည့်နောက် ကိစ္စပစ္စည်းကို ပြဆိုပါဦးမည်၊ ဘာဝကမ္မသု ယော-သုတ်ဖြင့် ဘောက်အရာ၌ အတ္တနောဝိဘတ်နောင်းရာမှာသာ သက်ရသော ယပစ္စည်းသည် ဤ၌ ကိစ္စပစ္စည်း မည်၏၊ ဥဒယတေ, ဗုဇ္ဈယတေ-စသည်တည်း။

၃။ ကာရိတပစ္စည်း

သူတစ်ပါးတို့အား စေခိုင်းခြင်း-ဟု ဆိုအပ်သော ပယောဇကကတ္တား၏ ဗျာပါရမှာ ဖြစ်သော ဏေ, ဏာယ, ဏာပေ, ဏာပယ ၄-ပစ္စည်းတို့သည် ကာရိတ်ပစ္စည်းတို့ မည်၏။

ယင်း ၄-ပစ္စည်းတို့တွင် သု, ဘူ-တို့ကဲ့သို့ ဥဝဏ္ဏန္တ ဓာတ်နောင် ဏေ, ဏာယ ၂-ပစ္စည်းသာ သက်ရသည်၊ သာဝေတိ, သာဝယတိ, ဘာဝေတိ, ဘာဝယတိ-စသည်တည်း။

စုရာဒိဂဏိကဓာတ်, သိ နီ-ကဲ့သို့ ဣဝဏ္ဏန္တ ဓာတ်, ဈေ-ကဲ့သို့ ဧကာရန္တ ဓာတ်, သော-ကဲ့သို့ ဩကာရန္တ ဓာတ်များနှင့် ဒါ ဌာ-ကဲ့သို့ အာကာရန္တ ဓာတ်များနောင် ဏာပေ, ဏာပယ ၂-ပစ္စည်းသာ သက်ရသည်။

စိန္တာပေတိ, စိန္တာပယတိ (စုရာဒိဂဏိက)၊ သယာပေတိ, သယာပယတိ, နယာပေတိ, နယာပယတိ (ဣဝဏ္ဏန္တ)၊ စျာပေတိ, စျာပယတိ (ဧကာရန္တ)၊ ပရိယောသာပေတိ, ပရိယောသာဝယတိ, ပ-ကို ဝပြု (ဩကာရန္တ)၊ ဒါပေတိ, ဒါပယတိ, ပတိဋ္ဌာပေတိ, ပတိဋ္ဌာပယတိ (အာကာရန္တ)-စသည်တည်း။

စုရာဒိဂဏိကမှ တစ်ပါးသော အနေကဿရဓာတ်တို့တွင် အချို့ဓာတ်တို့၏ နောက်မှာ ၄-ပစ္စည်း သက်ရ၏၊ ကာရေတိ, ကာရယတိ, ကာရာပေတိ, ကာရာပယတိ-အစရှိသည်တည်း။

အချို့ဓာတ်တို့၏ နောက်မှာကား ၂-ပစ္စည်းသာ သက်ရ၏၊ ဒမေတိ, ဒမယတိ-စသည်တည်း။

ဓာတ်အစစ်မဟုတ်သော နာမဓာတ်တို့၏ နောက်မှာ ဏာယပစ္စည်းသာ သက်ရ၏၊ ပဗ္ဗတာယာယတိ, ပုတ္တီယာယတိ-အစရှိသည်တည်း။

* ဥဝဏ်နောက်မှာ-ဏေ ဏာယနှင့်, စုရာဣဝဏ္ဏ-ဧသြအာ၊
သူတို့နောက်မှာ-နောက်နှစ်ပါးနှင့်, သရများသည့်-ဓာတ်နောက်မှာ၊
အချို့ဝယ်လေး-ချို့ဒွေးသာ, သက်ကြလျော်စွာ-ကာရိတ၊
နာမဓာတ်မှာ-ဏာယသာ, သေချာတိကျ-သတ်မှတ်ပြ။

http://www.dhammadownload.com

၄။ ဓာတုပစ္စည်း

ဓာတ်နက်ကြိယာမှ အသီးအခြား တုမိစ္ဆတ္တ–စသော ထိုထိုကြိယာကို ဟောသည်၏အဖြစ်ဖြင့် ဓာတ်သဘော ရှိကုန်သော ခ, ဆ, သ–အစရှိသော ပစ္စည်းတို့သည် ဓာတုပစ္စည်းတို့ မည်၏။

ပဒရူပသိဒ္ဓိဒ္ဒကား ဓာတ်အနက်ဒ္ဒ ညွှန်ပြအပ်သော ခ–အစ ကာရိုက်ပစ္စည်းအဆုံးရှိသော ပစ္စည်းတို့သည် ဓာတုပစ္စယ မည်ကုန်၏–ဟု ကာရိုက်ပစ္စည်းကိုပါ ဓာတုပစ္စယအတွင်း ထည့်သွင်းပြဆိုထားပါသည်၊ ဓာတွတ္ထေ နိဒ္ဒိဋ္ဌာ ခါဒိကာရိတန္တာ ပစ္စယာ ဓာတုပစ္စယာနာမ။ [ရူ]။

ကာလအပြား–စသည်

ဝိဘတ်နှင့်ပစ္စည်းတို့ကို ပြဆိုပြီးသည့်နောက် ကာလအပြား–စသည်တို့ကို ပြဆိုပါဦးမည်။

ကာလအပြား–ဟူသည် အတိတ်, ပစ္စုပ္ပန်, အနာဂတ်, ကာလဝိမုတ်–တို့ပင် ဖြစ်ပါသည်။

ဟိယျတ္တနီ, အဇ္ဇတနီ, ပရောက္ခာ–ဟူသော ဝိဘတ် ၃–သွယ်တို့သည် အတိတ်ကာလ၌ ဖြစ်ကုန်၏။

ဝတ္တမာန်, ပဉ္စမီ–ဟူသော ဝိဘတ် ၂–သွယ်တို့သည် ပစ္စုပ္ပန်ကာလ၌ ဖြစ်ကုန်၏။

ဘဝိဿန္တီ–ဟူသော ဝိဘတ်တစ်သွယ်သည် အနာဂတ်ကာလ၌ ဖြစ်၏။

သတ္တမီ, ကာလာတိပတ္တိ–ဟူသော ဝိဘတ် ၂–သွယ်သည် ကာလဝိမုတ်၌ ဖြစ်၏။

ဤသည်မှာ နိရုတ္တိဒီပနီ၏ အဆိုအမိန့် ဖြစ်ပါသည်။

ဤအာချာတ်အရာ၌ ကာရကအပြား–ဟူသည်မှာ ကတ္တား, ကံ, ဘာဝ–တို့ပင် ဖြစ်ပါသည်။

ပုရိသ်အပြား–ဟူသည်မှာ ပထမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ် ၃–ပါးတို့ပင် ဖြစ်ပါသည်။

သခ်္ခာအပြား–ဟူသည်မှာ ဧကဝုစ်, ဗဟုဝုစ် ၂–ပါးတို့ပင် ဖြစ်ပါသည်။

အာချာတ်ဝိဘတ်တို့သည် ကာလအပြား, ကာရကအပြား, ပုရိသ်အပြားတို့ကို ပြပါသော်လည်း ဓာတ်၏အနက်ဖြစ်သော သွားခြင်း, ချက်ခြင်း–စသော ကြိယာကိုသာ ပဓာနအားဖြင့် ဟောပါသည်။

၂။ ကိတ်ပုဒ်

ကိတ်ပုဒ်–ဟူသည်မှာ ဓာတ် ပစ္စည်းတို့ဖြင့် ပြီးသော ကာလအထူး, ကာရကအထူး, လိင်အထူး, သခ်္ခာအထူး, ကြိယာအထူးကို ပြလျက် ဒြပ်ကို ပဓာနအားဖြင့် ဟောသော သျာဒျန္တ ခေါ်သည့် နာမ်ပုဒ်တစ်မျိုးပင် ဖြစ်ပါသည်။

ကိတ်ပစ္စည်း

ဤဒ္ဒ် ပစ္စည်း–ဟူသည်မှာ ကိတ်ပစ္စည်း, ကာရိတပစ္စည်း, ဓာတုပစ္စည်းတို့ပင် ဖြစ်ပါသည်။

ထိုတွင် ကိတ်ပစ္စည်းများမှာ–

တိ တ တဝန္တု တာဝီတု , တဝေ တုံ တုန တွာန တ္တာ၊
တာယေ အနီယ တဗ္ဗ ဏျာ , တေယျ ရိစ္စ ခယိဏ်အဏာ။

http://www.dhammadownload.com

ကြ ဏီ အာဝိ ရ ရူ ယု ဏ္ဍု , ရိရိယာ ရတ္တု ရာတု ဏှ၊
ရိတု ရမ္မ ဏှက တုကာ , သန္တု မာနန္တိကာ ကြနော။

တိ, တ, တဝန္တု, တာဝိ, တု, တဝေ, တုံ, တုန, တွာန, တွာ, တာယေ, အနိယ, တဗ္ဗ, ဏ္ဍ, တေယျ, ရိစ္စ, ခ, ဃိဏ်, အ, ဏ, ကြ, ဏီ, အာဝိ, ရ, ရူ, ယု, ဏ္ဍု, ရိရိယ, ရတ္တု, ရာတု, ဏှ, ရိတု, ရမ္မ, ဏှက, တုက, သန္တု (သံ, န္တု), မာန, အန္တ, ကြက, ကြန။

ဤသို့ ပြဆိုထားသည့် ၄၁(၄၂)လုံးအပြင် ကြွင်းကျန်နေသော ထ, မ, လ, ယ, ယာဏ, လာဏ-စသော ဥဏာဒိပစ္စည်း ဦ, ကု, ကိ, ကြဏ်-စသော ဏွာဒိပစ္စည်းအားဖြင့် များလှပါသည်။

ကိတ်ပစ္စည်း ၂-မျိုး

ထိုတွင် တဗ္ဗ, အနိယ, တေယျ, ရိစ္စ, ဏ္ဍ-ဟူသော ၅-ပစ္စည်းသည် ကိစ္စပစ္စည်း မည်၏၊ ကြွင်းသော ဏ-စသော ပစ္စည်းတို့သည် ကိတပစ္စည်းတို့ မည်၏၊ တေ ကိစ္စာ၊ အညေ ကိတ်။ [ကစ္စည်း]။

ကိတ်ပစ္စည်း ၆-မျိုး

တဗ္ဗာဒီဏာဒယော နိဋ္ဌာ , တဝေ တုနာဒယော တထာ၊
မာနန္တာဒီ ဥဏာဒီတိ , ဆဒ္ဓါ ကိတကသဒ်ဟော။

တဗ္ဗာဒီ-တဗ္ဗအစရှိသော ကိစ္စပစ္စည်းတို့လည်းကောင်း၊ ဏာဒယော-ဏအစရှိသော တေကာလိက ပစ္စည်းတို့လည်းကောင်း၊ နိဋ္ဌာ-တ တဝန္တု တာဝိ-ဟူသော နိဋ္ဌပစ္စည်းတို့လည်းကောင်း၊ တဝေတုနာဒယော-တဝေ တုနအစရှိသော နိပါတ်ပစ္စည်းတို့လည်းကောင်း၊ တထာ-ထိုမှတစ်ပါး၊ မာနန္တာဒီ-မာန အန္တ အစရှိသော ပစ္စည်းတို့လည်းကောင်း၊ ဥဏာဒီ-ဥဏာဒိပစ္စည်းတို့လည်းကောင်း၊ ကြတိ-ဤသို့၊ ကိတကသဒ်ဟော-ကိတ်ပစ္စည်းတို့ကို ပေါင်းယူခြင်းသည်၊ ဆဒ္ဓါ-ခြောက်ပါးပြား၏။

ပြဆိုခဲ့ပြီးသော ကိတ်ပစ္စည်းများကိုပင် ဤသို့ ၆-မျိုးခွဲ၍ ပဒရူပသိဒ္ဓိ၌ ပြထားပါသေးသည်။

ကာရိတပစ္စည်းနှင့် ဓာတုပစ္စည်းများမှာ (ဥ၊ ဥ)၌ ပြဆိုထားခဲ့သည့်အတိုင်းပင် ဖြစ်ပါသည်။

ကာလအထူး-စသည်

ကာလအထူး-ဟူသည် တိကာလ, အတီတကာလ, သာမညကာလ, ဝတ္တမာနကာလ, အနာဂတကာလ-တို့ပင် ဖြစ်ပါသည်။

ကာရကအထူး-ဟူသည်မှာ ကတ္တား, ကံ, ကရိဏ်း, သမ္ပဒါန်, အပါဒါန်, အဓိကရဏ, ဘာဝ-ဟူသော သာဓန ၇-ပါးတို့ပင် ဖြစ်ပါသည်။

လိင်အထူး-ဟူသည်မှာ ကြတ္ထိလိင်, ပုံလိင်, နပုံလိင် (အလိင်)တို့ပင် ဖြစ်ပါသည်။

သင်္ချာအထူး-ဟူသည်မှာ ဧကဝုစ်, ဗဟုဝုစ်တို့ပင် ဖြစ်ပါသည်။

ကြိယာအထူး-ဟူသည်မှာ တသီလကြိယာ, တဒ္ဓမ္မကြိယာ, တသာဓုကာရကြိယာ, အတ္တမာနကြိယာ, အာဘိဇ္ဈညကြိယာ, အရဟကြိယာ, သကြကြိယာ, ပေသနကြိယာ, အတိသဂ္ဂကြိယာ, ပတ္တကာလာရောစနကြိယာ, အဝဿမ္ဘာဝီကြိယာ-စသည်တို့ပင် ဖြစ်သည်။

http://www.dhammadownload.com

ဓာတ်ညွှန်းပစ္စည်းများ

ဤ၌ သဒ္ဒါကျမ်းများနှင့် အဘိဓာန်ဋီကာ–စသည်တို့မှာ သုံးလေ့သုံးထရှိသော ဟနတိဿ, ကရောတိဿ အစရှိသည်တို့ကို နားလည်စေရန် ဓာတ်ညွှန်း(ဓာတုနိဒ္ဒိဋ္ဌ)ပစ္စည်းများကို ပြပါဦးမည်။

ဏ္ဍ, တိ, ဏာ–အက္ခရာတို့သည် မိမိတို့နှင့် ယှဉ်တွဲနေသော သဒ္ဒါ၏ ဓာတ်ဖြစ်နေကြောင်းကို ညွှန်ပြရုံမျှသာ ဖြစ်ပါသည်၊ အခြားအနက်ထူး တစ်စုံတစ်ရာကို မဟောတတ်ပါ၊ ထို့ကြောင့် ယင်း ဏ္ဍ, တိ, ဏာ–အက္ခရာတို့ကို ဓာတုနိဒ္ဒိဋ္ဌ(ဓာတ်ညွှန်း)အက္ခရာ, ဓာတုနိဒ္ဒိဋ္ဌပစ္စည်း–ဟု ခေါ်ကြပါသည်။

ထိုတွင် တိ–ဖြင့် ညွှန်ပြရာ၌ (ဟနတိ–ဟနဓာတ်၊ ကရောတိ–ကရဓာတ်–စသည်ဖြင့်) ဝိကရဏ ပစ္စည်းလည်း ပါရသေးသည်။

ဂမိဿ–ဂမုဓာတ်၏ (ဏ္ဍ)။ သုဏောတိဿ–သုဓာတ်၏၊ (တိ)။ သုဏာ–သုဓာတ်၊ (ဏာ) စသည်။

သို့ဖြစ်စေကာမူ ပဒရူပသိဒ္ဓိနှင့် သဒ္ဒနီတိဓာတုမာလာတို့၌ကား–

ဏ္ဍကာရော ဓာတုနိဒ္ဒေသေ , ဝိကရဏန္ဒိတော တိ စ၊
ဘဝန္တေ ဏ္ဍ ဂမိဿာဒိ , ဟနတျာဒီဟိ ဉာပကာ။ [ရူ]။

ဏ္ဍကာရန္တ တိကာရန္တ , ဝသေန တု ယထာရဟံ၊
နာမံ သမ္ဗောတိ ဓာတူနံ , ဏ္ဍတိပ္ပစ္စယယောဂတော။ [နီတိ]။

ဤသို့ ဏ္ဍနှင့်တိ ၂–ခုတို့ကိုသာ ပြဆိုထားပါသည်။

ကျမ်းပြုပုံအခြင်းအရာနှင့် ကျမ်းအမည်

အဆိုပါ ဓာတ်နှင့်ဓာတ်နက်, အာချာတ်ပုဒ်, ကိတ်ပုဒ်တို့သည် ဤကျမ်းမှာ အဓိကအားဖြင့် ပါဝင်နေသော အစိတ်အပိုင်းများ ဖြစ်ကြသည်၊ ထိုတွင် ဓာတ်နှင့်ဓာတ်နက်များကို–

၁။ ပုဂံမြို့, အရှင်အဂ္ဂဝံသ၏ သဒ္ဒနီတိဓာတုမာလာ၊
၂။ မန္တလေးမြို့, မဟာဝိသုဒ္ဓါရာမဆရာတော်၏ ဓာတွတ္ထသင်္ဂဟ၊
၃။ မန္တလေးမြို့, မြတောင်တိုက်ဆရာတော်၏ ဂဏသံသဂ္ဂဓာတ်စဉ်ကျမ်း–
ဤကျမ်း ၃–ဆူတို့မှ ထုတ်နုတ်၍–

၁။ ပါဏိနိဓာတုပါဌ၊
၂။ ဓာတုဝိတ္တိ၊
၃။ မောဂ္ဂလ္လာနဓာတုပါဌ–တို့နှင့် ညှိနှိုင်းတိုက်ဆိုင်ကာ သင့်လျော်ရာကို အတည်ပြု ယူထားပါသည်။

ထို့ပြင် အာချာတ်ပုဒ်, ကိတ်ပုဒ်–ဟူသော ပုံစံများကိုမူ ပါဠိတော်, အဋ္ဌကထာ, ဋီကာများနှင့် ဂဏ္ဌိရများအပြင် အဘိဓာနပ္ပဒီပိကာ, ၄င်းဋီကာနှင့်နိဿယများ, အဘိဓာနပ္ပဒီပိကာသူစိ, ဧကက္ခရကောသ, ၄င်းဋီကာ, ပုနှပ်ပြီးတိပိဋကပါဠိမြန်မာအဘိဓာန်, ဦးဟုတ်စိန်၏ပါဠိမြန်မာအဘိဓာန်, ကစ္စည်းသဒ္ဒါ, ရူပသိဒ္ဓိ, ၄င်းဋီကာ, သဒ္ဒနီတိဓာတုမာလာ, ပဒမာလာ, သုတ္တမာလာ, မောဂ္ဂလ္လာန်, ၄င်းပဉ္စိကာ, ပဉ္စိကာဋီကာ, ပဒသာဓန, ၄င်းဋီကာ, နိရုတ္တိဒီပနီ–စသော ပါဠိအဘိဓာန်ကျမ်း, သဒ္ဒါကျမ်းများကို မှီငြမ်းပြုကာဖွင့်ပြထားပါသည်။

http://www.dhammadownload.com

ထို့ပြင် အချို့နေရာ၌ သက္ကဋအဘိဓာန်ကျမ်းများကို မှီငြမ်းပြုကာ ဖွင့်ပြထားသော ပုဒ်အချို့ကိုလည်း တွေ့ကြရပါလိမ့်မည်။

ဤသို့ ကျမ်းဂန်အသီးသီးမှာ တည်ရှိနေသော ဓာတ်နှင့်ဓာတ်နက်များ, အာချာတ်ပုဒ်, ကိတ်ပုဒ်–ဟူသော ပြယုဂ်ပုံစံများကို ထုတ်နုတ်စုဆောင်းလျက် ဤကျမ်း၌ စနစ်တကျ ဓာတ်နှင့်ဓာတ်နက်များကို ဂိုဏ်းဖြင့်လည်း စုစည်းတင်ပြထားပါသည်၊ အက္ခရာစဉ်ဖြင့်လည်း စုစည်းတင်ပြထားပါသည်၊ အာချာတ်ပုဒ်, ကိတ်ပုဒ်–ဟူသော ပြယုဂ်ပုံစံများကိုမူ ဓာတ်ပစ္စည်းခွဲဝေမှု, ဝိဂြိဟ်ပြုလုပ်မှု, အနက်မြန်မာပြန်ဆိုမှုတို့ဖြင့် မွမ်းမံတင်ပြထားပါသည်၊ သို့ဖြင့် ဤကျမ်းစာသည် တစ်မျိုးတစ်ဖုံ နှစ်သက်စရာ တင့်တယ်ဝေဆာ၍လာရပါတော့သည်။

နေရာဌာနအသီးသီးမှာ ပွင့်လန်းနေသော ပန်းမျိုးစုံကို ခူးယူစုဆောင်းလျက် ပန်းသီတန်, ပန်းသီကြိုးတို့ဖြင့် စနစ်တကျ ကုံးသီထားသော ပန်းကုံးသည် အနံ့ကလည်းပျံ့သင်း, အရောင်အဆင်းကလည်းစုံလင်, သွင်ပြင်ကလည်းလှပ အလွန်ပင် တင့်တယ်ဝေဆာလာရသကဲ့သို့သာ ဖြစ်နေပါတော့သည်၊ ထို့ကြောင့် ဤကျမ်းကိုလည်း "ဓာတ္တုတ္ထပန်းကုံး"ဟုပင် အမည်ပေးထားရပါတော့သည်။

အနံ့ကလည်းပျံ့သင်း, အရောင်အဆင်းကလည်းစုံလင်, သွင်ပြင်ကလည်းလှပအောင် စနစ်တကျ ကုံးသီထားသော ပန်းကုံးသည် လူအများ၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သိမ့်စေနိုင်ဘိသကဲ့သို့ ပန်းသဖွယ်ဖြစ်သော ဓာတ်များကို ပန်းသီတန် ပန်းသီကြိုးသဖွယ်ဖြစ်သော ဂိုဏ်းအက္ခရာစဉ်တို့ဖြင့် ကုံးသီလျက် အနံ့သဖွယ်ဖြစ်သော ဓာတ်နက်ကလည်းတိကျ, အရောင်အဆင်းသဖွယ်ဖြစ်သော ပြယုဂ်ကလည်းစုံလင်, အကြီးအသေး, အမျိုးအစား–စသည်ဖြင့် ခွဲဝေထားသည့်သဖွယ်ဖြစ်သော ဓာတုပစ္စယဝိဘာဂဝိဂ္ဂဟနှင့် အနက်မြန်မာပြန်ဆိုမှုတို့ဖြင့် မွမ်းမံပြုပြင်ထားသော ဤဓာတ္တုတ္ထပန်းကုံးသည်လည်း ပါဠိသုတေသီတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သိမ့်စေနိုင်လိမ့်မည်–ဟု မျှော်လင့်ပါသည်။

ဓာတ်တို့၏သဘော

ထို့ပြင် ဤဓာတ္တုတ္ထပန်းကုံး၌ ပါဝင်သော ဓာတ်တို့၏ သဘောကိုလည်း အတန်ငယ် တင်ပြလိုပါသေးသည်။

ပက္ကဓာတ်သည် ပက္ကတိ–ဟူသော ကြိယာပုဒ်သာထင်၍ နာမ်ပုဒ်မထင်သောဓာတ်မည်၏၊ ယင်းသို့ နာမ်ပုဒ်မထင်သော ဓာတ်ဟူသမျှ၌ နာမ်ပုဒ်ကိုရှာဆင်ခြင်၍ ယူအပ်၏၊ မှန်၏–ကြိယာပုဒ်သာ မြင်ရန်ခက်သည်၊ ကြိယာပုဒ်ရှိလျှင် နာမ်ပုဒ်မရှိ–ဟု မဆိုသင့်၊ ထို့ကြောင့် အယုတ်ဆုံးအားဖြင့် ပက္ကနံ, တကနံ–အစရှိသော ဘောဟော နာမ်ပုဒ်တို့ကို ဓာတ်အကုန်လုံးမှာပင် ထိုက်သည်အားလျော်စွာ ရသင့်သည်။ [နီတိဓာ၊ ၁၀၊–၁]။

ဤအဆိုအမိန့်အားလျော်စွာ ကြိယာပုဒ်သာရှိ၍ နာမ်ပုဒ်မထင်သော ဓာတ်တို့ကိုလည်း ဤဓာတ္တုတ္ထပန်းကုံးမှာ တွေ့ကြရပါလိမ့်မည်။

ဒလိဒ္ဓဓာတ်သည် သာသနာတော်၌ ဒလိဒ္ဓေ–ဟူသော နာမ်ပုဒ်သာထင်၍ ဒလိဒ္ဓတိ–ဟူသော ကြိယာပုဒ်မထင်သော ဓာတ်မည်၏၊ သာသနာတော်၌ ဒလိဒ္ဓေါ, ဒလိဒ္ဒီ–ဟူသော နာမ်ပုဒ်သာ လာ၍ ဒလိဒ္ဓတိ–ဟူသော ကြိယာပုဒ် မလာပါ၊ သို့ဖြစ်စေကာမူ သာသနာတော်အားလျော်သည့်အတွက် ဒလိဒ္ဓဓာတ်နှင့် ဒလိဒ္ဓတိကြိယာကို ပြဆိုထားရပါသည်။

ဆရာများကား ကစ္စည်းဆရာ၏ အလိုအားဖြင့် ✓ဒလ–ဒုဂ္ဂတိမှိ–ဟူသော ဒုဂ္ဂတိဝါစက ဒလဓာတ် နောက်မှ ဏ္ဍ–ပစ္စည်းသက်၍ ဒလိဒ္ဒေါ–ဟူသော နာမ်ပုဒ်ကို ပြထားကြသည်။ [နီတိဓာ၊ ၁၀၄၊ –၅]။

http://www.dhammadownload.com

ဤအဆိုအမိန့်အားလျော်စွာ နာမ်ပုဒ်သာထင်၍ ကြိယာပုဒ်မထင်သော်လည်း သာသနာတော်အားလျော်သည့်အတွက် ပြဆိုထားသော ဓာတ်များကိုလည်း ဤဓာတ္တုပန်းကုံးမှာ တွေ့ကြရပါလိမ့်မည်။

ထို့ပြင် အာချာတ်ပုဒ်လည်းထင် နာမ်ပုဒ်လည်းထင်သော ဓာတ်များ, အာချာတ်ပုဒ်လည်းမထင် နာမ်ပုဒ်လည်းမထင်သော ဓာတ်များကိုမူ အထူးဆိုဖွယ်ပင် လိုမည်မထင်တော့ပါ၊ သို့သော် သာသနာတော်မှာ အာချာတ်ပုဒ်လည်းမထင် နာမ်ပုဒ်လည်းမထင်စေကာမူ ပါဠိဘာသာတိုးတက်ပြန့်ပွားရန် ရည်သန်၍ ပါဠိအားလျော်သည့်အတွက် ထည့်သွင်းထားသော ဓာတ်အချို့ကိုလည်း ဤဓာတ္တုပန်းကုံးမှာ တွေ့ကြရပါလိမ့်မည်။

နီလတိ, ပီတတိ-စသော ကြိယာပုဒ်တို့ကို ပိဋကတ်သုံးပုံ-ဟု ဆိုအပ်သော ဘုရားဟောပါဠိတော်၌ မတွေ့ရစေကာမူ ဤနီလတိ, ပီတတိ-ဟူသော စကားသည် ယခုအချိန်အခါမှာ ထင်ရှားမရှိတော့သော စကားဟောင်း(ပုရာဏဘာသာ)ဖြစ်သည်-ဟု ယူသင့်၏။

ယာဝ ဗျာတိ နိမီသတိ , တတြာပိ ရသတိဗ္ဗယော၊-ဤဓာတ်ပါဠိ၌ ဤဘုရားပွင့်တော်မူရာ အချိန်အခါဝယ် နတ်လူတို့၏ ပြောရိုးဆိုစဉ်မဟုတ်သော ရှေးစကားဟောင်းဖြစ်သည့် ဗျာတိ-ဟူသော ကြိယာပုဒ်ကို တွေ့ရသကဲ့သို့ ထို့အတူ နီလတိ, ပီတတိ-စသော ပုဒ်တို့သည်လည်း စကားဟောင်းကြိယာပုဒ်များဖြစ်သင့်သည်။

ယာဝဗျာတိ-အကြင်မျှလောက် မျက်စိပွင့်၏-ဟု ဆိုလိုသည်၊ ဤဗျာတိ-ဟူသော ဝေါဟာရသည် စူဠဗောဓိမည်သော ပုရဗိဒ်ဖြစ်ရာအခါ၌ ဝေါဟာရတည်း။ [နိတိဓာ၊ ၃၇၁၊ -၂]။

ဤအဆိုအမိန့်အားလျော်စွာ ရှေးစကားဟောင်းဖြစ်သော ပုဒ်တို့ကိုလည်း ဤဓာတ္တုပန်းကုံးမှာ တွေ့ကြရပါလိမ့်မည်။

ဝစတိ, ဝစန္တိ-အစရှိကုန်သော ကြိယာပဒရုပ်တို့ကို ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းဂန်များမှာ မလာသောကြောင့် စွန့်ပယ်သင့်ကုန်၏-ဟု အချို့ဆရာတို့ ဆိုကုန်၏၊ ထိုစကားကို မဆိုသင့်၊ အဘယ့်ကြောင့်နည်း ?၊ သာသနာတော်၌ အဝစ, အဝစိ-သု-ဟူသော သုဒ္ဓကတ္တုပုဒ်တို့ကိုလည်းကောင်း, ဝါစေတိ, ဝါစေန္တိ-အစရှိကုန်သော ဟေတုကတ္တုပုဒ်တို့ကိုလည်းကောင်း တွေ့မြင်အပ်ကုန်၏၊ ထို့ကြောင့် ဘုရားဟော-စသည်၌ မလာသော ဝစတိ, ဝစန္တိ-စသော ရုပ်တို့ကို ယူအပ်ကုန်၏။ [နိတိဓာ၊ ၃၁၊ -၂။]

ဤအဆိုအမိန့်အားလျော်စွာ ပါဠိတော် အဋ္ဌကထာ ဋီကာများမှာပင် မထင်စေကာမူ ဓာတ်တူအချို့ရုပ်များကို တွေ့မြင်ရသဖြင့် ယူထားရသော ပုဒ်မျိုးကိုလည်း ဤဓာတ္တုပန်းကုံးမှာ တွေ့ကြရပါလိမ့်မည်။

သုခတိ, ဒုက္ခတိ-ဟူသော ကြိယာပုဒ်တို့ကို ဘုရားဟောပါဠိတော်မှာ မတွေ့ရစေကာမူ အဋ္ဌကထာနည်းနှင့်စပ်သဖြင့် ယူသင့်သောကြောင့် တွေ့ရသည်သာမည်ကုန်၏၊ မှန်၏-အလုံးစုံသော ဝိဘတ်အားဖြင့် ဓာတ်အကုန်လုံးတို့၏ရုပ်ကို သာသနာမှာလည်းကောင်း, လောကမှာလည်းကောင်း မရအပ်ကုန်။

ဝိဘတ်ခပ်သိမ်းနှင့်ယှဉ်သော အချို့သော ရုပ်တို့ကိုကား ရအပ်ကုန်၏၊ အချို့သော ဓာတ်ရုပ်တို့ကို မရအပ်ကုန်၊ သို့ဖြစ်သော်လည်း တဂ္ဂတိကနည်းဖြင့် ရအပ်ကုန်သည်သာ။ [နိတိဓာ၊ ၂၀]။

ဤအဆိုအမိန့်အရ ပါဠိတော်မှာပင် မထင်စေကာမူ ပါဠိဘာသာတိုးတက်ပြန့်ပွားရန် ရည်သန်၍ တဂ္ဂတိကနည်းဖြင့် ယူထားသော ပုဒ်များကိုလည်း ဤဓာတ္တုပန်းကုံးမှာ တွေ့ရပါလိမ့်မည်။

http://www.dhammadownload.com

✓ လဃိ–စု၊ ဘာသာယံ–ပြောဆိုခြင်း၌ဖြစ်၏၊ လဃေ်တိ, လဃ်ယတိ–ပြောဆို၏၊ ဤဘာသနတ္ထ လဃ်ဓာတ်ရုပ်တို့သည် ဘုရားဟောပါဠိတော်၌ မထင်ရှားသော်လည်း လောကီပြယုဂ်ကို မြင်ရခြင်းနှင့် စပ်သဖြင့် လာကုန်၏။

သာသနာတော်ဝယ် ဘူဝါဒိဂိဏ်း, စုရာဒိဂိဏ်း၌ အကျုံးဝင်သော ဂတိအနက်ဟော ခုန်လွှားခြင်းအနက်ကို ပြတတ်သော ဓာတ်၏ရုပ်သွင်သည် အလွန်ထင်ရှား၏။

အတိကရ'မကရာ'စရိယ , မယှမွေတံ နု ရုစ္စတိ၊
စတုတ္ထေ လဃ်ယိတွာန , ပဉ္စမိယမွိ အာဝုတော။

ဆရာရေ! ဆရာက အားနှင့်မတန် အလွန်ပြုလုပ်ခြင်းကို ပြုလုပ်ပါဘိတယ်၊ အကျွန်ုပ်လည်း ဒါကို မနှစ်သက်ပါ၊ လုံ ၄–စင်းကို ခုန်လွှားပြီး ၅–စင်းမြောက်လုံမှာတော့ ပန်းသီသည့်အလား ရူးဝင်သွားခဲ့ပါပြီ။

ဤသတ္တိလဃ်နဇာတ်တွင် စုရာဒိဂိဏ်းမှာ အကျုံးဝင်သော သွားခြင်းအနက်ဟော ခုန်ကျော်ခြင်းအနက်ကို ပြတတ်သော လဃ်ဓာတ်၏ လဃ်ယိတွာ, လဃ်ယိတွာန–ဟူသော ရုပ်ကို တွေ့ရသဖြင့် လဃေ်တိ, လဃ်ယတိ–ဟူသော ရုပ်တို့ကိုလည်း တွေ့မြင်ပြီးပင် ဖြစ်တော့သည်။

ဘာသတ္ထအနက်ကို ဟောသော လဃ်ဓာတ်၏ကား ထိုသို့သဘောရှိသော ရုပ်တို့ကို မမြင်အပ်ပါသော်လည်း အရှည်ကို မြင်တော်မူကြသည့် ရှေးဆရာတို့က လွန်စွာ အလိုရှိအပ်သည့်အတွက် ပြောဆိုခြင်းအနက်ဟော လဃ်ဓာတ်ရှိ၏–ဟု ယူသင့်၏။

ဤသို့ ဓာတ်အကုန်လုံးမှာ သာသနာတော်တွင် မထင်ရှားစေကာမူ သာသနာတော်အားလျော်သောရုပ်တို့ကို ယူသင့်၏၊ မလျော်သော မထင်ရှားသောရုပ်တို့ကို မယူအပ်၊ ပယ်စွန့်အပ်၏။ [နိတိဓာ၊ ၂၉၀]။

ဤအဆိုအမိန့်အရ သာသနာတော်မှာပင် မထင်ရှားစေကာမူ သာသနာတော်အားလျော်သဖြင့် ယူထားသော ရုပ်တို့ကိုလည်း ဤဓာတ္ထပန်းကုံးမှာ တွေ့ကြရပါလိမ့်မည်။

အာချာတ်ပုဒ်နှင့်ကိတ်ပုဒ်

ဤဓာတ္ထပန်းကုံး၌ ပြထားသော အာချာတ်ပုဒ် ကိတ်ပုဒ် ၂–ပါးတို့တွင် အာချာတ်ပုဒ်များကို ဝိဘတ်အကုန်လုံးဖြင့် ပြထားသည်ကား မဟုတ်ပါ၊ ဝတ္တမာန်ဝိဘတ် ပရသမပုဒ် ပထမပုရိသ ဧကဝုစ်တိဝိဘတ် တစ်ခုတည်းဖြင့်သာ ယှဉ်စပ်ပြထားပါသည်။

ယင်းသို့ တိဝိဘတ်တစ်ခုတည်းဖြင့် ယှဉ်စပ်ပြထားပါသော်လည်း ပါဠိတော် အဋ္ဌကထာ ဋီကာ–စသည်တို့မှာ တွေ့ရသော အခြားဝိဘတ်များဖြင့် ယှဉ်စပ်နေသော ပုဒ်များကိုလည်း ပါဠိသဒ္ဒါကို အတော်အသင့် လေ့လာထားဖူးသူဖြစ်ပါက မသိနိုင်စရာ မရှိပါ၊ လွယ်ကူစွာပင် သိမြင်နားလည်နိုင်ပါလိမ့်မည်။

ထို့ပြင် ယင်းကြိယာမှ ဆင့်ပွားဖြစ်ပေါ်လာသော ပါဠိတော် အဋ္ဌကထာ ဋီကာများမှာ တွေ့ရတတ်သည့် တ, တိ, တုံ, တုန, တွာ, အန္တ, မာန, အ, ဏ, ယု, ဏ္ဍု–စသော ပစ္စည်းသက်ထားသည့် လွယ်ကူသော ပုဒ်များကို သက်ဆိုင်ရာကြိယာ၏ နောက်မှာပင် တန်းစီပြထားပါသည်။

ယင်းပုဒ်တို့၏ ဝိဂ္ဂဟနှင့်အနက်များကိုလည်း ပါဠိသဒ္ဒါကို အတော်အသင့် လေ့လာထားဖူးသူများဖြစ်ပါက မသိနိုင်စရာ မရှိပါ၊ လွယ်ကူစွာပင် သိမြင်နိုင်ပါလိမ့်မည်၊ သို့သော် အနည်းငယ် အသိခက်မည်ထင်သော အချို့ပုဒ်တို့၏ အနက်ကိုမူ တွဲဖက်ပြဆိုထားပါသေးသည်၊ နမူနာပုံစံများမှာ–

http://www.dhammadownload.com

အဖျူပေက္ခတိ ။ [အဓိ+ဥပ ✓ ကြက္ခ+အ+တိ] လျစ်လျူရှု၏။ အဖျူပေက္ခက၊ အဖျူပေက္ခန၊ အဖျူပေက္ခန္တ၊ အဖျူပေက္ခိတ၊ အဖျူပေက္ခိတုံ၊ အဖျူပေက္ခိတွာ၊ အဖျူပေက္ခိယ၊ –၍။ ချောင်းဆိုးချေဆတ်သံ နှစ်ခုလုံးကို မပြုမူ၍။ ....အစရှိသည်တို့ပင် ဖြစ်ပါသည်။

၄င်းတို့ကို အကွရာစဉ်ပုဒ်ညွှန်း၌ အစဆုံးပုဒ်ကိုယူ၍ [အဖျူပေက္ခက–စ]–ဟု ပါဝင်သမျှ ပုဒ်ရေကိုသာ ပြဆိုထားပါလိမ့်မည်၊ ယင်းပုဒ်တို့တွင်ပါဝင်သော တစ်ပုဒ်တစ်ပုဒ်၏ အနက်အဓိပ္ပာယ်ကို သိလိုပါလျှင် မူလအခြေခံ အဖျူပေက္ခတိ–ဟူသော ပုဒ်၏အနက်ကို ရှုပါက လွယ်ကူစွာပင် သိမြင်နိုင်ပါလိမ့်မည်။

အနည်းငယ် အသိခက်မည်ထင်သော ပုဒ်များကိုမူ ဓာတုပစ္စယဝိဘာဂနှင့်တကွ ဝိဂ္ဂဟရော, အနက်ပါ ပြဆိုထားပါသည်၊ သိလွယ်သော ပုဒ်အချို့နှင့် ဝိဂ္ဂဟမထင်ရှားသော ပုဒ်အချို့တို့ကိုမူ ဝိဂ္ဂဟကို ထည့်သွင်း ပြဆိုမှု မပြုဘဲ ထားပါသည်၊ ယင်းပုဒ်တို့နှင့်စပ်လျဉ်း၍ ဝိဂ္ဂဟပြုလုပ်ရန်နည်းအမြွက်ကို ဆက်လက်ပြဆိုပါဦးမည်။

ဝိဂ္ဂဟနယ အမြွက်မျှ

ပုဒ်တစ်ခုခုကို ဝိဂြိုဟ်ပြုလိုပါလျှင် ဦးစွာ ပြုလိုသောပုဒ်ကို ဓာတ်ပစ္စည်းခွဲထားပါ၊ ထို့နောက် ထိုပုဒ်၏ ဟောနက်အဘိဓေယျတ္ထနှင့် ဓာတ်နက်တို့ကို သာဓနပေါ်လာသည်အထိ ချိန်ထိုးနှိုင်းညှိကြည့်ပါ၊ သာဓနပေါ်လာက လိင်, ဝုစ်, ကာလတို့ကို သတိပြုကာ ဝိဂြိုဟ်ဆိုပါတော့။

ဥပမာအားဖြင့် ကြတ္ထိ–ဟူသောပုဒ်ကို ဝိဂ္ဂဟပြုလိုပါလျှင် ယင်းကြတ္ထိ–ဟူသောပုဒ်သည် ကြသုဓာတ် တ–ပစ္စည်းဖြင့် ပြီးနေသောပုဒ် ဖြစ်သည်–ဟု ဦးစွာ ဓာတ်ပစ္စည်းခွဲဝေထားလိုက်ပါ။

ထို့နောက် ကြသုဓာတ်၏ ကြစ္ဆာကန္တီသု–လိုချင်ခြင်း, နှစ်သက်ခြင်း–ဟူသော အနက် ၂–ခုတို့တွင် ဤ၌ အဓိကအားဖြင့် သက်ဆိုင်နေသည့် လိုချင်ခြင်း–ဟူသောအနက်နှင့် ကြတ္ထိ၏ဟောနက် မိန်းမ–ဟူသော အဘိဓေယျတ္ထတို့ကို–

မိန်းမက အလိုရှိတတ်သော ကတ္တားလား၊ အလိုရှိအပ်သော ကံလား၊ အလိုရှိကြောင်း ကရိဏ်းလား၊ အလိုရှိရာ သမ္ပဒါန်လား၊ အပါဒါန်လား၊ အဓိကရဏလား၊ အလိုရှိခြင်း ဘာဝလား။

ဤသို့ သာဓနစုံအောင် ချိန်ထိုးနှိုင်းညှိ ကြည့်ပါလျှင် မိန်းမက သူကိုယ်တိုင် လိုချင်တတ်သူ ကတ္တား ဖြစ်ကြောင်းကို ဦးစွာ တွေ့ရပါမည်၊ ထို့ကြောင့် ကြစ္ဆတီတိ–ကြတ္ထိ–ဟု ကတ္တုသာဓနဝိဂ္ဂဟပြုပါတော့။

ထို့ပြင် မိန်းမသည် ယောကျ်ားများက အလိုရှိအပ်သော ကံဖြစ်နေကြောင်းကိုလည်း တွေ့ရပါမည်၊ သို့ဖြစ်၍ ပုရိသေဟိ ကြစ္ဆီယတေတိ–ကြတ္ထိ–ဟုလည်း ကမ္မသာဓနဝိဂြိုဟ် ဆိုရပါမည်၊ တပစ္စည်းကို ဓာတွန်သနှင့်တကွ ဌ၊ ဌ–ကို ဋ္ဌ–ပြုထားကြောင်း, ဤပစ္စည်းသက်ထားကြောင်းတို့ကိုလည်း သတိပြုပါ။

ဒါတ္တံ–ဟူသောပုဒ်ကို ဝိဂြိုဟ်ပြုလုပ်လိုပါလျှင် ဦးစွာ ဒါတ္တံသည် ဒါဓာတ် တပစ္စည်းဖြင့်ပြီးသောပုဒ် ဖြစ်သည်–ဟု ဓာတ်ပစ္စည်းခွဲထားပါ၊ ထိုတွင် ဒါဓာတ်က ဒါန သောဓန ဆေဒ ရက္ခ ပလာယန ဥပတာပ–ဟူသော အနက်များကိုဟောကြောင်း ဒါတ္တံ–က တံစဉ်–ဟူသောအနက်ကို ဟောကြောင်း, သိထားရပါမည်၊ ထိုတွင် တံစဉ်နှင့် သင့်လျော်သော ဒါဓာတ်၏အနက်မှာ ဆေဒ–ဖြတ်ခြင်းဖြစ်ကြောင်းကိုလည်း သိနားလည် ထားရမည်။

http://www.dhammadownload.com

ထို့နောက် တံစဉ်နှင့် ဖြတ်ခြင်း–ဟူသော ဓာတ်နက်တို့ကို သာဓနပေါ်လာအောင် ချိန်ထိုးနှိုင်းညှိ ရှုကြည့်ပါလျှင် တံစဉ်က ဖြတ်ကြောင်း (ဖြတ်စရာလက်နက်)ကရိဏ်းဖြစ်နေကြောင်းကို တွေ့ရပါမည်၊ ထို့ကြောင့် လိင်ဝုစ်ကာလတို့ကို ဆင်ခြင်ကာ ဒန္တိ ဆိန္နန္တိ ဧတေနာတိ–ဒါတ္တံ–ဟု ကရဏသာဓနဝိဂြိုဟ် ပြုလုပ်ရပါမည်။

ကြွင်းသော သာဓနများနှင့်စပ်၍လည်း ပြဆိုညွှန်ကြားထားခဲ့သည့်အတိုင်း စဉ်းစားဆင်ခြင်ကာ ကိုယ်တိုင် ဝိဂြိုဟ်ပြုတတ်အောင် လေ့လာပါ။

ပစ္စည်းသက်ပုံ, ရုပ်ပြီးစီရင်ပုံ

ထို့ပြင် ဤဓာတ္ထုပန်းကုံး၌ ပစ္စည်းသက်ပုံ, ရုပ်ပြီးစီရင်ပုံ–စသည်တို့ကိုလည်း မှီငြမ်းပြုရာကျမ်းဂန်များ၏ အဆိုအမိန့်အတိုင်းပင် ပြဆိုထားပါသည်၊ ယင်းတို့ကို သိသာရုံမျှ ပြပါဦးမည်။

ကစ္စည်းမှာ စုရာဒိဂိဏ်း၌ ဏော, ဏာယ ၂–ပစ္စည်းသက်၍ မောဂ္ဂလ္လာန်မှာ ဏိ–ပစ္စည်းတစ်ခုသာ သက်ပါသည်၊ ဏိ–၏ ဏ–ကို ဧ–ပြုက ဏော–ဖြစ်၍ ဧ–ကို အယ–ပြုက ဏာယ–ဖြစ်လာသဖြင့် အဆို ကွဲသော်လည်း လိုရင်းသဘောမှာ မကွဲမပြား တစ်သားတည်းပင် ဖြစ်ပါသည်။

ထို့ပြင် ပယောဧကဗျာပါရ၌ ကစ္စည်းက ဏော, ဏာယ, ဏာပေ, ဏာပယ ၄–ပစ္စည်းသက်၍ မောဂ္ဂလ္လာန်က ဏိ, ဏာပိ ၂–ပစ္စည်းသာ သက်သည်၊ ဆိုခဲ့ပြီးသည့်အတိုင်း ဏိ–မှ ဏော, ဏာယ–ဖြစ်လာ၍ ဏာပိ–မှ ဏာပေ, ဏာပယ–ဖြစ်လာရကား အဆိုကွဲသော်လည်း သဘာဝမှာ အတူတူပင် ဖြစ်ပါသည်။

ဘုတ္တော–ကို ကစ္စည်းအလို ဘုဧဓာတ်နောင် တ–ပစ္စည်းသက်၍ ဓာတွန် ဧ–ကိုချေ၊ တ–ကိုလည်း ဒွေဘော်ပြု၍ ဘုတ္တ–ဟု ပြီးသည်၊ မောဂ္ဂလ္လာန်အလို ဘုဧဓာတ်နောင် တ–ပစ္စည်းသက်၍ ဓာတွန် ဧ–ကို ပရရုပ် တ်–ပြုလျက် ဘုတ္တ–ဟု ပြီးသည်။

သယာနော–စသည်၌ ပဒရူပသိဒ္ဓိက မာန–ကို အာန–ပြုစီရင်သည်၊ မောဂ္ဂလ္လာန်က မာန–၏ မ–ကို ချေ၍ စီရင်သည်၊ ရုပ်ပြီးလာသည့်အခါ မကွဲမပြား တစ်သားတည်းပင် ဖြစ်လာပါသည်။

ဤအမြွက်မျှ ပြဆိုချက်ဖြင့်ပင် ပစ္စည်းသက်ထားပုံ, ရုပ်ပြီးစီရင်ပုံတို့ကို အကုန်အစင် သိမြင်နားလည် ကြလိမ့်မည်–ဟု မျှော်လင့်ပါသည်။

ပဒဝိဘာဂသင်္ကေတများ

- ✓ ဤသင်္ကေတဖြင့် ဓာတ်ကိုပြပါသည်၊ ရှေ့မှာဤသင်္ကေတကိုတွေ့ပါက တွဲဖက်ပုဒ်ကို ဓာတ်–ဟု မှတ်ယူရပါမည်။
- \+ ဤသင်္ကေတဖြင့် ဥပသာရ(နိပါတ်)ပုဒ်ချင်းဖြစ်စေ, ဥပသာရ(နိပါတ်)နှင့် သုဒ္ဓနာမ်တို့ဖြစ်စေ, နာမ်ပုဒ်အချင်းချင်းဖြစ်စေ, နာမ်နှင့်ပစ္စည်းတို့ဖြစ်စေ, ဓာတ်နှင့်ပစ္စည်းဝိဘာတ်တို့ဖြစ်စေ ပေါင်းစပ်ထားပုံကို ပြပါသည်။

ကျမ်းညွှန်း

ဤဓာတ္ထုပန်းကုံး၌ ကိုးကားမှီငြမ်းပြုထားသော ကျမ်းဂန်များမှာ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများ, ဂဏ္ဌိရကျမ်းများ, သဒ္ဒါကျမ်းများ, အဘိဓာန်ကျမ်းများ–ဟူ၍ အုပ်စု ၄–ခု ပါဝင်နေပါသည်။

http://www.dhammadownload.com

ထိုတွင် ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများမှာ သာသနာရေးဦးစီးဌာနပုံနှိပ်မူများသာ ဖြစ်ပါသည်၊ ယင်းတို့နှင့်ပတ်သက်သော အညွှန်းများကိုလည်း တိ-ပိ-ဓာန်မူအတိုင်း ညွှန်းထားသည့်အတွက် အထူးညွှန်ကြားရန် မလိုတော့ပါ။

ဂန္ထန္တရကျမ်းညွှန်း

ဝိ-လံ = ဝိနယာလင်္ကာရဋီကာပါဠိ၊
ကင်္ခါ-မဟာဋီ = ကင်္ခါယောဇနာမဟာဋီကာပါဠိ၊
ပါရာ-ယော = ပါရာဇိကဏ်ယောဇနာ၊
ပါစိတျာဒိ-ယော = ပါစိတျာဒိယောဇနာ၊
ပါတိ-အနု = ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာပါဠိ၊
ဓိနာဋီ = ဓိနာလင်္ကာရဋီကာပါဠိ၊
အဋ္ဌ-ယော = အဋ္ဌသာလိနီယောဇနာ။

သဒ္ဒါကျမ်းညွှန်း

ကစ္စည်း = ကစ္စည်းသဒ္ဒါကြီးပါဠိ၊
ရူပ = ကစ္စည်းသဒ္ဒါအဖွင့်ရူပသိဒ္ဓိပါဠိ၊
ဂဠုန်ပုံ = ကစ္စည်းသဒ္ဒါအဖွင့်ဂဠုန်ပုံပါဠိ၊
ရူ = ပဒရူပသိဒ္ဓိပါဠိ၊
နီတိ-ဓာ = သဒ္ဒနီတိဓာတုမာလာပါဠိ၊
နီတိ-ပဒ = သဒ္ဒနီတိပဒမာလာပါဠိ၊
နီတိ-သုတ္တ = သဒ္ဒနီတိသုတ္တမာလာပါဠိ၊
မောဂ် = မောဂ္ဂလ္လာနဗျာကရဏ၊
မောဂ်-ပဉ္စိ = မောဂ္ဂလ္လာနပဉ္စိကာ၊
ပဉ္စိ-ဋီ = မောဂ္ဂလ္လာနပဉ္စိကာဋီကာ၊
ပဒသာဓန = ပဒသာဓနပါဠိ၊
ပဒသာဓန-ဋီ = ပဒသာဓနဋီကာ၊
နိရုတ္တိ = လယ်တီဆရာတော်၏နိရုတ္တိဒီပနီ။

အဘိဓာန်ကျမ်းညွှန်း

ဓာန် = အဘိဓာနပ္ပဒီပိကာပါဠိ၊
ဓာန်-ဋီ = အဘိဓာနပ္ပဒီပိကာဋီကာ၊
သူစိ = အဘိဓာနပ္ပဒီပိကာသူစိ၊
နိ-သစ် = အဘိဓာန်နိဿယသစ်၊
ဧ = ဧကက္ခရကောသပါဠိ၊
ဧ-ဋီ = ဧကက္ခရကောသဋီကာပါဠိ၊

http://www.dhammadownload.com

ဝါစပ္ပတိ = ဝါစပ္ပတိသက္ကတအဘိဓာန်၊
ကပ္ပဒုမ = သဒ္ဒတ္ထကပ္ပဒုမသက္ကတအဘိဓာန်၊
ထောမ = သဒ္ဒတ္ထထောမမဟာနိဓိသက္ကတအဘိဓာန်၊
ကောတ္ထုဘ = သဒ္ဒတ္ထကောတ္ထုဘသက္ကတဟိန္ဒီအဘိဓာန်၊
မိ၊ Mo = ဆာမိုနီယာ-မိုနီယာဝိလျံ၏ သက္ကတအင်္ဂလိပ်အဘိဓာန်၊
သူ = သူရယကာန္တ၏သက္ကတဟိန္ဒီအင်္ဂလိပ်အဘိဓာန်။

ညှိနှိုင်းသော အဘိဓာန်များ

A PRACTICAL SANSKRIT DICTIONARY.
PRACTICAL ဟိန္ဒီအင်္ဂလိပ်အဘိဓာန်၊
STANDARD ဟိန္ဒီအင်္ဂလိပ်အဘိဓာန်၊
မိနာကျီ ဟိန္ဒီအင်္ဂလိပ်အဘိဓာန်၊
နာလန္ဒာဝိသာလသဒ္ဒသာဂရ ဟိန္ဒီအဘိဓာန်၊
ဘာသာသဒ္ဒ ဟိန္ဒီအဘိဓာန်၊
ပြမာဏိက ဟိန္ဒီအဘိဓာန်၊
ဘာရတီယ ဟိန္ဒီအဘိဓာန်၊

ပန်ကြားချက်

ဤမျှဖြင့်ပင် ဤဓာတ္ထုပန်းကုံးနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သော အချက်အလက်များ ပြည့်စုံလုံလောက်ပြီ-ဟု ယူဆပါသည်၊ သို့သော် ဤမျှကျယ်ပြန့်သော အလုပ်ကို တစ်ဦးတည်းလုပ်ကိုင်ရာ၌ မည်မျှပင် ကိုယ်အားဉာဏ်အားစိုက်ထုတ်ကာ လုပ်ကိုင်စေကာမူ ချွတ်ယွင်းတိမ်းပါး လွဲမှားသော အချက်အလက်များ ကင်းလွတ်နိုင်မည် မထင်ပါ၊ ပါဝင်ကောင်းပါဝင်နေစရာ ရှိပါသည်။

ယင်းသို့ ချွတ်ယွင်းတိမ်းပါး လွဲမှားသော အချက်အလက်များကို တွေ့ရှိကြပါလျှင် အပြစ်မတင် အချစ်ဝင်လျက် ကြည်လင်ဝမ်းသာ ပြင်ဆင်ကြည့်ရှုကြရန်လည်း ပန်ကြားအပ်ပါသည်။

နေ့စွဲ၊ ၁၃၅၉-ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၅-ရက်။
(၁၆ / ၄ / ၉၈)

အရှင်ကုမာရ

http://www.dhammadownload.com

၁။ သရာဒိကဏ္ဍ

အံသ

စု= ဝိဘဇနသဃ်ာတေသု–ဝေဖန်ခြင်း, ပေါင်းစုခြင်းတို့၌၊ သိယာ–ဖြစ်၏။ အံသေတိ၊ အံသယတိ။

အံသ ၊ ပု ၊ [✓ အံသ+အ] အဖို့အစု၊ အစိတ်အပိုင်း၊ ပခုံး၊ အထောင့်၊ အမြှောင့်။

အံသိ ၊ ထိ ၊ [✓ အံသ+က္က+ဣ] အံသိယတေ သံဟနိယတေ ဇောယာတိ–အံသိ, အံသိ။ ဝါစပွတိ။ အထောင့်၊ အမြှောင့်။

အံသု ၊ န ၊ [✓ အံသ+ကု] ဝါစပွတိ။ ချည်မျှင်၊ အမွေး၊ အမျှင်၊ အရောင်အဆင်း။

အံဟ၊ အဟိ

ဘူ= ဂတိယံ–သွားခြင်း၌။ အံဟတိ။

စု= ဘာသန ဒိတ္တီသု–ပြောဆိုခြင်း, ထွန်းပခြင်းတို့၌။ အံဟေတိ၊ အံဟယတိ။

အဟိ ၊ ပု ၊ [✓ အဟိ+က္က] အဟိ–ဂမနေ၊ က္က ။ ဓာန်ဋီ၊ ၆၅၃။ နိပ္ပာဒေါပိ သမာနော(ခြေမရှိသော်လည်း) အံဟတိ ဂစ္ဆတိ, ဂန္တုံ သက္ကောတီတိ–အဟိ။ နီတိဓာ၊ ၁၉၆။ မောဂ်–၇၊ ၈။ မြွေ။

ဝလာဟ ၊ ပု ၊ [✓ ဝလ ✓ အဟိ+အ] လောကံ ဝါလေန္တာ သံဝရန္တာ ဆာဒေန္တာ အံဟန္တိ ပရိယေသေန္တီတိ–ဝလာဟာ၊ ဒေဝပုတ္တာ။ သံဋီ–၂၊ ၂၇၇။ မိုးနတ်သား၊ မိုးတိမ်၊ ဝလာဟမြင်း။ [ဝလဓာတု အဟိဓာတုဝသေန ဓာတုဒွယဝိသိဋ္ဌံ မစ္ဆယုဂလ ဓာတုနာ သိဒ္ဓမေတံ။ မစ္ဆယုဂလဓာတ်= ငါးကြင်း မြီးဓာတ်–ဟု ဆိုလိုသည်။]

ဝလာဟက ၊ ပု ၊ [✓ ဝလ ✓ အဟိ+ကွ] ဝါလေန္တော အံဟတိ ဂစ္ဆတီတိ–ဝလာဟကော၊ မိုးနတ်သား။ (ဝါရိ+ဝါဟက) ဝါရိနော ဝါဟကော–ဝလာဟကော။ မောဂ်–၁၊ ၄၇။ ဝါရိသဒ္ဒသဿ ဝါဒေသော၊ ဝါဟကသဿာဒိနော လာဒေသော၊ ဝါရိနော ဝါဟကောတိ အမာဒိသမာသော။ ၄င်း ပဥ္စိကာ။ မိုးတိမ်။

အက

ဘူ= ကုဋိလဂတိယံ–ကောက်တကျစ် သွားခြင်း၌။ အကတိ။

အက္ခ ၊ ပု ၊ [✓ အက+ခ] လှည်းဝင်ရိုး၊ အန်စာ။ တိ ။ သစ်ဆိမ့်။

အက္ခက ၊ ပု ၊ [✓ အက+ခ+က] သကတ္ထ က–ပစ္စည်း၊ ညှပ်ရိုး။

မန္ဒာကိနီ ၊ ထိ ၊ [မန္ဒ ✓ အက+ဏီ+ဣနီ] မန္ဒံ အကိတုံ သီလမဿာတိ–မန္ဒာကိနီ။ ဓာန်ဋီ၊ ၂၇။ နတ်မြစ်။

လဋုကိကာ ၊ ထိ ၊ [လေဋ္ဌု ✓ အက+ဏ္ဍု+အာ] လေဋ္ဌုဝိယ အကတီတိ–လဋုကိကာ။ ဓာန်ဋီ၊ ၆၃၉။ ဗီလုံးငှက်။ (လေဋ္ဌုကိကာ)လည်း ရှိ၏။

သာမာက ၊ ပု+န ၊ [သာမ ✓ အက+ဏ] သာမံ သာမဏ္ဍံ အကတီတိ–သာမာကော၊ တိဏဓညဘေဒေါ။ ကပ္ပဒုမ။ လမန်း၊ မြက်သီးစပါး၊ ဂျုံ၊ ဂျုံကြီးစပါး။ သာမက–ဟုလည်း ရှိသေး၏။ သာမာက–သာ အမှန်ဖြစ်သင့်သည်။

အကိ+အက်+အံက

ဘူ+စု= ဂတိ လက္ခဏေသု–သွားခြင်း, အမှတ်တံဆိပ်ခတ်နှိပ်ခြင်းတို့၌။ အက်တိ၊ အကေ်တိ၊ အက်ယတိ။

ဘူဝါဒိဂိဏ်း, စုရာဒိဂိဏ်းဆိုင်ရာ၌–

၁။ သံယုတ် အဆုံးမရှိခြင်း။

၂။ အနေကဿရဓာတ်ဖြစ်ခြင်း။

၃။ ဣအက္ခရာအနုဗန်ပါရှိခြင်း

ဤလက္ခဏာ ၃–မျိုးနှင့် ပြည့်စုံသောဓာတ်ဖြစ်လျှင် အမြဲ နိဂ္ဂဟိတ်လာရသည်။

* ဘူနှင့်စုဓာတ်၊ သံယုတ်လွတ်၍၊ နေကဿရ၊ ဣဆုံးက၊ လာရနိဂ္ဂဟိတ်။

အက် ၊ ပု ၊ [✓ အက်+အ] အက်–ဂမနတ္ထော၊ အ ၊ အကေ်။ အထဝါ အက်–လက္ခဏေ၊ အ ၊ အကေ်။ ဓာန်ဋီ၊ ၂၇၆။ ရင်ခွင်၊ ပေါင်ခွင်၊ ခါးထမ်း။

http://www.dhammadownload.com

အက်ီယတေ လက္ချယတေ အနေနေတိ–အင်္ကော။ ဓာန်ဋီ၊ ၅၅။ အမှတ်အသား၊ တံဆိပ်၊ လက်ရုံး၊ ပခုံး၊ သစ်ပင်ခွ။

အက်ီတ ၊ တိ ၊ [✓ အက်+တ] မှတ်သားအပ်သော၊ ထွင်းဖောက်အပ်သော။

အက်ုရ ၊ ပု+နဲ ၊ [✓ အက်+ဥရ] အက်–လက္ခဏေ၊ အက်ီယတိ လက္ခီယတီတိ–အက်ုရော= ဗီဇပသဝေါ။ မောဂ်–၇၊ ၁၄၇။ အညှောက်၊ အညွန့်၊ အက်ုရက [အက်ုရ+က] အညွန့်။

အက်ုသ ၊ ပု+နဲ ၊ [✓ အက်+သက်] အံကိသ ဥက် (အံကဓာတ်၏အန္တာဝယဝ ဥ–လာ) အင်္ကေတိ အနေန အညေတိ–အက်ုသော= ဂဇပတောဒေါ။ မောဂ်–၇၊ ၂၁၅။ ချန်း၊ တံချူ၊ ချိတ်(ဆင်စွယ်ကောက်)။ အက်ုသက–ချန်း၊ တံချူ။

အင်္ကောလ ၊ ပု ၊ [✓ အက်+ဩလ] အက်–လက္ခဏေ၊ ဩလော၊ အင်္ကောလော။ ဓာန်ဋီ၊ ၅၅၇။ အံကီယတေ လက္ခီယတေ ကီလကေဟီတိ–အံကောလော။ သူစိ။ မှန်ကူပင်၊ စက္ကတုံးပင်။ **အင်္ကောလက** [အင်္ကောလ+က] မှန်ကူပန်း၊ စက္ကတုံးပန်း။

ပလ္လက် ၊ ပု ၊ [ပရိ ✓ အကိ+ဏ] ပရိပုဗ္ဗော အကိ–လက္ခဏေ၊ ဏော၊ ဣလောပေါ၊ ရဿ လတ္တံ။ ဓာန်ဋီ၊ ၃၀၈။ ပလ္လင်၊ ခုတင်၊ အခြေ၌ သားရဲရုပ်တပ်သော အင်းပျဉ်၊ ထက်ဝယ်ဖွဲ့ခွေနေခြင်း။

အက္ကာ

စု= ထဝန တာပနေသု–ချီးမွမ်းခြင်း, ပူလောင်ခြင်းတို့၌။ အက္ကေတိ၊ အက္ကယတိ။

အက္ကာ ၊ ပု ၊ [✓ အက္ကာ+အ] မဟာဇုတိတာယ အက္ကိယတိ အဘိတ္ထဝိယတိ တပ္ပသန္နေဟိ ဇနေဟီတိ–အက္ကော၊ သူရိယော။ နီတိဓာ၊ ၂၈၃။ အက္ကယတိ တာပေတိ အက္ကီယတိ ထဝိယတီတိ ဝါ–အက္ကော။ ဓာတွတ္ထ။ မုရိုးပင်၊ မုရိုးလျှော်။

အက္ခ

ဘူ+သွာ= ဗျာပန ဒဿန သံဟတေသု–ပျံ့နှံ့ခြင်း, မြင်ခြင်း, ပေါင်းစုခြင်းတို့၌။ အက္ခတိ၊ အက္ခဏောတိ။

အက္ခ ၊ ပု ၊ [✓ အက္ခ+အစ်] ကောတ္ထုဘ။ ဝင်ရိုး၊ ကြွေအန်စာ၊ ဣန္ဒြေ၊ တရားဆုံးဖြတ်ရာ၊ သစ်ဆိမ့်ပင်။

အက္ခက ၊ ပု ၊ [✓ အက္ခ+ဏ္ဍု] ညှပ်ရိုး။

အက္ခိ ၊ နဲ ၊ [✓ အက္ခ+ဣ] အက္ခ–ဗျာပန ဒဿနေသု။ အက္ခတိ ဝိသယေသု ဗျာပီ ဘဝတိ၊ အက္ခတိ ဝါ ပဿတိ ဧတေနာတိ–အက္ခိ။ ဓာန်ဋီ၊ ၁၄၉။ မျက်စိ။

အဂ+အဂ္ဂ

ဘူ= ကုဋိလဂတိယံ–ကောက်တကျစ် သွားခြင်း၌။ အဂတိ၊ အဂ္ဂတိ။

အဂ္ဂတိ ။ [✓ အဂ္ဂ+အ+တိ] သွား၏၊ ဖြစ်၏၊ လှည့်လည်၏။

အဂါရ ၊ နဲ ၊ [✓ အဂ+အရ] အဂ–ကုဋိလဂမနေ။ အဂန္တိ ဂစ္ဆန္တိ ဧတ္ထာတိ–အဂါရံ= ဃရံ။ မောဂ်–၇၊ ၁၆၄။ အိမ်။ (အိမ်ထောင်၊ လူ့ဘောင်။)

အဂ္ဂလ ၊ ပု+နဲ ၊ [✓ အဂ္ဂ+အလ] အဂ္ဂ–ဂတိကောဋိလ္လေ၊ အဂ္ဂလံ။ ရူ၊ ၆၇၅။ အဂ္ဂေ ဂတိကောဋိလ္လေ အလန္တိ–အဂ္ဂလံ။ ကစ္စည်း၊ ၆၆၅။ အဂ္ဂတိ ကုဋိလံ ဂစ္ဆတီတိ–အဂ္ဂလံ။ ရူဘာဋီ။ တံခါးကျည်(မင်းတုပ်)၊ တံခါးရွက်။

အဂ္ဂိ ၊ ပု ၊ [✓ အဂ္ဂ+ဣ] အဂ္ဂတိ ကုဋိလဘာဝံ ဂစ္ဆတီတိ–အဂ္ဂိ။ ကစ္စည်း၊ ၆၆၉။

[✓ အဂ+ဂိ] အဂ–ကုဋိလဂမနေ။ အဂတိ ကုဋိလော ဟုတွာ ဂစ္ဆတီတိ–အဂ္ဂိ= ပါဝကော။ မောဂ်–၇၊ ၃၄။ မီး။

ဒါနဂ္ဂ ၊ နဲ ၊ [ဒါန ✓ အဂ္ဂ+ဏ] အဂ္ဂ–ဒါနေ၊ ဒါနံ အဂ္ဂီယတိ ဒီယတျသို့နှိ–ဒါနဂ္ဂံ= ပရိဝေသနဌာနံ။ ဓာန်ဋီ၊ ၄၁၉, အံဋီ–၃၊ ၂၈၈။ အလှူဝတ္ထုကို ပေးလှူရာဌာန၊ အလှူမဏ္ဍပ်၊ –ဇရပ်၊ –တင်းကုပ်။

အဂိ+အင်္ဂ+အင်္ဂ

ဘူ+စု= ဂတိ, သဉ်္ဂာနင်္ကေသု–သွားခြင်း, ရေတွက်ခြင်း, အမှတ်တံဆိပ် ခတ်နှိပ်ခြင်းတို့၌။ အင်္ဂတိ၊ အင်္ဂေတိ၊ အင်္ဂယတိ။

အဂ္ဂိနိ ၊ ပု ၊ [✓ အဂိ+နိ] နိ–၌ နဲ–ကို မချေရ။ အင်္ဂတိ ဥဒ္ဓံ ဂစ္ဆတီတိ–အဂ္ဂိ။ ဝါစပ္ပတိ။ သက္ကတ–၌ ပဒ္ဓ–သည် ပါဋိ–၌ ပဒုမ–ဖြစ်လာသကဲ့သို့ အဂ္ဂိ–မှ အဂ္ဂိနိ–ဟု ဖြစ်လာရသည်။ နီတိပဒ၊ ၂၄၇။ မီး။

(နီတိပဒ၊ ၂၄၇–နှင့် နိရုတ္တိနှာ ၁၀၃–တို့မှာ မီးဟော ဂိနိ–သဒ္ဒါလည်း ရှိသေးကြောင်း မိန့်ဆိုထားကြပါသည်၊ အဘိဓာနပ္ပဒီပိကာ၌လည်း အဂ္ဂိ ဂိနိ–ဟု မိန့်ဆိုထားပါသည်။)

http://www.dhammadownload.com

ဂိနိ ၊ ပု ၊ [ဂေါ+ဣနိ] ဂေါရံသိ ဧတသတ္ထီတိ-ဂိနိ၊ အသတ္ထျတ္ထေ ဣနိ။ ဓာန်ဋီ၊ ၃၃။ မီး။

အင်္ဂ ၊ နာ ၊ [√အင်္ဂ+အ] အင်္ဂ-ဂတျတ္ထော၊ အ။ ဓာန်ဋီ၊ ၂၇၈။ ကိုယ်အင်္ဂါ။

အင်္ဂ ၊ နာ ၊ [√ အင်္ဂ+အ] အင်္ဂယတေ ဥာယတေ ဧတေန သမုဒါယောတိ-အင်္ဂ။ သူစိ။ အစိတ်အပိုင်း, အဖို့အစု, အကြောင်း, အမှတ်အသား(လက္ခဏာ), အပေါင် (ညောင်စောင်းအပေါင်-စသည်)။ ပု-ဗ ၊ အင်္ဂတိုင်း။

အင်္ဂဏ ၊ နာ ၊ [√ အင်္ဂ+ယု] အင်္ဂတိ ဧတေန, ဧတ္ထ ဝါတိ- အင်္ဂဏံ။ အင်္ဂ-ဂမနေ၊ ယု။ နသ ဏော။ သူစိ။ အိမ်အပြင် ကြမ်းအပြင်၊ ကွင်းပြင်၊ မြေကွက်လပ်။ အင်္ဂန္တိ ဧတေဟိ တံသမင်္ဂီပုဂ္ဂလာ နိဟီနဘာဝံ ဂစ္ဆန္တီတိ-အင်္ဂဏာနိ၊ ရာဂါဒယော။ မဋီ-၁၊ ၂၄၅။ ကိလေသာအညစ်အကြေး၊ ရာဂ-စသည်။

အင်္ဂဒ ၊ နာ ၊ [√အင်္ဂ+ဒ] အင်္ဂ-ဂမနေ၊ ဒေါ။ ဓာန်ဋီ၊ ၂၈၇။ လက်ကြပ်။

အင်္ဂနာ ၊ ထီ ၊ [√ အင်္ဂ+ယု+အာ] အင်္ဂ-ဂမနတ္ထော၊ ယု။ အင်္ဂနာ။ ဓာန်ဋီ၊ ၂၃၀။ မိန်းမ။
[အင်္ဂ+နာ+အာ] ပသတ္ထံ အင်္ဂ အတ္ထိ ယဿာတိ-အင်္ဂနာ။ ကောတ္ထုဘ။ တင့်တယ်လှပသော အမျိုးသမီး။

အင်္ဂါရ ၊ ပု+နာ ၊ [√ အင်္ဂ+အာရ] အင်္ဂ-ဂမနတ္ထော။ အင်္ဂတိ ဝိနာသံ ဂစ္ဆတီတိ-အင်္ဂါရော၊ ဒမုကဋ္ဌံ။ မောဂ်-၇၊ ၁၆၄။ မီး၊ မီးကျီး၊ မီးသွေး။

အင်္ဂုဋ္ဌ ၊ ပု ၊ [√ အင်္ဂ+ဌ] အင်္ဂ-ဂမနတ္ထော၊ ဌော။ အသုတ္တံ။ [အဂ္ဂ √ ဌာ+အ] အဂ္ဂေ ပုရေ တိဋ္ဌတီတိ ဝါ-အင်္ဂုဋ္ဌော၊ နိဂ္ဂဟီတာဂမော, အသုတ္တံ, ဝိသံယောဂတ္တဥ။ သူစိ။ လက်မ၊ ခြေမ။
အင်္ဂုဋ္ဌက [အင်္ဂုဋ္ဌ+က] လက်ချောင်း။

အင်္ဂုလ ၊ ပု+နာ ၊ [√အင်္ဂ+ဥလ] အင်္ဂ-ဂမနတ္ထော။ အင်္ဂန္တိ ဧတေန ဇာနန္တီတိ-အင်္ဂုလံ၊ ပမာဏံ။ မောဂ်-၇၊ ၁၉၅။ လက်သစ်၊ လက်ချောင်း ခြေချောင်း။
အင်္ဂုလိက [အင်္ဂုလ+ဣက] လက်ချောင်းရာ။

အင်္ဂုလိ ၊ ထီ ၊ [√အင်္ဂ+ဥလိ] အင်္ဂတိ ဥဂ္ဂစ္ဆတီတိ-အင်္ဂုလိ= ကရသာခါ။ မောဂ်-၇၊ ၁၉၅။ လက်ချောင်းခြေချောင်း။
အင်္ဂုလိကာ [အင်္ဂုလိ+က+အာ] လက်ချောင်း။

နင်္ဂုဋ္ဌ ၊ ပု+နာ ၊ [နာ √အင်္ဂ+ဌ] နာ အင်္ဂတိ ဂစ္ဆတီတိ-နင်္ဂုဋ္ဌော။ အင်္ဂ-ဂမနေ၊ ဌော၊ အသု။ ဓာန်ဋီ၊ ၃၇၁။ အမြီး၊ မြီးထူး။

ပင်္ဂုဋ္ဌ ၊ ပု ၊ [ပရ √အင်္ဂ+ဥလ] ပရေန အင်္ဂတီတိ-ပင်္ဂုဋ္ဌော၊ ဥလော။ ဓာန်ဋီ၊ ၃၂၀။ ဆွံ့သောသူ၊ သူဆွံ့။

ပင်္ဂု ၊ ထီ+ပု ၊ [ပရ √အင်္ဂ+ဥ] ဥပစ္စယေ ပင်္ဂု၊ ဒွီသု။ ဓာန်ဋီ-၃၂၀။ ဆွံ့သောသူ၊ သူဆွံ့။

သမင်္ဂ ၊ ထီ+ပု ၊ [သံ √ အင်္ဂ+အ] တကွဖြစ်ခြင်း၊ ပြည့်စုံခြင်း၊ ရောနှောခြင်း၊ လိမ်းကျံခြင်း။ **သမင်္ဂီ၊ သမင်္ဂိနီ၊** ရှိသော၊ ပြည့်စုံသော။

ပိယင်္ဂု ၊ ထီ ၊ [ပိယ √ အင်္ဂ+ဥ] ပိယဘာဝံ အင်္ဂတီတိ-ပိယင်္ဂု။ ဓာန်ဋီ၊ ၄၅၂။ ဆပ်၊ ဥပါသကာပင်။

ဗိဋ္ဌင်္ဂ ၊ ပု+နာ ၊ [ဝိ √အင်္ဂ+အ] အင်္ဂ ရင်္ဂ လင်္ဂ ဂတျတ္ထာ ဒဏ္ဍကာ ဓာတူ။ အ၊ ဋတ္တံ၊ ဗိဋ္ဌင်္ဂ။ ဓာန်ဋီ၊ ၅၈၆။ အိပ်မွေ့ပင်။

လဝင်္ဂ ၊ ပု+နာ ၊ [√လူ √အင်္ဂ+ဥ] ရောဂံ လုနန္တော အင်္ဂတိ ဂစ္ဆတီတိ-လဝင်္ဂေါ။ ဓာန်ဋီ၊ ၃၀၃။ လေးညှင်း။

ဝက္ကင်္ဂ ၊ ပု ၊ [ဝက္က √အင်္ဂ+အ] ဝက္ကေန ဂမနေန အင်္ဂတီတိ-ဝက္ကင်္ဂေါ။ ဓာန်ဋီ၊ ၆၂၅။ ၄က်။

အဃ

စု= ပါပကရဏေ-မကောင်းမှုကို ပြုခြင်း၌။ အဃေတိ၊ အဃယတိ။

အဃ ၊ ပု+နာ ၊ [√ အဃ+အ] အဃယန္တိ ပါပံ ကရောန္တိ သတ္တာ ဧတေနာတိ-အဃံ= ဒုက္ခံ။ ဧဝံ အဃော-ကိလေသော။ နီတိဓာ၊ ၂၉၀။ ဆင်းရဲခြင်း ဆင်းရဲ၊ ကိလေသာ။
အဃာဝီ [အဃ+အာဝီ] အဃံ ဂစ္ဆတီတိ-အဃာဝီ၊ မောဂ်-၄၊ ၁၂၀။ ဆင်းရဲခြင်းသို့ ရောက်သော ဆင်းရဲကို ထင်ရှားပြတတ်သော။

အဂ္ဃ

ဘူ= မူလျေ-အဖိုးဖြတ်ခြင်း, အဖိုးထိုက်တန်ခြင်း၌၊ အဂ္ဃတိ။

အဂ္ဃတိ ။ [√အဂ္ဃ+အ+တိ] အဖိုးထိုက်၏၊ အဖိုးတန်၏၊

အဂ္ဃ ၊ ပု ၊ [√ အဂ္ဃ+အ] အဖိုး-တန်ဖိုး၊ အဖိုး-အခတံစိုး-လက်ဆောင်၊ အရင်းအနှီးဥစ္စာ၊ အပိုင်းအခြားထိုက်တန်သော။ နာ ။ဧည့်သည်တို့အား ပေးကမ်

http://www.dhammadownload.com

ဖွယ်၊ ညှဉ်ဝတ်ပြုခြင်း။ အဋ္ဌ–ပူဇာယဲ၊ အ။ ဓာန်ဦ၊ ၄၂၄။

အဋ္ဌန ၊ ထိ ၊ [✓အဋ္ဌ+ယု] အဖိုးထိုက်သော၊ အဖိုးတန်သော။ **အဋ္ဌနက** [အဋ္ဌန+က] အဖိုးထိုက်တန်သော။ သကတ္ထ က၊ **အဋ္ဌနိက**–အဖိုးထိုက်တန်သော။

အဋ္ဌိယ ၊ န ၊ [✓အဋ္ဌ+ဏျ] ညှဉ်းဆဲညည်တို့အား ပေးကမ်းဖွယ်၊ ညှဉ်ဝတ်ပြုခြင်း။ တိ ။ [အဋ္ဌ+ဣယ] တန်ဖိုးရှိသော၊ တန်ဖိုးကျသင့်သော၊ ဂုဏ်ပြုခံရာ (မဏ္ဍပ်၊ ပြာသာဒ်၊ တဲ၊ နန်း)၊ တုရိဏ်တိုင်၊ စေတီသဏ္ဌာန်ချုပ်ခြင်း။

အဋ္ဌိပေတိ ။ [✓အဋ္ဌ+ဏာပေ+တိ] ထိုက်တန်စေ၏၊ တန်ဖိုးပြတ်စေ၏၊ တန်ဖိုးဖြတ်၏။ အဋ္ဌိပေတုံ၊ အဋ္ဌိပေတွာ၊ အဋ္ဌိပေန္တ၊ တန်ဖိုးထိုက်သော၊ မာန–ကို အန္တ–ပြန်က တန်ဖိုးဖြတ်အပ်သော။ ဝိ–၁၊ ၈၆။

အဋ္ဌိပန ၊ န ၊ [✓ အဋ္ဌ+ဏာပေ+ယု] တန်ဖိုးဖြတ်ခြင်း။ **အဋ္ဌိပနိက** [အဋ္ဌိပန+ဏိက]။ **အဋ္ဌိပနိယ** [အဋ္ဌိပန+ဣယ] ။ တိ ။တန်ဖိုးဖြတ်သော ရာဖြတ်။

အစိ၊ အဥ္ဇ၊ အဥ္ဇု၊ အန္ခ၊ အန္ခု

ဘူ+စု= ဂတိ ပူဇာ ဝိသေသေသု–သွားခြင်း, ပူဇော်ခြင်း, အထူးပြုခြင်းတို့၌။ အဥ္ဇတိ၊ အဥ္ဇေတိ၊ အဥ္ဇယတိ။ အန္ခ–ဂတိယံ ပူဇာယဥ္ဇ အဗျတ္တသဒ္ဒေ စ၊ အဥ္ဇတိ။ ဝါစပတိ။

အဥ္ဇတိ ။ [✓အဥ္ဇ+အ+တိ] ငင်၏၊ ကဲ့၏၊ ခပ်၏၊ ဏော–ပစ္စည်း အကျေကြိုက တွန့်စေ၏။

အဥ္ဇိတ ၊ တိ ၊ [✓အဥ္ဇ+တ] သွားသော။ ဥဒ္ဒံ အနုဂန္တွာ တိရိယံ အဥ္ဇိတာတိ–**တိရစ္ဆာနာ**။ အဘိဥ–၂၊ ၄၃၅။

အပါစိ ၊ ထိ ၊ [အပ ✓အန္ခ+ကွိ+ဣ] အပါဥတိတိ–(ကင်းကွာသွားတတ်သောကြောင့်) အပါစိ။ ဝါစပတိ။ တောင်အရပ်။ မဇ္ဈေ အပါယံ အဥ္ဇတိ ယသဲ ရဝိ, သာ–အပါစိ။ မဇ္ဈထ္ထောယံ အပသဒ္ဒေါ့ ယထာ အပဒိသန္တိ၊ အဝါစိတိပိ ပါဠော။

[အဝ ✓အဥ္ဇ+ကွိ+ဣ] အဝပုဗ္ဗော အဥ္ဇ–အဓေမုခီဘာဝေ၊ အဝဥ္ဇတိ အဓောမုခီ ဘဝတိ ယသဲ ရဝိ, သာ–အဝါစိ။ ဥဏ္ဏာဒိကေ ဝါ တဗ္ဘိ ယောဂေ ကရောန္တော ယသဲ ရဝိ အဥ္ဇတိ, သာ–အဝါစိ။ ဓာန်ဦ၊ ၂၉။ တောင်အရပ်။

ဥဇုက် ၊ ပု ၊ [ဥ ✓အဥ္ဇ+ဏ] ပါဠိဥ၌ အ–ကို ဥ–ပြု၊ ဇ–လာ၊ ဥဇုက်။ [ဥဒက်–သံ။ ဆိ, သို့မဟုတ် ထောပတ်ထည့်ရန် သားရေဖြင့် ပြုလုပ်ထားသော ဗူးကလေး။ ကောတ္ထုဘာ။] ရေမှုတ်၊ ယောက်ချို့၊ ဖွန်း။

ဥဒိစိ ၊ ထိ ၊ [ဥ ✓အဥ္ဇ+ကွိ+ဣ] ဥတ္တရဒိသာ။ ကောတ္ထုဘာ။ အ–ကို ဣ–ပြု၊ ဒ–လာ၊ ဥ–ကိုချေ၊ ဥဒိစိ၊ မြောက်အရပ်။ ဥဒ္ဒံ အန္ခတိ ရဝိ ယသဲ, သာ–ဥဒိစိ၊ [ဥ+ဒ ✓ အန္ခ+ကွိ+ဣ] ယသဲ ဝါသိတဝိယောဂံ ဒတွာ အန္ခတိ, သာ–ဥဒိစိ၊ ဝိယောဂတ္ထဝါစကော ဟေတ္ထ ဥကာရော၊ ဒသဒ္ဒေါ ဒါနတ္ထော။ ဓာန်ဦ၊ ၂၉။ မြောက်အရပ်။

တိရဏ္ဆ၊ တိရစ္ဆာန ၊ ထိ+ပု ၊ **တိရစ္ဆာနကထ** ၊ တိ ၊ [တိရိယ ✓အဥ္ဇ+ဏ] တိရိယံ အဥ္ဇယတီတိ–တိရစ္ဆော၊ တိရိယဿ တိရော၊ အဥ္ဇတိဿ (အဥ္ဇ ဓာတ်ကို) စ္ဆော(စ္ဆ–ပြု)၊ ယုမှိ တိရစ္ဆာနော၊ တိရစ္ဆာနောယေဝ–တိရစ္ဆာနဂတံ။ ဓာန်ဦ၊ ၁၄၈။ တိရစ္ဆာန်။

တိလိဆ္ဆ ၊ ပု ၊ [တိရိယ ✓အဥ္ဇ+ဏ] တိရိယံ အဥ္ဇတီတိ–တိလိစ္ဆော၊ ယဒါဒိ။ ဓာန်ဦ၊ ၆၅၁။ စပါးအုံး။

နိစ ၊ တိ ၊ [နိ ✓အဥ္ဇ+ဏ] ဥဒ္ဒံ န အဥ္ဇတီတိ–နိစော။ အဥ္ဇ–ဂမနေ၊ ဏော၊ အကာရ ဥကာရာနံ လောပေါ၊ နိသဒ္ဒေါ အတြ နိသေဓေ။ ဓာန်ဦ၊ ဂဝစ။ မမြင့်သော၊ ပု–တိသော။ **သုနိစ**၊ အလွန်နိမ့်ကျသော၊ အလွန်နိမ့်ချသော။ သုနိစ ဝုတ္တိ။

ပရိယုဒဉ္ဇန ၊ န ၊ [ပရိ+ဥ ✓အဥ္ဇ+ယု] ပရိတော ဥဒဉ္ဇတေ ဂယှတေတိ–ပရိယုဒဉ္ဇနံ။ ဓာန်ဦ၊ ၄၇၁။ ကြွေးမြီ။

ရောမဥ္ဇ ၊ ပု ၊ [ရောမ ✓အဥ္ဇ+ဏ] ရောမာနံ အဥ္ဇနံ–ရောမဥ္ဇော၊ အဥ္ဇ–ဂမနေ၊ ဏော။ ဓာန်ဦ၊ ၁၇၅။ ကြက်သီးမွေးညင်းထခြင်း။

ပတိစိ ၊ ထိ ၊ [ပဋိ ✓အန္ခ+ကွိ+ဣ] ပစ္ဆာ ဒိဝါဝ သာနေ အန္ခတိ ရဝိ ယသဲ, သာ–ပတိစိ။ အထဝါ ပတိန္ခတိ ပစ္ဆာဘာဝမာပဇ္ဇတေတိ–ပတိစိ။ ဓာန်ဦ၊ ၂၉။ အနောက်အရပ်။

ပါစိ ၊ ထိ ၊ [ပ ✓အန္ခ+ကွိ+ဣ] ပဌမံ ပါတော အန္ခတိ ရဝိ ယသဲ, သာ–ပါစိ၊ နကာရလောပေါ။ အထဝါ ပန္ခတိ ပုဗ္ဗဘာဝမာပဇ္ဇတေတိ–ပါစိ။ ဓာန်ဦ၊ ၂၉။ အရှေ့အရပ်။

ဥဒဉ္ဇန ၊ န ၊ [ဥ ✓အဥ္ဇ+ယု] ရေပုံး၊ ရေငင်ပုံး။

http://www.dhammadownload.com

ကဋ္ဌကဋ္ဌက ၊ တိ ၊ [ကဋ္ဌက ✓ အဋ္ဌ+ကော+ကွ] ယာစတေ ဒိသွာ ကဋ္ဌကဘာဝေန စိတ္တံ အဋ္ဌတိ သင်္ကော်စေတီတိ–ကဋ္ဌကဋ္ဌကော။ အဘိဒ–၁၊ ၄၀၇။ ဝန်တိုသော။ **ကဋ္ဌကဋ္ဌကတာ**၊ ဝန်တိုသူ၏အဖြစ်။

သာမိစိ ၊ ထိ ၊ [သံ ✓အဋ္ဌ+ကို+ဤ] ဥ–ကိုချေ၊ အ–ကို ဤ–ပြု၊ နိဂ္ဂဟိတ်ကို မ–ပြု၊ သ–၏ အ–ကို ဒီဃပြု။ တစ်နည်း= [သမ္မာ+ကော+ဤ] စ–လာ၊ အာ–ကို ဣ–ပြု၊ မ–သံယုတ်ကိုချေ၊ ဝုဒ္ဓိပြု၊ သမ္မာ ဘာဝေါ–သာမိစိ။ မောဂ်–၄၊ ၅၉၊ နိသျ။ အရိုအသေ ပြုခြင်း၊ ကျင့်ဝတ်တရား။ (သာမိစိ၊ သာမိစိ၊ သာမိစိ။)

သာမိစ ၊ တိ ၊ [သံ ✓အဋ္ဌ+ကော] ဥ–ကိုချေ၊ အ–ကို ဤ–ပြု၊ နိဂ္ဂဟိတ်ကို မ–ပြု၊ ဒီဃလည်းပြု။ တစ်နည်း= [သာမိစိ+ကော] သာမိစိနာ ကတ္တာဗ္ဗံ–သာမိစံ၊ ကမ္မံ။ ပါစိတျာဒိ၊ ၆၈၂။ ရိုသေမှု။

အစ္စ

ဘူ+စု= ပူဇာယံ–ပူဇော်ခြင်း၌။ အစ္စတိ၊ အစ္စေတိ၊ အစ္စယတိ။

အက္က ၊ ပု ၊ [✓ အစ္စ+ကော] ဒေဝေဟိပိ အစ္စတေ ပူဇီယတေတိ–အက္ကော။ ဓာန်ဦ၊ ၆၃။ နေ။ အက္ကော သူရိယော တပ္ပရိယာယနာမကတ္တာ–အက္ကော။ ဓာန်ဦ၊ ၅၈၁။ မုရိုးပင် (ငဖြူကြီး)။

အစ္စနာ ၊ ထိ ၊ [✓ အစ္စ+ယု+အာ] အစ္စ–ပူဇာယံ၊ ယု။ ဓာန်ဦ၊ ၄၂၅။ ပူဇော်ခြင်း။

အစ္စိ ၊ ထိ+န ၊ [✓အစ္စ+က္က] အစ္စ–ပူဇာယံ၊ အစ္စိယတိ ပူဇီယတီတိ–အစ္စိ= ဇလာ။ မောဂ်–၇၊ ၇။ မီးလျှံ၊ မီးတောက်၊ အရောင်။

အစ္စိတ ၊ တိ ၊ [✓ အစ္စ+တ] အစ္စ–ပူဇာယံ။ ဓာန်ဦ၊ ၇၅၀။ ပူဇော်အပ်သော၊ အလေးအမြတ်ပြုအပ်သော။

အစ္စိတုံ [✓ အစ္စ+တုံ] ပူဇော်ခြင်းငှာ။

အစ္ဆ

ဘူ= ဒဿန ဗျာပနေသု–ကြည့်ရှုခြင်း, ပျံ့နှံ့ခြင်းတို့၌။ အစ္ဆတိ။

အစ္ဆိ ၊ န ၊ [✓ အစ္ဆ+က္က] အစ္ဆ–ဒဿန ဗျာပနေသု၊ က္က-အစ္ဆိ။ ဓာန်ဦ၊ ၁၄၉။ မျက်စိ၊ မျက်ကွင်း၊ အကွက်၊ အပေါက်။

အဆိ၊ အဋ္ဌ

ဘူ= အာယာမေ–ရှည်လျားကျယ်ပြန့်အောင် ဆွဲငင်ခြင်း၌။ အဋ္ဌတိ။

အဋ္ဌတိ ။ [✓ အဋ္ဌ+အ+တိ] ဆွဲငင်၏၊ ဆန့်၏။ အဋ္ဌန၊ အဋ္ဌန္တ၊ အဋ္ဌတွာ။

ဝိပလုဂ္ဂ ၊ တိ ၊ [ဝိ+ပ ✓လုဇ+ဏ္ဍ] ဖျက်ဆီးအပ်သော၊ မှုန့်မှုန့်ညက်ညက်ပြုအပ်သော။

မာတုလုဂ် ၊ ပု ၊ [မတ္တ ✓လုဇ+ဏ] မတ္တော လုဇ္ဇတိ ယေန-မာတုလုဂေါ်။ ဓာန်ဦ၊ ၅၇၇။ ရှောက်, ရှောက်ကြီး, သံပရိ၊ ကျဲကော။ မာတုလုဂ်က။

မတ္ထလုဂ် ၊ န ၊ [မတ္ထ ✓လုဇ+ဏ] မတ္ထံ လုဇတိ အဘိဝတိ ယေနာတိ-မတ္ထလုဂ်ံ ၊ ဦးနှောက်။ တိပိ-ဓာန်။ [မတ္ထ+လိဂ်] မတ္ထုက္ကဝ လိဂ်ံ သာဒိသံ အဿာတိ-မတ္ထလုဂ်ံ၊ ပိသော= ဥ-ကို အ, က္က-ကို ဥ-ပြု။ ကောတ္ထုဘ။ ဦးနှောက်။

လုဇိ၊ လုဥ္ဇ

စု= ဒိတ္တိ ဒါန သမတ္ထေသုစ-ထွန်းပခြင်း, ပေးခြင်း, စွမ်းနိုင်ခြင်းတို့၌လည်းကောင်း၊

ဟိ်ံသာ နိကေတနေသုစ-ညှဉ်းဆဲခြင်း, နေခြင်းတို့၌လည်းကောင်း။ လုဇ္ဇေတိ၊ လုဥ္ဇယတိ။

လုဋ္ဌ

ဘူ+စု= ဇတေ-ထွန်းပခြင်း၌။

ဒိ+ဘူ= ဝိလောဠ ဝိဃာတေသု-မွေနှောက်ချောက်ချားခြင်း, ပင်ပန်းညှိုးခွေခြင်းတို့၌။ လောဋ္ဌတိ၊ လောဋ္ဌယတိ၊ လောဋ္ဌတိ။

http://www.dhammadownload.com

လုဋ္ဌ၊ လုဏ္ဌ

ဘူ+စု= ထေယျာ'ဝမညေသု–ခိုးဝှက်ခြင်း, မထေမဲ့မြင်အောက်မေ့ခြင်းတို့၌။ လုဏ္ဌတိ၊ လုဏ္ဌယတိ၊ လုဏ္ဌကော။

လုဍ္ဌ

ဘူ= ပဋိဃာတ ပတနေသု–ထိပါးနှိပ်စက် ဖျက်ဆီးခြင်း, အောက်သို့ကျခြင်းတို့၌။ လောဍ္ဌတိ။

စု= ထေယျေ–ခိုးခြင်း၌။ လောဍ္ဌေတိ၊ လောဍ္ဌယတိ။

ဝိလောထေတိ ။ [ဝိ ✓ လုဍ္ဌ+အ+တိ] မွေနှောက်၏၊ နှိပ်စက်ဖျက်ဆီး၏။ ဝိလောထန၊ လုဍ္ဌတွာ၊ လူးလိမ့်၍၊ အထက်အောက်ပြန်လှန်၍။

လုဍ္ဍိ၊ လုဏ္ဍ

ဘူ+စု= အာလသိယ ခဏ္ဍန ဂတိ ထေယျေသု–ပျင်းရိညဲ့ဖျင်းခြင်း, ခြေခွင်ခြင်း, သွားခြင်း, ခိုးခြင်းတို့၌။ လုဏ္ဍတိ၊ လုဏ္ဍေတိ၊ လုဏ္ဍကော၊ ခိုးသူ။

လုဒ္ဓိ၊ လုဏ္ဍ

ဘူ+စု= ထေယျေ–ခိုးခြင်း၌။ လုဏ္ဍတိ၊ လုဏ္ဍေတိ၊ လုဏ္ဍယတိ၊ –တေ။

လုထိ

ဘူ= ဟိံသာ သံကိလေသေသု–ညှဉ်းဆဲခြင်း, ညစ်ညူးပူပန်ခြင်းတို့၌။ လုန္ထတိ။

လုဓ

ဘူ= ဥပဃာတေ–သတ်ခြင်း၌။ လုဓတိ။

လုဓတိ ။ [✓ လုဓ+အ+တိ] အပြန်ပြန် အလှန်လှန် လူးလိမ့်၏။ မူဋီ–၂၊ ၆၆။

လုဒ္ဒက ၊ ပု ၊ [✓ လုဓ+ဒ+က] လုဓ–ဥပဃာတေ၊ ဒေါ၊ ဓသ ဒေါ၊ သကတ္ထေ ကော။ ဓာန်ဋီ၊ ၅၁၈။ မုဆိုး။

လုပ

ဒိ= ဝိမောဟန ဗျာကုလေသု–တွေဝေခြင်း, ရှုပ်ထွေးနှောင့်ယှက်ခြင်းတို့၌။ လုပ္ပတိ။

ရ= ဆေဒနေ–ဖြတ်ခြင်း၌။ (ဝိလုမ္ပနေ–လုယက်ခြင်း၌။) လုမ္ပတိ။

ဥလ္လုမ္ပတိ ။ [ဥ ✓ လုပ+အ+တိ] မစ၏၊ ကယ်တင်၏။ ဥလ္လုမ္ပန၊ (ဥလ္လုမ္ပေတိ၊ ကော်၏။) ဥလ္လုမ္ပေတွာ၊ ဥလ္လောပန။

လုပ္ပတိ ။ [✓ လုပ+ယ+တိ] လုယက်ဖျက်ဆီး၏၊ လိုချင်မက်မော၏။ လုတ္တ၊ (လုယက်အပ်သော။) လုမ္ပန၊ –ခြင်း။ လောပ၊ –ခြင်း။

ဩလုမ္ပတိ ။ [အဝ ✓ လုပ+အ+တိ] လုယက်–ဖျက်ဆီး၏၊ ဆွဲငင်၏။ (ဩလုမ္ပေတိ၊ ခွာ၏၊ ဆွတ်၏၊ လုယူ၏။)

လုမ္ပတိ ။ [✓ လုပ+အ+တိ] လုယက်ဖျက်ဆီး၏၊ ဆွဲငင်၏။

လောပ ၊ ပု ၊ [✓ လုပ+အ] လုပ–ဆ္ဆေဒနေ၊ လုပ္ပတိတိ–လောပေါ။ မောဂ်–၁၊ ၂၆၊ ပဋ္ဌိ။ ကျေခြင်း၊ ကျေပျောက်ခြင်း။ (* လုမ္ပတိ–မှ ပျက်။)

အာလုမ္ပတိ ။ [အာ ✓ လုပ+အ+တိ] ကိုက်ဖြတ်၏၊ ကိုက်ဖြတ်၍စား၏။ အာလုမ္ပမာန၊ အာလုမ္ပိတွာ။

အာလုပ္ပ ၊ န ၊ [အာ ✓ လုပ+ဏ္ဍ] အလုတ်အလွေး၊ ထမင်းလုတ်၊ လုယက်ခြင်း။

အာလုပ္ပန ၊ ပု ၊ [အာ ✓ လုပ+ယ+ယု] လုယက်ခြင်း။

အာလောပ ၊ ပု ၊ [အာ ✓ လုပ+ဏ] လုပ–ဆေဒနေ၊ အာပုဗ္ဗော, သမ္ပိဏ္ဍနေ။ ဓာန်ဋီ၊ ၄၆၆။ ထမင်းလုတ်၊ လုယက်ခြင်း။

ဝိလုမ္ပတိ ။ [ဝိ ✓ လုပ+အ+တိ] လုယက်ဖျက်ဆီး၏။ ဝိလုမ္ပိတွာ၊ ဝိလုမ္ပိတုံ၊ ဝိလုမ္ပန္တ၊ ဝိလုမ္ပမာန၊ [(ဝိလုမ္ပာပေတိ၊ ကာ) ဝိလုမ္ပေတွာ၊ ဝိလုမ္ပာပေတွာ၊] ဝိလုမ္ပန၊ ဝိလုမ္ပနီယ၊ ဝိလုမ္ပိတ၊ ဝိလုမ္ပိ၊ (ထိဋ္ဌ ဝိလုမ္ပိနီ၊) ဝိလောပ၊ ဝိလောပက၊ ဝိလောပန၊ လုယက်ခြင်း၊ ဓားပြတိုက်ခြင်း။ ဝိလုတ္တ၊ ဝိလုတ္တာဝီ၊ (ဝိလုပ္ပတိ၊ ဝိလုမ္ပိယတိ၊ ကံ) ဝိလုပ္ပမာန၊ ဝိလုပ္ပန၊ ဝိလုမ္ပ၊ ဝိလုမ္ပက။

လောလုပ ၊ ပု ၊ [✓ လုပ+က] လုမ္ပတိတိ–လောလုပေါ၊ လု–ကို လုလု–ဟု ဒွေဘော်ပြု။ မောဂ်–၅၊ ၇၀၊ ပဋ္ဌိ။ လုယက်ဖျက်ဆီးတတ်သော။

လောလုပ္ပ ၊ န ၊ [✓ လုပ+ဏ္ဍ] ဝါ– [လောလုပ+ဏ္ဍ] လုယက်ဖျက်ဆီးတတ်သောတဏှာ။

လုဗိ

ဘူ+စု= ဟိံသာယံ–ညှဉ်းဆဲခြင်း၌။ လုမ္ဘတိ၊ လုမ္ဘယတိ။

http://www.dhammadownload.com

လုမ္မိနီ ၊ ထိ ၊ [√လုဗိ+ဏိ+ဣနီ] လုမ္ဘတိ အတ္တနိ ပဝိဋ္ဌာနံ ဒရထံ ဟိံသတီတိ–လုမ္ဘိနီ= ဝနံ၊ လုမ္ဘိနီ ဥယျာဉ်။

ကောလုမ္ဘ ၊ ပု ၊ [က+အဝ √လုဗိ+ဏ] ကေန အဂ်ိနာ သြလုမ္ဘတိ တိ–ကောလုမ္ဘော= ဘတ္တပစနကော မဟာကုမ္ဘော။ ဇဋိ။ ထမင်းအိုးကြီး။

လုဘ

ဘူ= ဝိမောဟနေ–တွေဝေခြင်း၌။ လုဘတိ၊ လောဘတိ။ ဒိ= ဂိဒ္ဓိယံ–အလွန်လိုချင်မက်မောခြင်း၌။ လုဇ္ဘတိ။

လုဇ္ဘတိ ။ [√လုဘ+ယ+တိ] လိုချင်၏၊ တပ်မက်၏။ လုဇ္ဘန၊ လုဇ္ဘ၊ လုဇ္ဘိတ၊ လုဒ္ဓ။

လုဇ္ဘ ၊ တိ ၊ [√လုဘ+ယ+အ] လိုချင်သော၊ မက်မောသော၊ တပ်မက်သော။

လောဘ ၊ ပု ၊ [√လုဘ+ဏ] လုဇ္ဘန္တိ တေန (သတ္တာ) သယံ ဝါ လုဇ္ဘတိ, လုဇ္ဘနမတ္တမေဝ ဝါ တန္တိ–လောဘော။ အဘိဒ္ဓ-၁၂၂၃။ လောဘ-စေတသိက်၊ လောဘန၊ (ကာရိက်ကျေ) လောဘနီယ။

လောလုပ၊ လောလုဘ ၊ ပု ၊ [√လုဘ+က] လုဘ–လောဘော၊ အ၊ ဒွိတ္တံ၊ ဘဿ ပေါ၊ လောလုပေါ, လောလုဘောပိ။ မာန်ဒီ၊ ၇၂၉။ အလွန်လိုချင်မက်မောသော၊ လျှပ်ပေါ်သော။

သမ္မလောဘန ၊ န ၊ [သံ+ပ √လုဘ+ယု] ဖြားယောင်း–သွေးဆောင်ခြင်း။

သြလုဇ္ဘတိ ။ [အဝ √လုဘ+ယ+တိ] ထောက်(ကိုင်ရ)၏။ သြလုဇ္ဘ၊ –ရ၌။ သြလုဇ္ဘိတ္တာ၊ သြလုဇ္ဘိတ္တာန၊ သြလုဇ္ဘိတ္တာယ၊ –ယာန၊ –တုံ။

လုလ

ဘူ= ဝိလောလနေ–မွေနှောက်–ချောက်ချားခြင်း၌။ လောလတိ။

ဥလ္လုလိတ ။ တိ ။ [ဥ √လုလ+တ] မွေနှောက်အပ်သော၊ နောက်ကျုံစေအပ်သော။

ဥလ္လောလေတိ ။ [ဥ √လုလ+အ+တိ] လှုပ်ကြွ၏၊ မြော်လင့်၏။ ဥလ္လောလ၊ လှိုင်းကြီး၊ လှုပ်ရှားခြင်း။ ဥလ္လောလန၊ မငြိမ်သက်ခြင်း၊ မက်မောခြင်း။

ဝိလောလတိ ။ [ဝိ √လုလ+အ+တိ] နှိမ်နင်း–ဖျက်ဆီး၏။ ဝိလောလိတ၊ တုန်လှုပ်ချောက်ချားသော။

အာလုလိယတိ ။ [အာ √လုလ+ယ+တေ] မွေနှောက်အပ်၏၊ နောက်ကျုံစေအပ်၏။ အာလုလ၊ အာလုလိတ၊ အာလုလေန္တ၊ အာလောလိတ၊ အာလောလေန္တ၊ လုလိတ၊ လောလ၊ အာလောလေတိ၊ အာလောဠိတ၊ အာလောလေတွာ၊ အာလောလေန္တ။

လုသ

ဘူ= စောရိယ ဟိံသနေသု–ခိုးဝှက်ခြင်း, ညှဉ်းဆဲခြင်း တို့၌။ လုသတိ၊ လောသတိ။

လုဟ

ဘူ= ဂေဓေ–လိုချင်မက်မောခြင်း၌။ လောဟတိ။

လုဠ

ဘူ= မန္ထ သိလေသ သံဝရေသု–မွေနှောက်ခြင်း, ကပ်ငြိခြင်း, စောင့်ရှောက်ဖုံးလွှမ်းခြင်းတို့၌။

လုဠတိ ။ [√လုဠ+အ+တိ] မွေနှောက်၏၊ လှုပ်ရှား၏။ လုဠိတ။

အာလုဠတိ ။ [အာ √လုဠ+အ+တိ] နောက်ကျုံ၏။ အာလုဠန၊ (မွေနှောက်ခြင်း၊ ချောက်ချားခြင်း။) အာလုဠိတ၊ (အာလုဠိယတိ၊ ကံ။)

အာလုဠေတိ ။ [အာ √လုဠ+ဏော+တိ] မွေနှောက်၏၊ ရောယှက်ရှုပ်ထွေးစေ၏။ အာလုဠေတွာ၊ အာလုဠေန္တ၊ အာလုဠေတိ၊ အာလောဠိတ၊ အာလောဠိတုံ၊ အာလောဠေတုံ၊ အာလောလေတွာ၊ အာလောဠေန္တ၊ အာလောဠယမာန။

အာလောဠ ၊ ပု ၊ [အာ √လုဠ+ဏ] နှောက်ယှက်မှု၊ ကုန်းတိုက်မှု။

အာလုဠ ၊ တိ ၊ [အာ √လုဠ+အ] ရောက်ရက်ခတ်သော၊ လှုပ်ရှားသော၊ နောက်ကျုံသော။

ဝိလောဠေတိ ။ [ဝိ √လုဠ+ဏော+တိ] မွေနှောက်၏၊ ချောက်ချားစေ၏။ ဝိလောဠေန္တ၊ ဝိလုဠိတ၊ ဝိလောဠိတ။

လူ

ကီ= ဆေဒနေ–ဖြတ်ခြင်း၌။

လုနာတိ ။ [√လူ+နာ+တိ] ရိတ်–ဖြတ်၏၊ ရှု၏။ လုနိတွာ၊ လုနိတဗ္ဗ၊ လုတ၊ လုန(တ)၊ လုနန(ယ့)၊ လူတ၊ လူန။

http://www.dhammadownload.com

ကလဝိကံ ၊ ပု ၊ [က ✓ လူ+ကြက] ကံ သုခံ လုနာ တိတိ–ကလဝိကော်၊ ကြကော, နိဂ္ဂဟီတာဂမော စ။ ဓာန်ဦ၊ ၆၄၃။ အိမ်စာ။

ကလုသ ၊ နာ ၊ [က ✓ လူ ✓ သိ+အ] ကံ သုခံ လုနန္တော သေတိတိ–ကလုသံ။ ဓာန်ဦ၊ ၈၄။ မကောင်းမှု၊ အကုသိုလ်။

ကုက္ကုဋ္ဌ ၊ ပု ၊ [ကုက္ကု ✓ လူ+အ] ကုက္ကုံ ဟတ္ထံ လုနာတိ ဆိန္နတိ ဒဟတီတိ–ကုက္ကုဋ္ဌလော၊ သော ဇဝ ကုက္ကုဋ္ဌော။ ဓာန်ဦ၊ ၃၆။ ပြာပူ။

ကုလလ ၊ ပု ၊ [ကုလ ✓ လူ+ဏ] ကုက္ကုဋ္ဌာဒီနံ ကုလံ လုနာတိ ဆိန္နတီတိ–ကုလလော။ ဓာန်ဦ၊ ၆၃၇။ လင်းယုန်။

ကုလာဝက ၊ နာ ၊ [ကု ✓ လူ+ဏ္ဍု] ကုစ္ဆိတံ အဏ္ဍဝိနာသနာဒိကံ လုနာတီတိ–ကုလာဝကံ၊ ဏ္ဍု။ ဓာန်ဦ၊ ၆၂၇။ အသိုက်။

ကုလ္လ ၊ ပု+နာ ၊ [ကု ✓ လူ+အ] ကုစ္ဆိတံ လုနာတျ' ပနေတီတိ–ကုလ္လော။ ဓာန်ဦ၊ ၄၅၅။ မန်း(ဗန်း)၊ ဆန်ကော၊ (စကော။)

ကုသလ ၊ နာ ၊ [ကုသ ✓ လူ+အ] ကုစ္ဆိတေနာကာရေန သန္တာနေ သေန္တီ တိ–ကုသာ= ရာဂါဒယော၊ တေ လုနာတိ ဆိန္နတီတိ–ကုသလံ။ ဓာန်ဦ၊ ၈၅။ ကောင်းမှု၊ ကုသိုလ်။

ကုစ္ဆိတာကာရေန သရီရေ သေန္တီတိ–ကုသာ= ရောဂါ၊ တေ လုနာတိ ဆိန္နတီတိ–ကုသလံ။ ဓာန်ဦ၊ ၃၃၁။ အနာကင်းခြင်း, ကျန်းမာခြင်း။

ကုဋ္ဌိရ ၊ ပု ၊ [ကု ✓ လူ+ဣရ] ကုံ ပထဝိ' လုနာတိတိ–ကုဋ္ဌိရော၊ ဣရော။ ဓာန်ဦ၊ ၆၇၅။ ပုစွန်လုံး။

နင်္ဂလ ၊ နာ ၊ [နင် ✓ လူ+နာ] ဘူမိနင်္ဂံမနင်္ဂံ (မြေ၏ အင်္ဂါကို အင်္ဂါမဟုတ်အောင်၊ နာ-အာဂုံ၊) ကရောန္တော လုနာတီတိ–နင်္ဂလံ။ ဓာန်ဦ၊ ၄၄၉။ ထွန်တုံး၊ ထယ်ဒူး။

ပလာသ ၊ ပု ၊ [ပ ✓ လူ+အသ] ပံ ဝါတံ လုနာတီတိ–ပလာသော၊ အသော။ ဓာန်ဦ၊ ၅၅၅။ ပေါက်ပင်။

လဝတိ ။ [✓ လူ+အ+တိ] ရိတ်၏၊ ဖြတ်၏။ လဝိတွာ၊ လဝါပေတွာ၊ လဝါပေတဗ္ဗ၊ လဝနာ၊ (လဝနက။)

ဇဋ္ဌလ ၊ ပု ၊ [ဇဋ္ဌ ✓ လူ+အ] ဇဋ္ဌံ ဒဠှံ လုနာတီတိ–ဇဋ္ဌလော။ ဓာန်ဦ၊ ၅၉၄။ ဒန့်ကျဲပင်။

လဝ ၊ ပု ၊ [✓ လူ+အ] ပြတ်ခြင်း၊ ပျက်စီးခြင်း၊ အစက်၊ အပေါက်၊ အပြောက်။ လူ–ဆေဒနေ၊ လုယတေတိ–လဝေါ၊ အ။ ဓာန်ဦ၊ ၇၀၅။ တိ ။ နည်းသော။

လဝဏ၊ လောဏ ၊ ပု+နာ ၊ [✓ လူ+ယု] လုနာတိ ဇဋ္ဌတ္တန်၏–လဝဏော။ ဓာန်ဦ၊ ၁၄၈။ အငန်။ လူ–ဆေဒနေ၊ ယု၊ (လဝဏံ၊) သြဿာ'နဝါဒေသေ လောဏံ။ ဓာန်ဦ၊ ၄၆၀။ ဆား။

ဗဟုလာ ၊ ထီ ၊ [ဗဟု ✓ လူ+အ+အာ] ဗဟုရောဂေ လုနာတီတိ–ဗဟုလာ။ ဓာန်ဦ၊ ၅၉၁။ ဖာလာ။

မင်္ဂလ ၊ နာ ၊ [မင် ✓ လူ+အ] မံ အပါယံ ဂစ္ဆန္တိ ပါပကာရိနော သတ္တာ ဇတေနာတိ–မင်္ဂံ = အကုသလံ၊ တံ လုနာတိ ဆိန္နတီတိ–မင်္ဂလံ။ ဇဋ္ဌိ။ မင်္ဂလာ။

လယ ၊ ပု ၊ [✓ လူ ✓ အယ+အ] သတ္တာနံ ဇီဝိတံ လုနန္တော အယတိ ဂစ္ဆတီတိ–လယော။ ဓာန်ဦ၊ ၆၆။ တစ်လယ (ခဏဆယ်ခု)။

လာပ၊ လာဝ ၊ ပု ၊ [✓ လူ+ဏ] လူ –ဆေဒနေ၊ ဏော၊ ဝဿ ပေါ၊ လာပေါ, လာဝေါပိ။ ဓာန်ဦ၊ ၆၃၉။ ဗီလုံး။

လုဒ္ဒက ၊ ပု ၊ [✓ လူ+ဒ+က] လူ–ဆေဒနေ၊ ဒေါ၊ သကတ္ထေ ကော။ ဓာန်ဦ၊ ၅၁၈။ မုဆိုး။

လူတာ၊ လူတိကာ ၊ ထီ ၊ [✓ လူ+တ+အာ] လူ–ဆေဒနေ၊ တော၊ လူတာ၊ သကတ္ထေ ကကော–လူတိကာ။ ဓာန်ဦ၊ ၆၂၁။ ပင့်ကူ။

လူန ၊ ပု ၊ [✓ လူ+နာ] လူ–ဆေဒနေ၊ နော၊ ယု ဝါ။ ဓာန်ဦ၊ ၇၅၂။ ဖြတ်အပ်–ရိတ်အပ်သော။ [လူ+ကွ] တ–ကို နာ–ပြု၊ အလူယီတိ–လူနော။ မောဂ်–၅၊ ၁၅၀။ ရိတ်ဖြတ်သော။

လောမ၊ ရောမ ၊ နာ ၊ [✓ လူ+မ] လုနိတဗ္ဗောတိ–လောမော၊ မံသစမ္မာနိ လုနာတိ ဆိန္နတီတိ ဝါ–လောမော။ ကစ္စည်း၊ ၆၂၇။ ဝမုဓာနံ လူယတေတိ–လောမံ၊ မော၊ လဿ ရတ္တံ–ရောမံ။ ဓာန်ဦ၊ ၂၅၉။ လူယတေတိ–လောမံ= တနုရုဟံ။ မောဂ်–၇၊ ၁၃၆။ အမွေး၊ အမြိတ်၊ အဆာ။

လဝ၊ အဘိလာဝ၊ လဝန ၊ ပု(နာ) ၊ [✓ လူ+အ] လူ–ဆေဒနေ၊ အ၊ ဏမို အဘိလာဝေါ၊ ယုမို လဝနံ။ ဓာန်ဦ၊ ၇၇၀။ ရိတ်ဖြတ်ခြင်း။

http://www.dhammadownload.com

လဝိတ္တ ၊ နာ ၊ [✓လူ+ကျတ္တ] လူယတေ အနေနာတိ–လဝိတ္တံ။ (ကောတ္ထုဘာ။) တံစဉ်။

လဝင်္ဂ ၊ နာ ၊ [✓လူ+အင်္ဂစ်] လေးညှင်း။ (ကောတ္ထုဘာ။) [✓လူ ✓အင်္ဂ+အ] ရောဂံ လုနန္တော အင်္ဂတိ ဂစ္ဆတီတိ–လဝင်္ဂေါ်။ ဓာန်ဦ၊ ၃၀၃။ လေးညှင်း။

လူခ ၊ တိ ၊ [✓လူ+ခ] လူ–ဆေဒနေ, ဩတ္တာဘာဝေါ၊ လုနာတိ ဆိန္နတိ သောဘန္တိ–လူခေါ= အသိနိဒ္ဓေါ။ မောဂ်–ဂု၊ ၃၁။ (အသွေး အသား)ခေါင်းပါးသော၊ အဆီဩဇာ မရှိသော။ လူခသ။

လောဒ္ဒ ၊ ပု ၊ [✓ လူ+ဒ္ဒ] ရတ္တ ကဖ ပိတ္တ သောတေ လုနာတီတိ–လောဒ္ဒေါ၊ ဒ္ဒေါ။ ဓာန်ဦ၊ ၅၅၆။ တောက်ရပ်ပင်။

လောဟ ၊ ပု+နာ ၊ [✓လူ+ဟ] လူ–ဆေဒနေ၊ ဟော။ ဓာန်ဦ၊ ၃၀၂၊ ၄၉၃။ အကျော်၊ သံ၊ ကြေးနီ။ လုနာတိဿ ဩ၊ လုနာတိ ဧတေနာတိ–လောဟံ= အယာဒိ။ မောဂ်–ဂု၊ ၂၂၃။ သံ–စသည်။

ဝိလူန ၊ တိ ၊ [ဝိ ✓လူ+တ] နုတ်အပ်သော၊ ရိတ်အပ်သော၊ ထိပ်ပြောင်သော။

သာလိလာယက ၊ တိ ၊ [သာလိ ✓လူ+ဏ္ဍု] ဝ–ကို ယ–ပြု၊ ကောက်ရိတ်သော၊ ကောက်ကြီးစပါးကို ရိတ်သော။ သာလိလာဝက၊ သာလိလာယန။ –ခြင်း။

လူသ

ဘူ= ဘူသာယံ–တန်ဆာဆင်ခြင်း၌။ လူသတိ။
စု= ဟိံသာ ထေယျေသု–ညှဉ်းဆဲသတ်ပုတ်ခြင်း, ခိုးဝှက်ခြင်းတို့၌။ လူသယတိ။

လေ

ဘူ= ဆေဒနေ–ဖြတ်ခြင်း၌။ နိရုတ္တိ၊ ၄၀၃။

လာယတိ ။ [✓လေ+အ+တိ] ဖြတ်၏၊ ရိတ်၏။ လာယိတုံ၊ လာယိတွာ၊ လာယန္တော၊ လာယမာန၊ လာယန၊ လာယိတ။

လေဋ္ဌ

ဘူ= သဃ်ာဋေ–ပေါင်းစပ်ခြင်း၌။ လေဋ္ဌတိ။

လေဋ္ဌု ၊ ပု ၊ [✓လေဋ္ဌ+ဥ] လေဋ္ဌ–သဃ်ာဋေ၊ ဥ၊ လေဋ္ဌု။ ဓာန်ဦ၊ ၄၄၇။ မြေစိုင်ခဲ။
လေဋ္ဌု–ဟုလည်း ရှိသေး၏၊ လိသဓာတ်မှာရှုပါ။

လေပ

ဘူ= သပ္ပနေ–သွားခြင်း၌။ လေပတိ။

လောက

စု= ဒိပနေ–ပြခြင်း၌။ လောကေတိ၊ လောကယတိ။
ဘူ+စု= ဒဿနေ–ကြည့်ရှုခြင်း၌။ လောကတိ။

လောကိယတိ ။ [✓လောက+ယ+တေ] ကြည့်ရှုအပ်၏၊ ပညတ်–ထားအပ်၏။ လောကန၊ လောကိတ။

လောက ၊ ပု ၊ [✓ လောက+ဏ] လောက။

အနုလောကိက ၊ တိ ၊ [အနု ✓လောက+ဏ္ဍက] အထပ်ထပ်ကြည့်သော၊ အစဉ်အားဖြင့်ကြည့်သော။ အနုလောကီ၊ ဏီ–ပစ္စည်းမျှသာထူး၏။

ဥလ္လောကေတိ ။ [ဥ ✓လောက+ဏော+တိ] မော်ကြည့်၏၊ စောင့်မျှော်၏။ ဥလ္လောကန၊ ဥလ္လောကိတ။

ဩလောကေတိ ။ [အဝ ✓ လောက+ဏော+တိ] ကြည့်၏၊ ငုံ့ကြည့်၏၊ ငဲ့ကြည့်၏၊ စေ့စေ့ကြည့်၏။ ဩလောကန၊ ဩလောကနက၊ ပြတင်းပေါက်။ (ဩလောကာပေတိ၊ –စေ၏။) ဩလောကိတ၊ (ဩလောကိယတိ၊ –အပ်၏။) ဩလောကေတွာ။

အနုဝိလောကေတိ ။ [အနု+ဝိ ✓လောက+ဏော+တိ] အဖန်ဖန် ထိုထိုကျ်ကျ်ကြည့်၏၊ စောင်းလှည့်ကြည့်ရှု၏။ အနုဝိလောကယန္တော၊ အနုဝိလောကယမာန၊ အနုပိလောကေတွာ၊ အနုဝိလောကေန္တော၊ အနုဝိလောကေတဗ္ဗ၊ အနုဝိလောကန။

အပလောကေတိ ။ [အပ ✓ လောက+ဏော+တိ] ပန်ကြား၏။ အပလောကေတုံ၊ အပလောကေတွာ၊ အပလောကေန္တော၊ အပလောကန၊ အပလောကိတ၊ အပလောကေတဗ္ဗ၊ အပလောကီ၊ နောက်ပြန်လှည့်ကြည့်သော။

အဝလောကေတိ ။ [အဝ ✓ လောက+ဏော+တိ] ကြည့်ရှု၏၊ ဆင်ခြင်၏။ အဝလောကယန္တော၊ အဝလောကေန္တော၊ အဝလောကေတွာ၊ အဝလောကယမာန၊ အဝလောကန၊ အဝလောကိတ။

အာလောကေတိ ။ [အာ ✓ လောက+ဏော+တိ] ကြည့်၏၊ ရှေးရှု(တည့်တည့်)ကြည့်၏။ အာလောကေတွာ၊ အာလောကေတွာန၊ အာလောကေန္တော၊ အာလောကယန္တော၊ အာလောကယမာန၊ အာလော

http://www.dhammadownload.com

ကာပေတုံ၊ အာလောကန၊ အာလောကိတ၊ အာလောကိတဗ္ဗ၊ အာလောကေတဗ္ဗ၊ အာလောကေတု။

အာလောက ၊ ပု ၊ [အာ √ လောက+ဏ] အာလောကေတိ ဇေတနာတိ–အာလောကော။ ဓာန်ဦ၊ ၃၇။ အရောင်အလင်း။

အာလောကသန္ဓိ ၊ ပု ၊ [အာလောက+သန္ဓိ] အာလောကာနံ အာတပါနံ ပဝိသနဋ္ဌာနံ သန္ဓိ ဆိဒ္ဒန္တိ–အလောကသန္ဓိ၊ အလောကီယန္တိ ဇေတနာတိ–အာလောကော၊ သောဧဝ သန္ဓိတိ ဝါ–အာလောကသန္ဓိ။ ဓာန်ဦ၊ ၂၁၇။ လေသာပြတင်း။

အာလောကန ၊ န ၊ [အာ √ လောက+ယု] လောက–ဒဿနေ။ ဓာန်ဦ၊ ၇၇၅။ ကြည့်ရှုခြင်း။

ဝိလောကေတိ ။ [ဝိ √ လောက+ဏော+တိ] ကြည့်ရှု၏၊ စုံစမ်း၏၊ စစ်ဆေး၏၊ လေ့လာ၏၊ မျက်စောင်းထိုး၏။ ဝိလောကေတွာ၊ ဝိလောကေတုံ၊ ဝိလောကေန္တ၊ ဝိလောကာပေတုံ၊ ဝိလောကန၊ ဝိလောကနီယ၊ ဝိလောကိတ၊ ဝိလောကိတဗ္ဗ၊ ဝိလောကေတဗ္ဗ၊ ဝိလောကေတု။

ဝေါလောကေတိ ။ [ဝိ+အဝ √ လောက+ဏော+တိ] ကြည့်ရှုစစ်ဆေး၏၊ ဆင်ခြင်၏။ ဝေါလောကေတွာ၊ ဝေါလောကေတုံ၊ ဝေါလောကေန္တ၊ ဝေါလောကယမာန၊ ဝေါလောကန၊ ဝေါလောကယန၊ ဝေါလောကိတ။

သမုလ္လောကိယမာန ၊ တိ ၊ [သံ+ဥ √ လောက+ယ+မာန] ကောင်းစွာ မော်ကြည့်အပ်သော။

လောစ

စု= ဒီပနေ–ပြခြင်း၌။ လောစေတိ၊ လောစယတိ။

ဘူ+စု= ဒဿနေ–ကြည့်ရှုခြင်း၌။ လောစတိ။

လောစန ၊ န ၊ [√ လောစ+ယု] လောစတိ ပဿတိ ဇေတနာတိ–လောစနံ။ ဓာန်ဦ၊ ၁၄၉။ မျက်စိ။

ဥလ္လောစ ၊ ပု ၊ [ဥ √ လောစ+ဏ] ထီးဖြူ၊ မျက်နှာကြက်။ ထောမ။

အာလောစေတိ ။ [အာ √ လောစ+ဏော+တိ] ကြည့်ရှု၏။ အာလောစန၊ အာလောစိတ၊ အာလောစိတဗ္ဗ။

အာလောက ၊ ပု ၊ [အာ √ လောစ+ဏ] အာလောစယတိ ပဿတိ ဇေတနာတိ–အာလောကော။ ဓာန်ဦ၊ ၃၇။ အရောင်အလင်း။

သမာလောစန ၊ န ၊ [သံ+အာ √ လောစ+ယု] ကောင်းစွာကြည့်ရှုခြင်း၊ –ကြောင်း၊ (နေတို့နည်း။)

ဝိလောစန ၊ တိ ၊ [ဝိ √ လောစ+ယု] မျက်စိ၊ မျက်စိရှိသော။

လောဠ

ဘူ= သံဟတေ–ပေါင်းစုခြင်း၌။ လောဠတိ။

လောလ၊ လောဠ

ဘူ= ဥမ္မာဒေ–ရူးသွပ်ခြင်း၌။ လောဠတိ။

လောလ ၊ တိ ၊ [√ လောဠ+ဏ] ဠ–ကို လ–ပြု၊ တုန်လှုပ်သော၊ မတည်ငြိမ်သော၊ အလိုကြီးသော။

ဥလ္လောလ ၊ ပု ၊ [ဥ √ လောဠ+ဏ] ဠ–ကို လ–ပြု။ ကောတ္ထုဘာ။ လောလ–ဥမ္မာဒနေ၊ ဥလ္လောလယတိတိ–ဥလ္လောလော၊ ဏော။ ဓာန်ဦ၊ ၆၆၂။ လှိုင်းကြီး၊ လှုပ်ရှားခြင်း။

ဥလ္လောလေတိ ။ [ဥလ္လောလ+ဏိ+တိ] နာမဓာတု။ လှုပ်ကြွ၏၊ မျော်လင့်၏။ ဥလ္လောလနာ၊ လှုပ်ကြွခြင်း၊ မငြိမ်သက်ခြင်း။

လောဠိတ ၊ တိ ၊ [√ လောဠ+တ] မွေနှောက်–ချောက်ချားအပ်သော၊ နှောင့်ယှက်အပ်သော (အရပ်)။

လောဠိ ၊ ထီ ၊ [√ လောဠ+ဏ] မွေနှောက်အပ်သော။

ဝက

ဘူ= အာဒါန ပဋိဃ ဒိတ္တီသု–ယူခြင်း, ညှဉ်းဆဲခြင်း, ထွန်းပခြင်းတို့၌။ ဝကတိ။

ဗက ၊ ပု ၊ [√ ဝက+အ] ဝကတိ ဂေါစရံ အာဒဒါတီတိ–ဗကော။ သူစိ။ ဗျိုင်း၊ ဗျိုင်းဖြူ။

ဗကုလ ၊ ပု ၊ [√ ဝက+ဥလ] ဝကိတဗ္ဗော ဂဏ္ဍိ တဗ္ဗောတိ–ဗကုလော၊ ချယားပင်၊ ခရေပင်။ ဝကုလ။

ဗာကုစီ ၊ ထီ ၊ [√ ဝက+အစ+ဣ] ဝက–အာဒါနေ၊ အစော၊ ဝဿ ဗော၊ အဿ ဥ၊ ဣတ္ထိယံ ဣ၊ ဗာကုစီ။ သူစိ။ ကန့်ကလာ။

ကဒမ္မက ၊ န ၊ [ကဒ √ ဝက+အ] ကံ အတ္တာနံ ဒေတီတိ–ကဒေါ= စက္ခာဒိကော သရီရာဝယဝေါ၊ ကဒေါဝိယ–ကဒေါ= အဝယဝေါ၊ တံ ဝကတိ အာဒဒါတီတိ–ကဒမ္မကံ။ ဓာန်ဦ၊ ၆၃၀။ အပေါင်း။

ဝက ၊ ပု ၊ [√ ဝက+အ] သစ်ကျုတ်၊ ဝံပုလွေ၊ ကျားသစ်။

http://www.dhammadownload.com

ဝက္က ၊ နာ ၊ [✓ဝက+က] ဝကတိ ဩဒနံ အာဒဒါတီတိ–ဝက္ကံ= ဒေဟကောဋ္ဌာသဝိသေသော။ မောဂ်–၇၊ ၁၄။ အညို့၊ ကျောက်ကပ်။

ဝါကရာ ၊ ထိ ၊ [✓ဝက+အရဏ်+အာ] ဝကေတိ အာဒဒါတိ ဧတာယာတိ–ဝါကရာ= မိဂဗန္ဓနီ။ မောဂ်–၇၊ ၁၆၃။ သမင်–စသည်ကိုထောင်သော ကျော့ကွင်း၊ ပိုက်။ ဝက–အာဒါနေ၊ အရော၊ ဣတ္ထိယမတော အာ။ ဓာန်ဦ၊ ၅၂၀။

ဝါကရိက၊ ဝါဂုရိက ၊ ပု ၊ [ဝါကရာ+ဏိက] ဝါကရာယ စရတီတိ–ဝါကရိကော၊ ကဿ ဂေါ၊ အသု စ၊ ဝါဂုရိကော။ ဓာန်ဦ၊ ၅၁၄။ ပိုက်ကွန် ကျော့ကွင်းဖြင့် အသက်မွေးသူ။ (အမဲလိုက်)ပိုက်။

ဝါကုရာ၊ ဝါဂုရာ–တို့လည်း အာဒေသမ္မသာ ထူး၏။

မရဝက ၊ ပု ၊ [မရ ✓ဝက+အ] သမင်စာ။

ဝက္က

ဘူ= ဂတိ ကောဋိလ္လ ရုက္ခတစေသု–သွားခြင်း, ကောက်ကွေ့ခြင်း, သစ်ခွံအနက်တို့၌။ ဝက္ကတိ။

စု= နာသန ဘာသနေသု–ဖျက်ဆီးခြင်း, စကားဆိုခြင်း တို့၌။ ဝက္ကေတိ၊ ဝက္ကယတိ။

ဝက္က ၊ တိ ၊ [✓ဝက္က+အ] ကောက်ကွေ့သော။

ဝက္ကင် [ဝက္က+အင်] ဥဒ္ဓနာဒီသု ဝက္ကံ ကုဋိလံ အင်္ဂံ ဂီဝါဒိကံ ဧတာသာတိ–ဝက္ကင်္ဂါ။ ဓာန်ဦ၊ ၆၂၅။ ငှက်။

ဝက္ကလ ၊ ပု+နာ ၊ [✓ဝက္က+အလ] ဝက္ကေ ရုက္ခတစေ အလန္တိ–ဝက္ကလံ။ ကစ္စည်း၊ ၆၆၅။ လျော်တော အဝတ်၊ သစ်ခေါက်၊ သစ်ခွံ။

ဝကိ၊ ဝင်

ဘူ= ကောဋိလျ ဂတီသု–ကောက်ကွေ့ခြင်း, သွားခြင်း တို့၌။ ဝင်္ကတိ။

ဝင် ၊ တိ ၊ [✓ဝင်+အ] ကောက်–ကွေ့သော၊ ကောက်ကျစ်သော၊ ယုံမှားဖွယ်ဖြစ်သော၊ ထွန်။

ဝင်္က ၊ ပု ၊ [ဝင်+က] ထွန်ငယ်။

သဝင် ၊ ပု ၊ [သဟ+ဝင်] သဟ ဝင်္ကေန ယော ဝတ္တတေ, သော–သဝင်္ကော၊ သံဝိဇ္ဇမာနော ဝါ ဝင်္ကော ယဿ, သော–သဝင်္ကော။ သူစိ။ ငါးမြွေ။

ဝင်္က ၊ ပု ၊ [✓ဝင်+က] ဝင်္ကတောင်။

သတ္တဝင် ၊ ပု ၊ [သတ္တ ✓ဝင်+အ] သတ္တကွတ္တုံ ဝင်္ကတီတိ–သတ္တဝင်္ကော= ငါးသျှဉ်။ ဓာန်ဦ၊ ၆၇၂။ ငါးရှဉ့်။

သမ္မဝင် ၊ တိ ၊ [သံ+ပ ✓ဝင်+အ] ကောင်းစွာ အပြားအားဖြင့် ညွတ်ကိုင်းသော။

ဝင္မ

ဘူ= ဝရဏ ရောသန သမ္မိဏ္ဍနေသု–ဆို့ပိတ်ခြင်း, ချုပ်ချယ်ခြင်း, ပေါင်းစုခြင်းတို့၌။ ဝင္မတိ။

ဝင္မ ၊ ပု ၊ [✓ဝင္မ+အ] သစ်ပင်၊ ရင်ဘတ်။

ဝင္မိတ ၊ တိ ၊ [✓ဝင္မ+တ] ဆိုအပ်သော။

ဝခ

ဘူ= ဂတိယံ–သွားခြင်း၌။ ဝခတိ။

ဝဂ္ဂ

ဘူ= ဂမနေ–သွားခြင်း၌။ ဝဂ္ဂတိ။

ဝဂ္ဂတိ ။ [✓ဝဂ္ဂ+အ+တိ] ပုံမှန်သွား၏၊ အစုအစု ဖြစ်၏။ ဝဂ္ဂိတွာ၊ ဝဂ္ဂန္တွာ၊ ဝဂ္ဂမာန၊ ဝဂ္ဂန၊ ဝဂ္ဂိတ။ **သုဝဂ္ဂိတ** [သု+ဝဂ္ဂိတ] တင့်တယ်စွာ သွားခြင်း ရှိသော။

ဝဂ္ဂ ၊ ပု ၊ [✓ဝဂ္ဂ+အ] သမုဒါယဝသေန ဝဂ္ဂတိ ဂစ္ဆတိ ပဝတ္တတီတိ–ဝဂ္ဂေါ၊ အပေါင်း, အစု, အပိုင်း–ကဏ္ဍ။ တိ ။အစိတ်အစိတ်ဖြစ်အောင် ပြုတတ်သော၊ ခိုက်ရန်ပြုတတ်သော။

ဝဂ္ဂုလိ ၊ ပု ၊ [✓ဝဂ္ဂ+ဥလိ] လင်းနို့။

ဝခိ၊ ဝခံ

ဘူ= ဂမန ဣစ္ဆာသု–သွားခြင်း, လိုချင်ခြင်းတို့၌။ ဝခံတိ။

ဝဂိ၊ ဝဂ်

ဘူ= ခဇ္ဇ ဂတိယံ–ခွင်ခြင်း, သွားခြင်း၌။ ဝဂ်တိ။

ဝဂ် ၊ ပု ၊ [✓ဝဂိ+အ] ဝဂ်တိုင်း(ဗဂ်လားဒေသ)၊ ခဲမဖြူ။ (ဝဂ် ၊ နာ ၊ [ဝိ+အဂ်] ဝိဂတံ ဝိကလံ အင်္ဂံ–ဝဂ်ံ၊ တင်းတိတ်, အမဲပြောက်။)

ဝဃိ

ဘူ= ဂတိ အာရမ္ဘ နိန္ဒန ဇဝေသု–သွားခြင်း, အားထုတ်ခြင်း, ကဲ့ရဲ့ခြင်း, လျင်မြန်ခြင်းတို့၌။ ဝဃ်တေ။

http://www.dhammadownload.com

ဝစ

ဘူ= ကထနေ–ပြောဆိုခြင်း၌။ ဝစတိ။

စု= သန္ဒေသေ–သတင်းစကား ညွှန်ကြားခြင်း၌။ ဝါစယတိ။

ဝစတိ ။ [√ဝစ+အ+တိ] ပြောဆို၏။ ဝစန၊ ဝစနီယ၊ ဝစီ၊ ဝစ္စ၊ ဝတ္တာဗ္ဗ၊ ဝတ္တာ၊ ဝတ္တာန၊ (ဝုစ္စတိ၊ ဥစ္စတိ၊ ကံ။) ဝတ္တဝေ၊ ဝတ္တုံ၊ ဝုစ္စမာန၊ (ဝါစေတိ၊ ဝါစာပေတိ၊ ကာ။) ဝါစေတွာ၊ ဝါစာပေတွာ၊ ဝါစေတုံ၊ ဝါစေန္တ၊ ဝါစယမာန၊ ဝါကျ၊ ဝါစက၊ "ဝါစန, ဝါစနာ၊ ပို့ချပေးခြင်း၊ ပို့ချအပ်သော, ပို့ချတတ်သော"။ ဝါစာ၊ ဝါစာပိတ၊ ဝါစိတ၊ ဝါစေတဗ္ဗ၊ ဝါစ္စ၊ ဝုတ္တ၊ ဝုတ္တဝန္တု၊ ဝုတ္တိ၊ ဥတ္တ၊ ဥတ္တိ၊ ဝတ္တု။

ဝစန ၊ န ၊ [√ဝစ+ယု] ဝုစ္စတေတိ–ဝစနံ၊ ဝစောပိ၊ မနောဂဏော'ယံ၊ ဥစ္စတေတိ–ဥတ္တိ။ တိ ။ဝုစ္စတေတိ–ဝါစာ၊ အ။ ဝုစ္စတေတိ–ဝစီ၊ ဤ။ ဓာန်ဒို၊ ၁၀၅။ (**ဝစန၊ ဝစ၊ ဥတ္တိ၊ ဝါစာ၊ ဝစီ**၊) စကား။

နိရုတ္တိ ၊ ထိ ၊ [နိ+ဥတ္တိ] နိစ္ဆယေန, နိသေသတော ဝါ ဥတ္တိ–နိရုတ္တိ= ဝဏ္ဏာဂမော, ဝဏ္ဏ ဝိပရိယယောစ္စာဒိကံ။ ဓာန်ဒို၊ ၁၁၀။ နိရုတ္တိကျမ်း။

ဝါစိက ၊ န ၊ [ဝါစာ+ဏိက] ဝစ–သန္ဒေသေ၊ သကတ္ထေ ဏိကော၊ သန္နိဋ္ဌတ္တာ ဝါစာဧေ ဝါစိက မိစ္ဆတ္ထော။ ဓာန်ဒို၊ ၁၂၄။ သန္ဒေသစကား၊ (အမှာစကား။)

ဥတ္တ ၊ တိ ၊ [√ဝစ+တ] ဝစ–ဘာသနေ၊ ဝုတ္တံ။ ဓာန်ဒို၊ ၇၅၅။ ပြောအပ်သော၊ ဟောအပ်သော။

စက္ကဝါက ၊ ပု ၊ [စက္က √ဝစ+ဏ] စက္ကေန စက္က သဒ္ဒေနောစ္စတေတိ–စက္ကဝါကော၊ ဝစ–ဝိယတ္တိယံ ဝါစာယံ၊ ဏော။ သူစိ။ စက္ကဝါက်။

ဝက္ခမာန ၊ တိ ၊ [√ဝစ+အ+မာန] ဆိုအပ်လတ္တံ့သော။ ဝက္ခိတ၊ ဆိုအပ်သော။

ဝစ ၊ ထိ+န ၊ [√ဝစ+အ] ထိ၌ ဝစာ၊ လင်းလေ။ (**ဝစတ္တ** ၊ န ၊ [ဝစ+အတ္တ] လင်းလေဖြူ, တိဝုသံ၊ ဆိတ်ဖူး။) ဝစ–ဗျတ္တဝစနေ ဝစနံ, ဝစတီတိ ဝါ–ဝစော။ မောဂ်–၅၊ ၄၄၊ ပဋ္ဌာ။ ပု ။စကား။ တိ ။ ပြောဆိုသော။

ပဝစနီယ ၊ တိ ၊ [ပ √ဝစ+အနီယ] ဝစ–ဗျတ္တဝစနေ ပဟုဗ္ဗော, ပဝစတီတိ–ပဝစနီယော ကတ္တရိ။ မောဂ်–၅၊ ၂၇၊ ပဋ္ဌာ။ အပြားအားဖြင့် ပြောဆိုတတ်သော၊ ဆိုဆုံးမတတ်သော။

ဝိဝစန ၊ န ၊ [ဝိ √ဝစ+ယု] ဧကော အတ္ထော ပုနပ္ပုနံ ဝုစ္စတိ ယေနာတိ–ဝိဝစနံ။ ဓာန်ဒို၊ ၁၂၀။ ဝေဝုစ် (ပရိယာယ်= စကားလှယ်)။

ဝေဝစန ၊ ပု+န ၊ [ဝိဝစန+ဏ] ဝေဝုစ်။

သုတ္တ ၊ န ၊ [သု √ဝစ+တ] သုဋ္ဌု ဝုတ္တန္တိ–သုတ္တံ။ ကစ္စည်းပဏာမအဖွင့်ချာ။ သုတ်၊ အနက်ကို အကျဉ်းပြသောစကား၊ ပါဠိတော်။

သုပ္ပဝုတ္တ ၊ တိ ၊ [သု+ပ √ဝစ+တ] ကောင်းစွာ ပြောဆိုအပ်သော။

ဥတ္တ၊ ဝုတ္တ ၊ တိ ၊ [√ဝစ+တ္တ] ဝစ–ဗျတ္တဝစနေ၊ ဝုစ္စိတ္ထာတိ–ဥတ္တံ, ဝုတ္တံ။ မောဂ်–၅၊ ၁၁၀၊ ပဋ္ဌာ။ ဆို–ဟော–လျှောက်–မိန့်အပ်သော။

သုရုတ္တ ၊ တိ ၊ [သု √ဝစ+တ] ကောင်းစွာ ပြောဆိုအပ်သော။

သုဝစ ၊ တိ ၊ [သု √ဝစ+ခ] လွယ်ကူစွာ ဆုံးမအပ်သော၊ ဆိုဆုံးမရလွယ်ကူသော။

ဝါကျ ၊ န ၊ [√ဝစ+ဃျဏ်] ဝစ–ဗျတ္တဝစနေ, ဥစ္စတီတိ–ဝါကျံ။ မောဂ်–၅၊ ၂၈၊ ပဋ္ဌာ။ ပြောဆိုအပ်သော စကား။

သုဝါကျ ၊ န ၊ [သု √ဝစ+ဏျ] ကောင်းသောစကား၊ ချိုသာသောစကား။

သုဝုတ္တ ၊ တိ ၊ [သု √ဝစ+တ] ကောင်းစွာ ပြောဆိုအပ်သော။

မဟန္တဝါစီ ၊ တိ ၊ [မဟန္တ √ဝစ+ဏီ] အကြီးအများ–ဟူသော အနက်ကို ဟော(လေ့ရှိ)သော၊ ဟောတတ်သော။

အတိဝုတ္တု ၊ တိ ၊ [အတိ √ဝစ+တု] လွန်ကျူး ပြောဆိုတတ်သော။

အဓိဝစနီယ ၊ တိ ၊ [အဓိ √ဝစ+အနီယ] အလွန်ဆိုအပ်သော။

အဝဓိဝါစီ ၊ တိ ၊ [အဝဓိ √ဝစ+ဏီ] ပိုင်းခြားသတ်မှတ်ခြင်း အနက်ကို ဟောသော။

အသတ္တဝါစီ ၊ တိ ၊ [အသတ္တ √ဝစ+ဏီ] ဒြပ်မဟုတ်သောအနက်ကို ဟောသော။ [န+သတ္တဝါစီ] ဒြပ်ကို မဟောသော။

http://www.dhammadownload.com

အာဝုတ္တိ ၊ ထီ ၊ [အာ ✓ ဝစ+ဏီ] ထပ်ဆိုခြင်း၊ အာဝုတ္တိနည်း။

ဝက ၊ ပု ၊ [✓ ဝစ+ဃ] ဝစ–ဗျတ္တဝစနေ, ဝစတီတိ–ဝကော။ မောဂ်–၅၊ ၄၄။ ပြောဆိုတတ်သူ။

ဝက္က ၊ နဲ ၊ [✓ ဝစ+က] ဝစိတဗ္ဗန္တိ–ဝက္ကံ။ ကစ္စည်း၊ ၆၆၁။ အညှို့၊ ကျောက်ကပ်။

ဝါက္က ၊ နဲ ၊ [✓ ဝစ+ဏ= ဝါက၊ ဝါကမေဝ–ဝါက္ကံ] စကားပြောသံ၊ စကား။

ဝါက္ကရဏ ၊ နဲ ၊ [ဝါစာ+ကရဏ] စကားသံ။

ဝစ္စ

ဘူ= ဒိတ္တိယံ–ထွန်းပခြင်း၌။ ဝစ္စတိ။

ဝစ္ဆ၊ ဝစ္ဆု

ဘူ= ဆေဒနေ–ဖြတ်ခြင်း၌။ ဝုစ္ဆတိ၊ ဝုတ္တာ၊ ဝုတ္တဝါ၊ ဝုတ္တသိရော၊ (အ–ကို ဥ–ပြု။)

ဝစ္ဆိတ ၊ တိ ၊ [✓ ဝစ္ဆု+တ] ဖြတ်အပ်သော။

ဝိဝစ္ဆိကာ ၊ ထီ ၊ [ဝိ ✓ ဝစ္ဆ+ဏ္ဍု+အာ] ဝစ္ဆ–ပရိဘာသန တဇ္ဇနေသု။ ဘူဝါဒိ။ ဓာန်ဋီ၊ ၃၂၇။ ယားနာ။

ဝဋ္ဋ

စု= ဝဋ္ဋနေ–လှည့်ပတ်ခြင်း၌။ ဝဋ္ဋေတိ၊ ဝဋ္ဋယတိ။

ဝဋ္ဋယတိ ။ [✓ ဝဋ္ဋ+ဏယ+တိ] လှည့်ပတ်၏၊ ဖြားယောင်း၏။ ဝဋ္ဋေတိ၊ ဝဋ္ဋေတွာ၊ ဝဋ္ဋိတုံ၊ ဝဋ္ဋန္တ၊ ဝဋ္ဋိတ၊ ဝဋ္ဋေတဗ္ဗ၊ ဝဋ္ဋယိတဗ္ဗ၊ ဝဋ္ဋက၊ ဝဋ္ဋန၊ (ဝဋ္ဋနက၊) ဝဋ္ဋနီယ။

ဝဋ္ဋက ၊ တိ ၊ [✓ ဝဋ္ဋ+ဏ္ဍု] ဝဋ္ဋယတေ ဝိပ္ပလပတေတိ–ဝဋ္ဋကော၊ ဝဋ္ဋ–ဂမနေ။ ဓာန်ဋီ၊ ၇၃၇။ လိမ်လည်လှည့်ပတ်တတ်သော။

ဝဋ္ဋု

ဘူ= သပ္ပနေ–သွားခြင်း၌။ ဝဋ္ဋတိ၊ ဝဋ္ဋိတွာ။

ဝဋ္ဋန ၊ တိ ၊ [✓ ဝဋ္ဋု+ယု] သွားနိုင်သော။

အဝဋ္ဋန ၊ [နဲ+ဝဋ္ဋန] မသွားနိုင်သော။ သန္တိ ပါဒါ အဝဋ္ဋနာ။

ဝဇ

စု= သခ်ါရေ–ပြုပြင်ခြင်း၌။ ဝဇေတိ၊ ဝဇယတိ။

ဘူ+စု= ဂမနေ–သွားခြင်း၌။ ဝဇတိ။

ဝဇတိ ။ [✓ ဝဇ+အ+တိ] သွား၏၊ သိ၏၊ ဆည်းကပ်ကိုးကွယ်၏။ ဝဇန္တ၊ ဝဇန၊ ဝါဇေတိ၊ ခေါ်ဆောင်၏။

ဗီဇ၊ ဗီဇက ၊ နဲ ၊ [✓ ဝဇ+အ] ဝဇ–ဂတိယံ၊ အသီကာရော၊ ပစ္စယေဟိ ဝိနာ ဇာယတီတိ–ဗီဇံ။ ဝိရဟတ္တဇောတကော ဟျေတ္ထ ဝိကာရော။ ဓာန်ဋီ၊ ၂၇၃။ အင်္ဂါဇာတ်၊ အဥ၊ ဝှေးစေ့၊ ဗီဇက–၌ ကပစ္စည်း ထပ်သက်။

ဗီဇန ၊ ထီ+နဲ ၊ [✓ ဝဇ+ယု] ဝဇ–ဂတိယံ၊ အသီ။ ဓာန်ဋီ၊ ၃၁၆။ ထီ၌ ဗီဇနာ၊ ဗီဇနီ၊ ယပ်။

ဝဋ္ဋလ ၊ [✓ ဝဇ+ဥလ] ဝဇ–ဂမနေ၊ ဥလော။ ဓာန်ဋီ၊ ၅၅၃။ ကုန်းကြိမ်။ ဓာန်ဋီ၊ ၅၇၃။ အသောကပင်။

ဝဇ၊ ဝတ ၊ ပု ၊ [✓ ဝဇ+အ] ဝဇန္တိ ယံ ဂါဝေါ နိဝါသနတ္ထာယာတိ–ဝဇော။ ဓာန်ဋီ၊ ၁၈၉။ နွားခြံ။ ဇ–ကို တ–ပြု၊ ဝတ၊ အကျင့်။

ဝဇိရ ၊ တိ ၊ [✓ ဝဇ+ကိရ] ဝဇ–ဂမနေ၊ ဝဇတီတိ–ဝဇိရံ= ကုလိသံ။ မောဂ်–၇၊ ၁၄၉။ ဝဇ–ဂတိယံ၊ ဝဇတေဝ နဲ ပဋိဟညတေ ယသ ဂမနံ ကေနစီတိ–ဝဇိရံ၊ ဣရပစ္စယော။ ဓာန်ဋီ၊ ၂၄။ ဝရဇိန်လက်နက်၊ မိုးကြိုး။ ထီ၌ ဝဇိရာ၊ ဝဇိရီ၊ (အမည်။)

ဝဋုမ ၊ ပု+နဲ ၊ [✓ ဝဇ+ကုမ] ဝဇိသ'န္တသ ဋော၊ ဝဇန္တိ ဧတ္ထာတိ–ဝဋုမံ= ပထော။ မောဂ်–၇၊ ၁၃၁။ ဝဇ–ဂတိယံ၊ ဥမော၊ ဇသ ဋော။ ဓာန်ဋီ၊ ၁၉၀။ လမ်းခရီး၊ ကမ္မဝဋ်၊ အပိုင်းအခြား၊ လုံးဝန်းပုကွသူ။

ဝါဇ ၊ ပု ၊ [✓ ဝဇ+ဏ] ဝဇတျနေနာတိ–ဝါဇော။ ဓာန်ဋီ၊ ၃၉၀။ မြားရွက်၊ အရှိန်အဟုန်၊ ခွန်အား၊ ထောပတ်ပျားသကာ။ **ဝါဇပေယျ** [ဝါဇ ✓ ပါ+ဏျ] ထောပတ်ပျားသကာကိုသောက်ရာ–ယဇ်ပူဇော်ပွဲ။ **ဝါဇီ** [ဝါဇ+ဤ] မြင်း။

ဝါဇိက ၊ ပု ၊ [✓ ဝဇ+ဏေ+ဏ္ဍု] တောလိုက်မုဆိုး။

ဝါဇိတ ၊ တိ ၊ [✓ ဝဇ+ဏေ+တ] မြားရွက်တပ်မြား။ [ဝါဇ+ဣတ] လည်းကြံ။

ဝဂ္ဂ ၊ ပု ၊ [✓ ဝဇ+ဂက်] ဝဇတိ သမူဟတ္ထံ ဂစ္ဆတီတိ–ဝဂ္ဂေါ= သမူဟော။ မောဂ်–၇၊ ၃၂။ အပေါင်း။

ဝေဂ ၊ ပု ၊ [✓ ဝဇ+ဏ] ဣစ္ဆိတဋ္ဌာနံ ဝဇန္တိ ပါပုဏန္တိ ဧတေနာတိ–ဝေဂေါ၊ ဓာတူနမနေကတ္ထတ္တာ ဝဇဓာတု–ပါပုဏနေပိ ပဝတ္တတိ၊ အကာရသ ဧ။ ဓာန်ဋီ၊ ၄၀။ အဟုန်။

http://www.dhammadownload.com

အနုပဗ္ဗဇတိ ။ [အနု+ပ √ဝဇ+အ+တိ] အတုလိုက်၍–အရိယာတို့၏–အနီး–ထံပါး၌ ရဟန်းပြု၏။ အနုပဗ္ဗဇိတ၊ အနုပဗ္ဗဇ္ဇာ။

အနုဝဇတိ ။ [အနု √ဝဇ+အ+တိ] အစဉ်သွား၏၊ အစဉ်လိုက်၏၊ ကျင့်သုံး၏။

အဗ္ဗဇတိ ။ [အာ √ဝဇ+အ+တိ] ရောက်၏၊ ရ၏။ အာဝဇတိ၊ လာ၏။

ဥပဗ္ဗဇတိ ။ [ဥပ √ဝဇ+အ+တိ] ကပ်လှာ၏။

သံဝဇန္တ ၊ တိ ၊ [သံ √ဝဇ+အ+အန္တ] သွားသော။

သဥပဝဇ္ဇ ၊ တိ ၊ [သဟ+ဥပ √ဝဇ+ဏျ] ကပ်ရောက်အပ်သော ဂတိရှိသော။ (ဥပဝဇ္ဇ–ဖြစ်ပြီးမှ၊ သဟနှင့် ဗဟုဗ္ဗီစပ်။)

သမ္မာပရိဗ္ဗာဇနီယ ၊ နု ၊ [သမ္မာ+ပရိ √ဝဇ+အနီယ] ကောင်းစွာ နေထိုင်ကြောင်း (သမ္မာပရိဗ္ဗာဇနီယ သုတ်)။

ပဗ္ဗဇတိ ။ [ပ √ဝဇ+အ+တိ] မြင့်မြတ်ခြင်းသို့ ရောက်၏၊ ရှင်ပြု၏၊ ရဟန်းခံ၏။

ပဗ္ဗဇိတ ၊ ပု ၊ [ပ √ဝဇ+တ] သေဌတ္တံ ဝဇတီတိ–ပဗ္ဗဇိတော၊ ဝဇ–ဂမနေ၊ တော။ [ပဗ္ဗဇာ+ဣတ] ပဗ္ဗဇာ သဉ္ဇာတာ ယဿာတိ ဝါ–ပဗ္ဗဇိတော၊ သဉ္ဇာတတ္ထေ ဣတော။ ဓာန်ဋီ၊ ၄၃၃။ ရှင်, ရဟန်း။

ပဗ္ဗဇ္ဇာ ၊ ထီ ၊ [ပ √ဝဇ+ဏျ+အာ] ပဌမမေဝ ဝဇိတဗ္ဗာတိ–ပဗ္ဗဇ္ဇာ။ ကစ္စည်း၊ ၆၃၈။ (တရားအားမထုတ်ခင် ရှေးဦးအလျင် ကပ်ရောက်ထိုက်သော) ရှင်အဖြစ်, ရဟန်းအဖြစ်, ရသေ့အဖြစ်။

ဂဝဇ ၊ ပု ၊ [ဂေါ √ဝဇ+အ] ဂေါဝိယ ဝဇတိ ဇာယတီတိ–ဂဝဇော။ ဓာန်ဋီ၊ ၆၁၆။ နွားနောက် (တောနွား)။

ဝဇိ၊ ဝဥ္ဇ

ဘူ= စာဂေ–စွန့်ခွာရှောင်ကြဉ်ခြင်း၌။ ဝဥ္ဇတိ၊ ဝဥ္ဇတေ။

ဝဥ္ဇက ၊ ပု ၊ [√ဝဥ္ဇ+ဏ္ဍု] ဗြာဟ္မဏံ ဝဥ္ဇေတီတိ–ဝဥ္ဇကော။ ဓာန်ဋီ၊ ၆၁၅။ မြေခွေး (တောခွေး၊ ခွေးအ)။

ဝဇ္ဇ၊ ဝဇ္ဇီ

ဘူ+စု= ဝဇ္ဇနေ–ရှောင်ကြဉ်ခြင်း၌။ ဝဇ္ဇတိ၊ ဝဇ္ဇေတိ၊ ဝဇ္ဇယတိ။

ဝဇ္ဇေတိ ။ [√ဝဇ္ဇ+ဏေ+တိ] ရှောင်ကြဉ်၏။ ဝဇ္ဇိတွာ၊ ဝဇ္ဇေတွာ၊ ဝဇ္ဇယိတွာ၊ ဝဇ္ဇယိတွာန၊ ဝဇ္ဇေတုံ၊ ဝဇ္ဇယန္တ၊ ဝဇ္ဇိယမာန၊ ဝဇ္ဇန၊ ဝဇ္ဇနီယ၊ ဝဇ္ဇနိယ၊ ဝဇ္ဇယိတဗ္ဗ၊ ဝဇ္ဇိတ၊ ဝဇ္ဇိတဗ္ဗ။

ဝဂ္ဂ ၊ ပု ၊ [√ဝဇ္ဇ+ဏ] ဝဇ္ဇ–ဝဇ္ဇနေ၊ ဝဇ္ဇေတိ အသမာန ဇာတျာဒယောတိ–ဝဂ္ဂေါ၊ ဏော၊ ဇ္ဇဿ ဂ္ဂေါ။ ဓာန်ဋီ၊ ၆၃၂။ အစု၊ အပေါင်း။

ဝဇ္ဇီ ၊ ပု ၊ [√ဝဇ္ဇ+ဤ] ဝဇ္ဇေတဗ္ဗာတိ–ဝဇ္ဇီ။ ဓာန်ဋီ၊ ၁၈၄။ ဝဇ္ဇီတိုင်း၊ ဝဇ္ဇီတိုင်းသား။

ဝဇ္ဇ ၊ နု ၊ [√ဝဇ္ဇ+အ] ဝဇ္ဇီယတေတိ–ဝဇ္ဇံ၊ အပြစ်။ ဝဇ္ဇမေဝ–အဝဇ္ဇံ၊ နတ္ထိ အဝဇ္ဇံ ဒေါသော ယဿာတိ–**အနဝဇ္ဇံ**= ကုသလာဒိ။

အပဝဂ္ဂ ၊ ပု ၊ [အပ √ဝဇ္ဇ+ဏ] အပဝဇ္ဇတေ သံသာရော အတြ။ ဝါစပ္ပတိ။ အပဝဇ္ဇန္တိ သင်္ခါရာ ဧတသ္မာတိ–အပဝဂ္ဂေါ။ ဓာန်ဋီ၊ ၈။ ဖဲကြဉ်ထွက်မြောက်ရာ (နိဗ္ဗာန်)။

အပဝဇ္ဇန ၊ နု ၊ [အပ √ဝဇ္ဇ+ယု] ဝဇ္ဇ–ဝဇ္ဇနေ၊ ဘာဝသာဓနံ။ ဓာန်ဋီ၊ ၄၂၀။ ဖဲကြဉ်လွတ်ကင်းခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း။

အနွာဝဇ္ဇနာ ၊ ထီ ၊ [အနု+အာ √ဝဇ္ဇ+ယု+အာ] အဖန်ဖန် အတပ်ထပ် ဆင်ခြင်–နှလုံးသွင်းခြင်း။

အာဝဇ္ဇတိ ။ [အာ √ဝဇ္ဇ+အ+တိ] အာဝဇ္ဇယတိ၊ အာဝဇ္ဇေတိ၊ ဆင်ခြင်–နှလုံးသွင်း၏။ အာဝဇ္ဇန္တ၊ အာဝဇ္ဇယန္တ၊ အာဝဇ္ဇေန္တ၊ အာဝဇ္ဇမာန၊ အာဝဇ္ဇယမာန၊ အာဝဇ္ဇိတုံ၊ အာဝဇ္ဇိတွာ၊ အာဝဇ္ဇေတွာ၊ အာဝဇ္ဇိတ၊ အာဝဇ္ဇိတဗ္ဗ။

အာဝဇ္ဇန ၊ ထီ+နု ၊ [အာ √ဝဇ္ဇ+ယု] ဘဝင်္ဂစိတ္တံ အာဝဇ္ဇယတီတိ–အာဝဇ္ဇနာ။ အံဋီ–၁၊ ၇၅။ အာဝဇ္ဇန်း၊ အာဝဇ္ဇန်းစိတ်။

ဝိဝဇ္ဇတိ ။ [ဝိ √ဝဇ္ဇ+အ+တိ] ဝိဝဇ္ဇေတိ၊ ရှောင်ကွင်း၏၊ ဖယ်ရှား၏၊ ရှောင်ကြဉ်၏၊ ပယ်စွန့်၏။ ဝိဝဇ္ဇိယ၊ (တွာ–ပစ္စည်းကို ယ–ပြု၊) ဝိဝဇ္ဇေတွာ၊ ဝိဝဇ္ဇယိတွာ၊ ဝိဝဇ္ဇန္တ၊ ဝိဝဇ္ဇေန္တ၊ ဝိဝဇ္ဇယန္တ၊ ဝိဝဇ္ဇမာန၊ ဝိဝဇ္ဇ၊ (ကင်းခြင်း။) ဝိဝဇ္ဇန၊ ဝိဝဇ္ဇနီယ၊ ဝိဝဇ္ဇိတ၊ ဝိဝဇ္ဇေတဗ္ဗ၊ (သုဝိဝဇ္ဇိတ။)

အဘိနိဗ္ဗဇ္ဇယတိ ။ [အဘိ+နိ √ဝဇ္ဇ+ဏယ+တိ] အဘိနိဝဇ္ဇေတိ၊ ရှောင်ကြဉ်၏၊ လွှဲဖယ်၏။ အဘိနိဝဇ္ဇိတွာ၊ အဘိနိဝဇ္ဇေတွာ။

http://www.dhammadownload.com

သမာဝဇ္ဇတိ ။ [သံ+အာ ✓ဝဇ္ဇ+အ+တိ] ကောင်းစွာ ဆင်ခြင်(နှလုံးသွင်း)၏။

သုပရိဝဇ္ဇေတိ ။ [သု+ပရိ ✓ဝဇ္ဇ+ဏော+တိ] ရှောင်လွယ်၏၊ ရှောင်ဖို့လွယ်ကူ၏။

ဝဋ္ဋ

စု= ဝိဘာဇနေ ဂန္ထေသု–ဝေဖန်ခြင်း, ထုံးဖွဲ့ခြင်း–(စာပေကျမ်းဂန်)ဖွဲ့ကုံးစီရင်ခြင်းတို့၌။

ဘူ+စု= ဝေဌနေ–ရစ်ပတ်ခြင်း၌။ ဝဋေတိ၊ ဝဋယတိ၊ ဝဋတိ၊ ဝိဝဋေတွာ။

ဝဋ္ဋ ၊ ပု ၊ [✓ဝဋ္ဋ+အ] ဝဋ္ဋ–ဝေဌနေ၊ ဝဋတီတိ–အ။ ဓာန်ဦး၊ ၅၅၁။ ပညောင်ပင်။ နှ ။ ချပ်(ရက်ကန်းသုံး)။

ဝါဋ္ဋ ၊ ပု ၊ [✓ဝဋ္ဋ+ဏ] အရံအတား၊ မဏ္ဍပ်, ဧရပ်။

ဝါဋ္ဋက [ဝါဋ္ဋ+က] အဝန်းအဝိုင်း၊ လည်မျိုး။

အာဝဋ္ဋန ၊ နှ ၊ [အာ ✓ဝဋ္ဋ+ယု] ထည့်စရာအိမ်။

ဗျာဝဋ္ဋ ၊ တိ ၊ [ဝိ+အာ ✓ဝဋ္ဋ+အ] ကြိုးစားအားထုတ်သော၊ ကြောင့်ကြစိုက်သော၊ လုံ့လပြုသော။

ဝိဋပ ၊ ပု ၊ [✓ဝဋ္ဋ+အပ] ဝဋ္ဋ–ဝေဌနေ၊ အဿကူတွံ၊ ဝဋတိ ဝေဌတိ ဧတေနာတိ–ဝိဋပေါ= ဂုမ္ဗဝိသေသော။ မောဂ်–၇၊ ၁၁၉။ သစ်ခက်၊ ချုံပုတ်။

ဝဋ္ဌိ၊ ဝဏ္ဏ

ဘူ= ထေယျေ–ခိုးခြင်း၌။ ဝဏ္ဏတိ၊ ဝဏ္ဏေတိ။

ဘူ+စု= ဝိဘာဇနေ–ဝေဖန်ခြင်း၌။ ဝဏ္ဏယတိ။

ဝဏ္ဏက ၊ ပု ၊ [✓ဝဋ္ဌိ+ဏ္ဏု] ဝဋ္ဌိ–ဝိဘာဇနေ၊ ဏ္ဏု။ ဓာန်ဦး၊ ၄၈၅။ အဖို့, အစု။

ဝဏ္ဏ ၊ နှ ၊ [✓ဝဏ္ဏ+က] ဗန္ဓိယတေနေနာတိ-ဝဏ္ဏံ၊ ဝဋ္ဌိ–ဓာရဏာ ဗန္ဓန သံဃာဌေသု၊ ကော၊ ကလောပေါ။ သူစိ။ အညာ၊ အဝိုင်း၊ ယပ်၊ ယပ်ဝန်း။

တာလဝဏ္ဏ ၊ နှ ၊ [တာလ+ဝဏ္ဏ] တာလဝဏ္ဏေဟိ ကတတ္တာ–တာလဝဏ္ဏံ၊ ဝဏ္ဏံ နာမ ဗီဇနာဒိကရဏတ္ထံ ပိသုံ ဘာဇိတော တာလပတ္တာ ဝယဝေါ၊ တာလဝဏ္ဏသဒ္ဒဿ ယထာဝုတ္တဝစနတ္ထယောဂေပိ သတိ သညာသဒ္ဒတ္တာ ဗီဇနီသာမညေ ပဝတ္တိ ဝေဒိတဗ္ဗာ၊ ယဒါ ပန တာလဝဏ္ဏေဟိ ကတဗီဇနိမေဝ ဝတ္တုမိစ္ဆတိ၊ တဒါ ဧကေန တာလသဒ္ဒေန ဝိသေသေတွာ တာလတာလဝဏ္ဏန္တိ ဝတ္တဗ္ဗံ၊ ယထာ တိလဿ တေလံ၊ သုဂတဿ သုဂတစီဝရန္တိ။ ဓာန်ဦး၊ ၃၁၆။ ယပ်တောင်။

ဝဋ္ဋ

ဘူ= အာဝတ္တနေ–ချာချာလည်ခြင်း၌။ ဝဋ္ဋတိ။

ဝဋ္ဋတိ ။ [✓ဝဋ္ဋ+အ+တိ] ချာချာလည်၏၊ လူးလိမ့်၏၊ လည်စေ၏=(ကြိုးကျစ်၏၊ ရက်ဖောက်ယောက်၏၊ လိမ့်၏၊) အပ်စပ်၏၊ သင့်တော်၏။ ဝဋ္ဋီတွာ၊ ဝဋ္ဋန်၊ ဝဋ္ဋမာန၊ (ဝဋ္ဋာပေတိ၊ ဝဋ္ဋေတိ၊) ဝဋ္ဋာပေတွာ၊ ဝဋ္ဋေတွာ၊ ဝဋ္ဋေန်၊ ဝဋ္ဋယမာန။

ဝဋ္ဋကာ ၊ ထိ ၊ [✓ဝဋ္ဋ+ဏ္ဏု+အာ] ဝဋ္ဋ–ဝဋ္ဋနေ၊ ဏ္ဏု၊ ဝဋ္ဋကာ၊ နာရီ။ ဓာန်ဦး၊ ၆၂၅။ ဝုံး။

ဗိန္ဒု ၊ ပု+နှ ၊ [✓ဝဋ္ဋ+ဥ] ဝဋ္ဋတ္တာ–ဗိန္ဒု၊ ပဗ္ဗဇ္ဇာဒိနာ ရူပသိဒ္ဓိ။ ဓာန်ဦး၊ ၁၂၉။ လုံးသည်၊ ရေပေါက်၊ ဗိန္ဒုသဏ္ဌာ။

ဝဋ္ဋန ၊ ထိ+နှ ၊ [✓ဝဋ္ဋ+ယု] လူးလိမ့်ခြင်း, လည်ခြင်း၊ ဖြစ်ခြင်း၊ အိုးခြမ်းကွဲ၊ ပုတီးလုံး။

ဝဋ္ဋနက ၊ [ဝဋ္ဋန+က] အပ်စပ်သော၊ သင့်တော်သော။

ဝဋ္ဋနီ ၊ ထိ ၊ [✓ဝဋ္ဋ+အနိ] ဝဋ္ဋန္တိ ဧတေနာတိ–ဝဋ္ဋနီ= တသရဒဏ္ဍံ၊ လက်လိပ်(ရက်ကန်းသုံး)၊ အလုံး, အဝိုင်း၊ ဘုံ–ဗိမာန်။ မောဂ်၌ ဝတ္တနိ–ဟုသာ ရှိသည်။ ဝတ္တု, ဝတ္တဓာတ်ကို ရှုပါ။

ဝဋ္ဋလ ၊ တိ ၊ [✓ဝဋ္ဋ+အလ] ရေပွက်ကဲ့သို့ လုံးဝိုင်းသော။ ဝဋ္ဋလေ ဗုဗ္ဗုဠဉသဏ္ဌာနေ။ ဓာန်ဦး၊ ၁၀၁၈။

ဝဋ္ဋီ ၊ ထိ ၊ [✓ဝဋ္ဋ+ဣ] မီးစာ၊ မင်းတုပ်လျှိုသောတိုင်၊ အစွန်အနား၊ အရစ်, အခွေအလိပ်၊ ဆေးလုံး၊ အလုံး၊ အတုံး–အတစ်၊ ပတ္တီး။

ဝဋ္ဋီက [✓ဝဋ္ဋ+က+အာ] အလုံး၊ ပတ္တီး၊ စုတ်တံ(ဘရပ်)။

ဝဋ္ဋိတ ၊ တိ ၊ [✓ဝဋ္ဋ+တ] လိပ်အပ်သော၊ ကျစ်အပ်သော၊ လိမ့်သော၊ လည်သော၊ လှိမ့်အပ်သော၊ (ကာရိုက်ကျေ။) သုဝဋ္ဋိတ၊ ကောင်းစွာလုံးဝန်းသော။

ဝဋ္ဋုလ ၊ တိ ၊ [✓ဝဋ္ဋ+ကုလ] ဝဋ္ဋ–ဝတ္တနေ၊ ဝဋ္ဋတီတိ–ဝဋ္ဋုလော= ပရိမဏ္ဍလော။ မောဂ်–၇၊ ၁၉၂။ လုံးသော, ဝန်း–ဝိုင်းသော၊ အလုံး, အဝန်း, အဝိုင်း။

http://www.dhammadownload.com

ဝဋ္ဌ ၊ တိ ၊ [√ ဝဋ္ဌ+အ] လုံး-ဝန်းသော၊ အလုံး-အဝန်း။ ပု+နဝ ။ဝဋ်တရား၊ ရိက္ခာ-လှူဖွယ်ဝတ္ထု၊ ငုံး(ငှက်)၊ ဂျင်(ကစားစရာ)၊ အကြောင်း၊ ကြေးပုပ်၊ ဟင်းလင်းပွင့်ခြင်း။ **ဝဋ္ဌက** [ဝဋ္ဌ+က] ငုံး၊ လက်ဆွဲယာဉ်၊ လက်တွန်းယာဉ်။

အာဝဋ္ဌတိ ။ [အာ √ ဝဋ္ဌ+အ+တိ] ချာချာလည်၏၊ ရှေးရှုလည်၏၊ ပြန်လှည့်လာ၏၊ (စိတ်)ဆုတ်နစ်၏၊ (စိတ်)ပြောင်းလဲ၏။ အာဝဋ္ဌန္တ၊ အာဝဋ္ဌမာန၊ အာဝဋ္ဌိတွာ၊ အာဝဋ္ဌိတ။

အာဝဋ္ဌ ၊ တိ ၊ [အာ √ ဝဋ္ဌ+အ] အာဝဋ္ဌန္တိ ဇလာနိအတြာတိ-အာဝဋ္ဌော။ ဓာန်ဋီ၊ ၆၆၀။ ရေဝဲလည်သော၊ လှည့်ပတ်အပ်သော၊ ဗွေ၊ အရစ်၊ အဝန်း။

ဥဗ္ဗဋ္ဌာပေတိ ။ [ဥ √ ဝဋ္ဌ+ဏာပေ+တိ] ဥဗ္ဗဋ္ဌေတိ၊ ပွတ်တိုက်စေ၏၊ လိမ်းကျံ၏၊ ပွတ်၏။ ဥဗ္ဗဋ္ဌေတွာ၊ ဥဗ္ဗဋ္ဌန။

အာဝဋ္ဌန ၊ နဝ ၊ [အာ √ ဝဋ္ဌ+ယု] ရှေ့သို့လည်ခြင်း, လိမ့်ခြင်း၊ ပြန်လည်လာခြင်း, ပြန်လှည့်လာခြင်း။

အာဝဋ္ဌန ၊ ထီ+နဝ ၊ [အာ √ ဝဋ္ဌ+ဏော+ယု] အာဝဇ္ဇန်း (ဘဝင်စိတ်ကို ပြန်လည်ရပ်တန့်စေသောသဘော)၊ လည်စေခြင်း။

အာဝဋ္ဌနီ ၊ ထီ ၊ [အာ √ ဝဋ္ဌ+ဏော+ယု+ဤ] စိတ်သဘောထား ပြောင်းလဲသွားအောင် လှည့်ပတ်ဆွဲဆောင် သိမ်းသွင်းကြောင်း(အတတ်)၊ ကာမဂုဏ်ဖြင့် လှည့်ပတ်ဖြားယောင်း သွေးဆောင်တတ်သော-(မိန်းမ)၊ လှည့်ပတ်တွေဝေစေတတ်သော။

အာဝဋ္ဌေတိ ။ [အာ √ ဝဋ္ဌ+ဏော+တိ] ပြန်လည်စေ၏၊ လှည့်ပတ်၏၊ ဆုတ်နစ်ရပ်တန့်စေ၏၊ လည်ပတ်စေ၏။ အာဝဋ္ဌေတုံ၊ အာဝဋ္ဌေတွာ၊ အာဝဋ္ဌေန္တ၊ အာဝဋ္ဌေတဗ္ဗ၊ (အာဝဋ္ဌီယတိ။)

ကေဝဋ္ဌ ၊ ပု ၊ [က √ ဝဋ္ဌ+အ] ကေ ဥဒကေ မစ္ဆဂဟနတ္ထာယ ဝဋ္ဌတီတိ-ကေဝဋ္ဌော။ ဧဋီ။ တံငါ။

ဝိဝဋ္ဌတိ ။ [ဝိ √ ဝဋ္ဌ+တိ] လူးလှိမ့်၏၊ လျှောကျ၏၊ တိုးပွား၏၊ ဆုတ်နစ်၏။ ဝိဝဋ္ဌိတွာ၊ ဝိဝဋ္ဌမာန၊ ဝိဝဋ္ဌေတွာ၊ ဝိဋ္ဌေတုံ၊ ဝိဝဋ္ဌယိတဗ္ဗ၊ ဝိဝဋ္ဌိတ။

ဝိဝဋ္ဌ ၊ တိ ၊ [ဝိ √ ဝဋ္ဌ+ဏ] (သင်္ကန်း၏)အလယ်ခန်း၊ တိုးပွားသော ဝိဝဋ္ဌကပ်၊ နိဗ္ဗာန်၊ ကင်းစေအပ်သော၊ ဖြစ်ခြင်း၊ တိုးပွားခြင်း။

ဝိဝဋ္ဌ ၊ ပု+နဝ ၊ [ဝိ √ ဝဋ္ဌ+ဏ] ဝိဝဋ္ဌောနာမ စီဝရမဇ္ဈဂတမဂ္ဂေါ၊ သော ဟိ ဝိသုံ ဝိသုံ ဝဋ္ဌတီတိ-ဝိဝဋ္ဌောတိ-ဝုစ္စတိ၊ ဝဋ္ဌ-အာဝဋ္ဌနေ။ ဓာန်ဋီ၊ ၂၉၆။ ခေါင်စပ်၊ (မြောင်းစပ်၊) နိဗ္ဗာန်၊ လုံးဝိုင်းသော။

ဝိဝဋ္ဌန ၊ ထီ+နဝ ၊ [ဝိ √ ဝဋ္ဌ+ယု] အရိယမဂ်၊ တိုးပွားခြင်း၊ ဆုတ်နစ်ခြင်း၊ လျှောကျခြင်း၊ လျှောကျရာ၊ ဖယ်ခွာခြင်း၊ မျက်ကွယ်ဖြစ်ခြင်း၊ -သော။

သံဝဋ္ဌတိ ။ [သံ √ ဝဋ္ဌ+အ+တိ] ပျက်၏၊ ဖျာကဲ့သို့လိပ်၏၊ မြေပြို၏၊ စုရုံး၏၊ ပေါင်းစု၏။ သံဝဋ္ဌိတွာ၊ သံဝဋ္ဌမာန၊ သံဝဋ္ဌန။

သံဝဋ္ဌ ၊ ပု ၊ [သံ √ ဝဋ္ဌ+ဏ] ဆုတ်ယုတ်သော၊ ပျက်စီးသော၊ ပျက်စီးခြင်း၊ သံဝဋ္ဌကပ်။

သံဝဋ္ဌက ၊ တိ ၊ [သံ √ ဝဋ္ဌ+ဏော+ဏွု] ပျက်စီးကြောင်း (ဖြစ်သော)၊ ပျက်စီးစေတတ်သော။

အန္ဓာဝဋ္ဌတိ ။ [အနု+အာ √ ဝဋ္ဌ+အ+တိ] အဖန်ဖန်ရှေးရှုဖြစ်တတ်၏၊ ချဉ်းကပ်၏။ အန္ဓာဝဋ္ဌနာ၊ အာဝဇ္ဇန်း (ဘဝင်စိတ်ကို အဖန်ဖန်လည်စေတတ်သောသဘော)။

ဗျာဝဋ္ဌတိ ။ [ဝိ+အာ √ ဝဋ္ဌ+အ+တိ] တွန့်၏၊ လည်၏။

ဝိနိဝဋ္ဌတိ ။ [ဝိ+နိ √ ဝဋ္ဌ+အ+တိ] ဆုတ်နစ်၏၊ ပြန်လည်၏၊ ကင်းစင်၏၊ လျှောကျ၏၊ ဖဲခွာ၏၊ ရပ်တန့်-ကွေ့လည်၏။ ဝိနိဝဋ္ဌ၊ (လှစ်ခွာအပ်သော, ပယ်အပ်သော။) ဝိနိဝဋ္ဌန၊ (ထီ+နဝ= အဆုံးသတ်ခြင်း, ဆုတ်နစ်ခြင်း။) ဝိနိဝဋ္ဌေတဗ္ဗ၊ (ပြီးဆုံးစေအပ်သော။)

ဝိနိဝဋ္ဌေတိ ။ [ဝိ+နိ √ ဝဋ္ဌ+ဏော+တိ] ပြီးဆုံးစေ၏၊ ဖြေရှင်း၏၊ ဆုတ်နစ်၏။ ဝိနိဝဋ္ဌိတွာ၊ ဝိနိဝဋ္ဌေန္တ။

သမာဝဋ္ဌန ၊ နဝ ၊ [သံ+အာ √ ဝဋ္ဌ+ယု] အဖန်ဖန်လည်ခြင်း။

ဝဌ

ဘူ= သာမတ္ထျထူလိသေ-စွမ်းနိုင်ခြင်း, ဆူဖြိုးခြင်း၌။ ဝဌတိ။

ဝဌိ

ဘူ= ဧကစာရေ-တစ်ယောက်ထီးတည်း သွားလာခြင်း၌။ ဝဏ္ဍတိ။

ဝဋိ၊ ဝဏ္ဍ

ဘူ= ဝေဌာ-ဝတ္တ ဓာရဏ ဝဏ္ဍတ္ထ ဗန္ဓ သဃ်ာတေသု-ရစ်ပတ်ခြင်း, ချာချာလည်ခြင်း, ဆောင်ခြင်း, အညှာဟူသောအနက်, ဖွဲ့ခြင်း, ပေါင်းစုခြင်းအနက်တို့၌။

ဘူ+စု= ဝိဘာဇနေ-ဝေဖန်ခြင်း၌။ ဝဏ္ဍတိ၊ ဝဏ္ဍယတိ။

http://www.dhammadownload.com

ဝဏ္ဏ ၊ ပု+နာ ၊ [✓ဝဍ္ဎိ+အ] ဝဏ္ဏိယတေ ဗန္ဓိယတေ ယေနာတိ–ဝဏ္ဏ၊ အညာ (ပွင့်ညာ၊ သီးညာ–စသည်)။ ဝဏ္ဏန္တိ ဇေတ္ထာတိ–ဝဏ္ဏော၊ ပန်းညာ။ ဓာတွတ္ထ။

ဝမှ

ဘူ= ဝမှနေ–ကြီးပွားခြင်း၌။ ဝမှတိ။

စု= အာကိရဏော–လောင်းထည့်ခြင်း၌။ ဝမေတိ၊ ဝမုယတိ။

ဝမှတိ ။ [✓ဝမှ+အ+တိ] ကြီးပွား၏၊ တိုးတက်၏၊ ဖွံ့ဖြိုး၏၊ ပြည့်၏။ ဝမိတွာ၊ ဝမ္ဘန္တ၊ ဝမိတုံ၊ ဝမိယတိ၊ ဝမိယမာန၊ (ဝမေတိ၊ ဝမုယတိ၊) ဝမေတွာ၊ (ဝမာပေတိ၊) ဝမာပေတွာ၊ ဝမုယိတွာ၊ ဝမေတုံ၊ ဝမာပေတုံ၊ ဝမေန္တ၊ ဝမုယန္တ၊ ဝမာပေန္တ၊ (ဝမာပိယတိ၊) ဝမှန၊ (ထိ+နာ) ကြီးပွား–တိုးတက်–ဖွံ့ဖြိုးခြင်း။

ဝမှနက [ဝမှန+က] ကြီးပွား–တိုးတက်–ဖွံ့ဖြိုးသော။ ဝမှနီယ၊ ဝမှမာန။

ဝမှမာနက [ဝမှမာန+က] တိုးပွားစေအပ်သော၊ ခူးခပ်ထားသော၊ (နာ)–ထမင်းပွဲ၊ ထမင်းအုပ်။

ဝမှယတိ ။ [✓ဝမှ+ဏယ+တိ] ဝမေတိ၊ လောင်းထည့်၏၊ ခူးခပ်၏။ ဝမေတွာ။

ဝမှ ၊ နာ ၊ [✓ဝမှ+အ] ကြီးပွား–တိုးတက်ခြင်း။ ပု ။ အမည်။ တိ ။မြတ်သော။ **ဝမှက** [ဝမှ+က] တိုးပွားခြင်း။

ဝမှက ၊ တိ ၊ [✓ဝမှ+ဏော+ကွ] ကြီးပွားတိုးတက်စေတတ်သော။

ဝမှမာနက ၊ ပု ၊ [✓ဝမှ+အ+မာန+က] ဝမုတိ ဝိတ္ထိဏ္ဍိဘဝတီတိ–ဝမှမာနကော၊ သကတ္ထေ ကော။ ဓာန်ဦး၊ ၄၅၈။ စလောင်း၊ (ရေသောက်ခွက်။)

ဝမိ ၊ ထိ+နာ ၊ [✓ဝမှ+တိ] ရှု၊ ၆၁၅။ တိုးတက်–ကြီးပွား–ဖွံ့ဖြိုးခြင်း။

ဝမိတ ၊ တိ ၊ [✓ဝမှ+တ] ကျွေးမွေးအပ်သော၊ တိုးပွားသော၊ တိုးပွားစေအပ်သော၊ ပွားများအပ်သော၊ ကြီးပွားသော၊ ခူးအပ်ပြီးသော။

ဝမိတက [ဝမိတ+က] ခူးအပ်ပြီးသော(ထမင်း)။

သုဝမိတ၊ ကောင်းစွာခူးအပ်သော။

ဝမိတဗ္ဓ၊ ဝမေတဗ္ဓ ၊ တိ ၊ [✓ဝမှ+တဗ္ဓ= ✓ဝမှ+ဏော+တဗ္ဓ] ပွားများသင့်သော၊ ပွားစေသင့်သော၊ နှောင်ဖွဲ့သင့်သော။

ဝမေတု ၊ ပု ၊ [✓ဝမှ+ဏော+တု] ပွားစေတတ်သူ။

ဝုမှ ၊ တိ ၊ [✓ဝမှ+တ] ဝမှ–ဝမုနေ၊ ကတ္တရိ တော၊ တဿ ဟော၊ မှဿ ဠော၊ အသုတ္တံ။ ဓာန်ဦး၊ ၂၅၄။ ကြီးသော၊ အိုမင်းသော။ **ဝုမှက** [ဝုမှ+က] ထိ၌ ဝုမိကာ။

ဝုမှာပိယမာန ၊ တိ ၊ [✓ဝမှ+ဏာပယ+မာန] တိုးတက်–ကြီးပွားစေအပ်သော။

ဝုမိ ၊ ထိ ၊ [✓ဝမှ+တိ] ဝုဒ္ဓိ။ ရှု၊ ၆၁၅။ တိုးတက်ကြီးပွားခြင်း၊ စည်ပင်ပြန့်ပွားခြင်း။

ဝုမိတ ၊ တိ ၊ [✓ဝမှ+တ] တိုးပွားစေအပ်သော၊ ခူးအပ်သော(ထမင်း)။

အနုဝမေတိ ။ [အနု ✓ဝမှ+ဏော+တိ] ပွားစေ၏၊ အဖန်ဖန်ပွားစေ၏။ အနုဝမိ။

အဘိဝမုတိ ။ [အဘိ ✓ဝမှ+အ+တိ] တိုးတက်ပွားများ၏။ အဘိဝမုန၊ အဘိဝမုမာန၊ အဘိဝမိ၊ အဘိဝမိတ၊ အဘိဝမိတဗ္ဓ၊ အဘိဝမိတုံ၊ အဘိဝမေတိ= အဘိဝမုယတိ၊ တိုးတက်စေ၏၊ ပြည့်လျှမ်းစေ၏၊ တိုးတက်ပွားများစေ၏။

အဘိဝမု ၊ တိ ၊ [အဘိ ✓ဝမှ+တ] တိုးတက်–ကြီးပွားစေ၏၊ ဖွံ့ဖြိုးစေ၏။ အဘိဝုမှ၊ အဘိဝုဒ္ဓ၊ အဘိဝုမိ၊ အဘိဝုဒ္ဓိ၊ အဘိသံဝမုမာန (အလွန်တိုးတက်သော)။

ဝိဝမု ၊ တိ ၊ [ဝိ ✓ဝမှ+တ] ဝိဝမိတ၊ တိုးတက်သော၊ ကြီးပွားသော။

သံဝမုတိ ။ [သံ ✓ဝမှ+အ+တိ] ကြီးပွား–တိုးတက်–ဖွံ့ဖြိုး၏။ သံဝမုမာန၊ သံဝမိယမာန၊ (သံဝမေတိ၊) သံဝမေတွာ၊ သံဝမုယိတွာ၊ သံဝမေန္တ၊ သံဝမုန၊ သံဝမာပိတ၊ သံဝမိတ၊ သံဝမု၊ သမ္မဝမိတ၊ ကြီးပွားသော။

သံဝမုက ၊ တိ ၊ [သံ ✓ဝမှ+ကွ] ကြီးပွား–တိုးတက်–ဖွံ့ဖြိုးစေတတ်သော၊ ထိ၌ သံဝမိကာ။

ဝဏ

ဘူ= သဒ္ဒေ–အသံပြုခြင်း, စကားဆိုခြင်း၌။ ဝဏတိ။

စု= ဂတ္တဝိစုဏ္ဏနေ–ကိုယ်အင်္ဂါကို မှုန့်မှုန့်ညက်ညက် ဖျက်ဆီးခြင်း၌။ ဝဏောတိ။

ဝဏ ၊ ပု+နာ ၊ [✓ဝဏ+အ] ဝဏ–ဂတ္တဝိစုဏ္ဏနေ, စုရာဒိ အ၊ ဝဏော။ ဓာန်ဦး၊ ၃၂၄။ ဝဏောတိ သရီရံ

http://www.dhammadownload.com

ဝိစုဏ္ဏောတိ ဆိဒ္ဒါဝဆိဒ္ဒံ ကရောတီတိ–ဝဏ္ဏော= အရ၊ အနာ၊ အိုင်းအမာ။

ဝဏ္ဏိဇ ၊ ပု ၊ [✓ဝဏ္ဏ+ဏ္ဍဇ] ဝဏ္ဏ–သဒ္ဒေ၊ ဏ္ဍဇော။ ဓာန်ဦ၊ ၄၆၉။ ကုန်သည်–ကုန်သွယ်သူ။

ဝါဏိဇ [ဝဏိဇ+ဏ] ဝဏိဇောယေဝ–ဝါဏိဇော။ **ဝါဏိဇက** [ဝါဏိဇ+က] ကုန်သည်။

ဝါဏိဇ္ဇာ [ဝါဏိဇ+ဏျ+အာ] ဝါဏိဇာနံ ကမ္မံ ဝါဏိဇ္ဇာ၊ ကုန်သွယ်ခြင်း, ရောင်းဝယ်ခြင်း။

ဝါဏ ၊ ပု ၊ [✓ဝဏ+ဏ] ဝဏျတေ သဒ္ဒါယတေ နေနေတိ–ဝါဏော၊ ဏော၊ ဝဏ–သဒ္ဒေ။ ဓာန်ဦ၊ ၃၈၉။ မြား။

ဝဏ္ဏ

စု= ဝဏ္ဏကြိယာ ဝိတ္ထာရ ဂုဏဝစနေသု–အဆင်းကို ပြုခြင်း, ချဲ့ထွင်ခြင်း, ဂုဏ်ကျေးဇူးကို ပြောဆို ခြင်းတို့၌။ ဝဏ္ဏေတိ၊ ဝဏ္ဏယတိ။

ပေရဏော စ–တိုက်တွန်းနှိုးဆော်ခြင်း၌လည်း။

ဝဏ္ဏေတိ ။ [✓ဝဏ္ဏ+ဏော+တိ] ဝဏ္ဏယတိ၊ ချီးမွမ်း၏၊ အကျယ်ချဲ့–ဖွင့်၏၊ ထင်ရှားအောင်ပြု၏၊ ဖော်ပြ၏။ ဝဏ္ဏေတွာ, ဝဏ္ဏယိတွာ၊ ဝဏ္ဏေတုံ၊ ဝဏ္ဏိတုံ၊ ဝဏ္ဏယန္တော၊ ဝဏ္ဏေန္တော၊ ဝဏ္ဏယမာန၊ ဝဏ္ဏိယတိ၊ ဝဏ္ဏိယမာန၊ ဝဏ္ဏိတ၊ ဝဏ္ဏိတဗ္ဗ၊ ဝဏ္ဏေတဗ္ဗ၊ ဝဏ္ဏနီယ၊ ဝဏ္ဏေတု။

ဝဏ္ဏနာ ၊ ထီ+န ၊ [✓ဝဏ္ဏ+ယု] ဝဏ္ဏ–ပသံသာယံ၊ ဝဏ္ဏီယတေတိ–ဝဏ္ဏနာ။ ဓာန်ဦ၊ ၁၁၈။ အဖွင့် (အဋ္ဌကထာ–စသည်)၊ ချီးမွမ်းခြင်း။

ဝဏ္ဏ ၊ ပု+န ၊ [✓ဝဏ္ဏ+ဏ] အညမညသင်္ကန်ရတော ဝဏ္ဏေတဗ္ဗတော ဋ္ဌပေတဗ္ဗတော–ဝဏ္ဏ၊ ဝဏ္ဏ–ဋ္ဌပနေ။ ဓာန်ဦ၊ ၃၃၂။ အမျိုး။ ဝဏ္ဏီယတိ ပကာသီယတိ အတ္ထော ယေန, သော–ဝဏ္ဏော၊ ဝဏ္ဏ–ပကာသနေ။ ဓာန်ဦ၊ ၃၄၈။ အက္ခရာ။ ဝဏ္ဏ–သဒ္ဒေ၊ ဝဏ္ဏော။ ဓာန်ဦ၊ ၆၆၃။ သဲ။ ချီးမွမ်းခြင်း၊ အကြောင်း၊ ပုံသဏ္ဌာန်–အခြင်းအရာ၊ အတိုင်း အရှည်ပမာဏ၊ အဆင်းရုပါရုံ၊ အရေအဆင်း၊ ရွှေ၊ အမျိုးဇာတ်၊ ဂုဏ်ကျေးဇူး၊ လှပခြင်း၊ အမျိုးအစား၊ အဖွင့်၊ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်း။ **သုဝဏ္ဏ** ၊ တိ ၊ [သု+ဝဏ္ဏ] သောဘနော ဝဏ္ဏော ယဿာတိ–သုဝဏ္ဏံ။ ဓာန်ဦ၊ ၄၈၇။ ရွှေ။

ဝဏ္ဏက ၊ န ၊ [✓ဝဏ္ဏ+ကွ] ဝဏ္ဏ–ဝဏ္ဏကြိယာ ဝိတ္ထာရ ဂုဏဝစနေသု၊ စုရာဒိ။ ဝဏ္ဏယတိတိ–ဝဏ္ဏကံ၊ ကွ။ ဓာန်ဦ၊ ၃၀၆။ နံ့သာပျောင်း၊ အရောင်တင်။

ဝဏ္ဏိတ ၊ တိ ၊ [✓ဝဏ္ဏ+တ] ဝဏ္ဏ–ဝဏ္ဏကြိယာ ဝိတ္ထာရ ဂုဏဝစနေသု၊ ဓာန်ဦ၊ ၇၅၂။ ချီးမွမ်း အပ်သော။

ဝနိဗ္ဗက ၊ တိ ၊ [✓ဝဏ္ဏ ✓ဝက+အ] ဒါနဖလံ ဝဏ္ဏေတွာ ဝကတိ ယာစတီတိ–ဝနိဗ္ဗကော၊ ဝဏ္ဏသ ဝနိ၊ ဝက–အာဒါနေ၊ အာဒါနမေတ္ထ ယာစနမေဝ။ ဓာန်ဦ၊ ၇၄၀။ သူတောင်းစား။

ဝဏ္ဏု ၊ ပု ၊ [✓ဝဏ္ဏ+ဥ] ဝဏ္ဏ–သဒ္ဒေ၊ ဥ။ ဝဏ္ဏု ပထော'တျာဒီသု ဒီဃတိ။ သူစိ။ သဲ၊ သဲလမ်းခရီး။ (ဓာန်ဦ၊ ၆၆၃–၌ကား ဝဏ္ဏ–ဟု ရှိနေသည်။)

ဥပဝဏ္ဏေတိ ။ [ဥပ ✓ဝဏ္ဏ+ဏော+တိ] ချီးမွမ်း၏။ ဂုဏ်ကျေးဇူးကို ဖော်ပြပြောဆို၏။ ဥပဝဏ္ဏန။

ဝိဝဏ္ဏေတိ ။ [ဝိ ✓ဝဏ္ဏ+ဏော+တိ] ကဲ့ရဲ့၏။ ဝိဝဏ္ဏေတွာ၊ ဝိဝဏ္ဏေတုံ၊ ဝိဝေဏ္ဏန္တော၊ ဝိဝဏ္ဏက၊ ဝိဝဏ္ဏန၊ ဝိဝဏ္ဏိတ၊ ဝိဝဏ္ဏိယ။

သံဝဏ္ဏယတိ ။ [သံ ✓ဝဏ္ဏ+ဏယ+တိ] သံဝဏ္ဏေတိ၊ ချီးမွမ်း–ပြောဆို၏၊ ဖွင့်ပြ၏၊ ပြောကြား၏။ သံဝဏ္ဏေတွာ၊ သံဝဏ္ဏယိတုံ၊ သံဝဏ္ဏိတုံ၊ သံဝဏ္ဏေတုံ၊ သံဝဏ္ဏန္တော၊ သံဝဏ္ဏယန္တော၊ သံဝဏ္ဏေန္တော၊ (သံဝဏ္ဏိယတိ၊) သံဝဏ္ဏိယမာန၊ သံဝဏ္ဏိတ၊ သံဝဏ္ဏိယ၊ သံဝဏ္ဏေတဗ္ဗ၊ သံဝဏ္ဏက၊ သံဝဏ္ဏန။ သံဝဏ္ဏနက [သံဝဏ္ဏန+က] ချီးမွမ်းသော၊ ဖွင့်ပြသော။

သမ္မဝဏ္ဏိတ ၊ တိ ၊ [သမ္မာ ✓ဝဏ္ဏ+တ] ကောင်းစွာ ချီးမွမ်းအပ်သော၊ ကောင်းစွာ ပြောဆိုအပ်သော၊ သုဝဏ္ဏိတ။

ဝတ

စု= ဘောဇနေ–စားခြင်း၌ဖြစ်၏။ ဝတေတိ၊ ဝတယတိ။

မဓုဗ္ဗတ ၊ ပု ၊ [မဓု ✓ဝတ+အ] မဓုံ ဝတယတိ ဘုဥ္ဇတေ–မဓုဗ္ဗတော၊ ဝတ–ဘောဇနေ။ ဓာန်ဦ၊ ၆၃၅။ ပျား, ပိတုန်း။

ဝတ္တ

စု= ဒိတ္တိယံ–တောက်ပခြင်း၌။ ဝတ္တေတိ။

http://www.dhammadownload.com

ဝတ္ထိ ၊ ထိ ၊ [√ဝတ္ထ+က္က] ဝတ္ထယတိ တောယာတိ–ဝတ္ထိ၊ ဆီမီးစာ၊ တ္ထ–ကို ဋ္ဌ–ပြု၍ ဝဋ္ဌိ–ဟုလည်း ရှိ၏၊ ယင်းကို ဓာတ္ထတ္ထဋ္ဌ ပါဠိပျက်–ဟု မိန့်ဆိုထားသည်။

ဝတု၊ ဝတ္ထု၊ ဝတ္ထ

ဘူ= ဝတ္တန အာဝတ္တနေသု–ဖြစ်ခြင်း(အသက်မွေးခြင်း), ချာချာလည်ခြင်းတို့ဌ်၊

ဘတ္တိ ဝါရဏေသု–ဆည်းကပ်ခြင်း, တားမြစ်ခြင်း တို့ဌ်လည်း။ဝတ္တတိ။

ဝတ္တတိ ။ [√ ဝတု+အ+တိ] တ–ကို ဒွေဘော်ပြု။ ရှု၊ ၄၀–ကို ရှုပါ။ ဖြစ်၏၊ ကျင့်၏၊ ချာချာလည်၏၊ (အလိုသို့)လိုက်၏။ ဝတ္တိတ္တာ၊ ဝတ္တန္တ၊ ဝတ္တမာန၊ (ဝတ္တေတိ၊ ဝတ္တာပေတိ၊) ဝတ္တေတ္တာ၊ ဝတ္တာပေတ္တာ၊ ဝတ္တေတုံ၊ ဝတ္တာပေတုံ၊ ဝတ္တေန္တ၊ ဝတ္တယန္တ၊ ဝတ္တယမာန၊ ဝတ္တာပယမာန။

ဝတ ၊ ပု+နု ၊ [√ဝတု+အ] ဝတု–ဝတ္တနေ၊ ဝတ္တနဉ္စာတြ စရဏံ, သမာဓာနံ ဝါ။ ဓာန်ဋီ၊ ၄၃၀။ ဝတ်အကျင့်။

ဝတ္ထ ၊ ပု+နု ၊ [√ဝတ္ထ+အ] သုဒ္ဓကမ္မနိ ဝတ္ထံ ဘဝတိ၊ ဝတ္ထ–ဝတ္ထနေ၊ ဝတ္ထ–သမာဒါနေ ဝါ–ဝတ္ထံ= အသီတိ မဟာဝတ္ထာဒိ။ ဓာန်ဋီ၊ ၇၅၈။ ဝတ်အကျင့်၊ ဝတ်တရား၊ အလေ့-အကျင့်–အပြုအမူ၊ ဖြစ်စေခြင်း။ ဝတ္ထတီတိ–ဝတ္ထံ၊ ဝတြဲ။ ကစ္စည်း၊ ၆၅၆။

ဝတ္ထန ၊ ထိ+နု ၊ [√ ဝတ္ထ+ယု] ကျင့်အပ်သော ကျင့်ဝတ်၊ ဖြစ်ကြောင်း၊ ဇီဝိတိန္ဒြေ၊ ဖြစ်ခြင်း၊ ဟောခြင်း။ **ဝတ္ထနက** [ဝတ္ထန+က] ကျင့်တတ်သော၊ ဖြစ်တတ်သော၊ အလိုသို့လိုက်စေတတ်သော။

ဝတ္ထနီ ၊ (နု) ထိ ၊ [√ဝတ္ထ+အနီ] ဝတ္ထ–ဝတ္ထနေ၊ ဝတ္ထန္တိ ဧတေနာတိ–ဝတ္ထနီ= တသရဒဏ္ဍံ၊ ချည်ဝင်ရိုး။ ငိမှိ ဝတ္ထနီ–ပန္ထော၊ လမ်းခရီး။ မောဂ်–၇၊ ၁၁၂။

ဝတ္ထာပန ၊ နု ၊ [√ ဝတ္ထု+ဏာပေ+ယု] အလိုလိုက်စေခြင်း။ ဝတ္တိတ၊ ကျင့်အပ်သော၊ အလိုလိုက်အပ်သော။ ဝတ္တိတဗ္ဗ၊ ကျင့်အပ်သော၊ ဖြစ်သင့်သော။ ဝတ္တေတဗ္ဗ၊ အလိုသို့လိုက်စေအပ်သော။

ဝုတ္တိ ၊ ထိ ၊ [√ဝတု+တိ] ဝတု–ဝတ္တနေ၊ တိ၊ အသု။ ဓာန်ဋီ၊ ၄၄၅။ အသက်မွေးမှု။

ဝတ္တိ ၊ တိ ၊ [√ ဝတ္တု+ဏော+တိ] ဖြစ်စေလေ့ရှိသော၊ လည်စေတတ်သော၊ အလိုသို့လိုက်စေတတ်သော။

အနုဝတ္တတိ ။ [အနု √ ဝတု+အ+တိ] လျော်စွာ–ဖြစ်၏၊ –လိုက်၏၊ အစဉ်လိုက်၏၊ လိုက်လျောင်၏၊ အလိုသို့ လိုက်၏၊ အတုလိုက်၏၊ အတုလိုက်၍ ကျင့်သုံး၏။ အနုဝတ္တက၊ အနုဝတ္တန၊ အနုဝတ္တနီယ၊ အနုဝတ္တန္တ၊ အနုဝတ္တမာန၊ အနုဝတ္တယမာန၊ အနုဝတ္တိ၊ အနုဝတ္တိတ၊ အနုဝတ္တိတဗ္ဗ၊ အနုဝတ္တိတုံ၊ အနုဝတ္တိတု၊ အနုဝတ္တိတွာ၊ (အနုဝတ္တိယ၊) အနုဝတ္တိ၊ (အနုဝတ္တေတိ၊) အနုဝတ္တာပန။

အနုဝတ္တန ၊ နု ၊ [အနု √ဝတု+ယု] အနုရူပံ ပဝတ္တနံ–အနုဝတ္တနံ၊ ဝတု–ဝတ္တနေ၊ ဘူ၊ ယု။ ဓာန်ဋီ၊ ၃၄၅။ လိုက်လျောခြင်း (မဆန့်ကျင်ခြင်း)။

အတိဝတ္တတိ ။ [အတိ √ဝတု+အ+တိ] ကျော်လွန်၏၊ လွန်မြောက်၏။ အတိဝတ္တ၊ အတိဝတ္တန၊ (အတိဝတ္တာပေတိ၊ ကျော်လွန်စေ၏။) အတိဝတ္တိတ။

အဓိဝတ္တတိ ။ [အဓိ √ ဝတု+အ+တိ] လွှမ်းမိုး၏၊ အုပ်စိုး၏၊ နှိပ်စက်၏။ အဓိဝတ္တမာန၊ အဓိဝုတ္တိ–သဒ္ဒါမ္မကိုသာ စွဲ၍ဖြစ်သော–သဒ္ဒပညတ်၊ ဟုတ်မှန်တိုင်းသော အနက်သဘောကို ကျော်လွန်၍ ဖြစ်သော အယူမှား၊ လွန်ကဲစွာ ဖြစ်တတ်သော အယူမှား။

ဥပဝတ္တတိ ။ [ဥပ √ဝတု+အ+တိ] လိုက်၏၊ ဖြစ်၏။ ဥပဝတ္တန၊ အက္ကေ့။ (သက္ကတအဘိဓာန်များ၌ တောရပ်ဒေသ, အားကစားကွင်း, အားကစားရုံ–စသော အနက်များကိုလည်း ပြထားသေးသည်။)

ဥပါတိဝတ္တတိ ။ [ဥပ+အတိ √ဝတု+အ+တိ] လွန်၏၊ လွန်ကျူး၏။ ဥပါတိဝတ္တ၊ လွန်မြောက်သော။

ဥပနိဝတ္တတိ ။ [ဥပ+နိ √ဝတ္တ+အ+တိ] ပြန်လည်၏။ ဥပနိဝတ္တမာန၊ ဥပနိဝတ္တ၊ ဥပနိဝတ္တိ။

ဥပါဝတ္ထ ၊ တိ ၊ [ဥပ+အာ √ဝတု+တ] ပြန်လာသော။

ဥဗ္ဗတ္တတိ ။ [ဥ √ဝတု+အ+တိ] ထကြွ၏။ (ဥဗ္ဗတေတိ၊ ထကြွစေ၏, ကော်၏၊ ခွာ၏။) ဥဗ္ဗတေတွာ။

ဥဗ္ဗတ္တန၊ ဥဗ္ဗဋ္ဋန ၊ နု ၊ [ဥ √ဝတု+ယု] ဥဗ္ဗတ္တိယတေ ဝိသာရီယတေ မလမနေနေတိ–ဥဗ္ဗတ္တနံ။ ဝတု–ဝတ္တနေ၊ ဘူဝါဒိ။ ဓာန်ဋီ၊ ၂၉၉။ ကြေးပွတ်၊ ကြေးတွန်းခြင်း။

ဥဗ္ဗဏ္ဏာပေတိ ။ [ဥ √ဝတု+ဏာပေ+တိ] ဥဗ္ဗတ္တေတိ၊ လိမ်းကျံ၏၊ ပွတ်ဘိုက်၏၊ ပွတ်တိုက်စေ၏၊ ဖြစ်စေ၏။ ဥဗ္ဗဋ္ဋေတွာ။

http://www.dhammadownload.com

အာဝတ္တတိ ။ [အာ ✓ဝတု+အ+တိ] လည်၏၊ ရှေးရှု လည်၏၊ လူးလိမ့်၏၊ ဆုတ်နစ်၏၊ စိတ်သဘောထား ပြောင်းလဲ၏။ အာဝတ္တန္တ၊ အာဝတ္တမာန၊ ခွေရစ်နေသော။ (အာဝတ္တေတိ၊ ကာ) အာဝတ္တေတွာ၊ လည်စေ–ထိခိုက်စေ၍၊ လှည့်ပတ်၍၊ ပူးဝင်၍၊ ဆုတ်နစ်ရပ်တန့်စေ၍။ အာဝတ္တန၊ အာဝဇ္ဇန်း။ အာဝတ္တနက၊ လည်စေတတ်သော။ အာဝတ္တ။

စက္ကဝတ္တိ ၊ ပု ၊ [စက္က ✓ဝတ္တ+ဏိ] ပုညောပနိတေန စက္ကရတနေန ဝတ္တတေ အသာဓုဒမနိကာဒိရာဇဝတ္တံ အနုတိဋ္ဌတီတိ–စက္ကဝတ္တိ၊ ဏိ။ ပ ။ဓာန်ဋီ၊ ၃၃၅။ စကြာမင်း။

တုဝဋ္ဋ ၊ နာ ၊ [တုရိတ ✓ဝတ္တ+အ] တုရိတဘာဝေန ဝတ္တတီတိ–တုဝဋ္ဋံ၊ ရိတလောပေါ။ ဓာန်ဋီ၊ ၄၀။ အလျင်အမြန်။

နိဗ္ဗတ္တ ၊ တိ ၊ [နိ ✓ဝတ္တ+အ] ဝတ္တ–ဝတ္တနေ, ဝတ္တနံပျတြ သိဒ္ဓံ နိပုဗ္ဗတ္တာ။ ဓာန်ဋီ၊ ၇၄၈။ ပြီးစီးသော။

ပဝတ္တိ ၊ ထီ ၊ [ပ ✓ဝတု+တိ] ပဝတ္တန္တေ ကာရိယာ ယသံ–ပဝတ္တိ၊ တိ။ ဓာန်ဋီ၊ ၁၁၃။ သတင်းစကား။ ဝတု–အာဝတ္တနေ၊ တိ၊ ပဝတ္တိ။ ဓာန်ဋီ၊ ၇၆၈။ မပြတ်ဖြစ်ခြင်း၊ ရေအလျဉ်။

ဝသဝတ္တိ ၊ ပု ၊ [ဝသ ✓ဝတ္တ+ဏိ] ဝသေ ဝတ္တတိ သီလေနာတိ–ဝသဝတ္တီ။ ဓာန်ဋီ၊ ၄၂။ မာရ်နတ် (ဒေဝပုတ္တမာရ်)။

ဝိဝတ္တတိ ။ [ဝိ ✓ဝတု+အ+တိ] ပြန်လည်–ဆုတ်နစ်၏။ ဝိဝတ္တိတွာ၊ ဝိဝတ္တမာန၊ ဝိဝတ္တိတ၊ ဝိဝတ္တ၊ ပြန်လည်–ဆုတ်နစ်စေအပ်သော၊ ပြန်လည်ဆုတ်နစ်ရာဖြစ်သော (နိဗ္ဗာန်)။

သံဝတ္တတိ ။ [သံ ✓ဝတု+အ+တိ] ဖြစ်၏၊ ထင်ရှားရှိ၏၊ တည်၏။ သံဝတ္တိတုံ၊ သံဝတ္တမာန၊ (သံဝတ္တေတိ၊ သံဝတ္တယတိ၊) သံဝတ္တေတုံ၊ သံဝတ္တန။ သံဝတ္တနက [သံဝတ္တန+က] ။ သံဝတ္တနိက–သံဝတ္တနိယ [သံဝတ္တန+ဏိက] ယ–အချို့ပြု၊ ဖြစ်စေတတ်သော။ သံဝတ္တ၊ ကောင်းစွာဖြစ်သော (ဘုရား)။

သံဝတ္ထ ၊ ပု ၊ [သံ ✓ဝတု+ဏော+အ] ပြည့်စုံစွာ ဖြစ်စေခြင်း= ပြီးဆုံးခြင်း။

အနုအာဝတ္တတိ ။ [အနု+အာ ✓ဝတု+အ+တိ] အနွာဝတ္တတိ၊ အဖန်ဖန်ရှေးရှုဖြစ်၏၊ (ဆည်းကပ်ခစားသောအားဖြင့်) ချဉ်းကပ်၏၊ အလျော်ဖြစ်၏၊ လိုက်လျော၏။ အနွာဝတ္တန္တ။

အနုပရိဝတ္တတိ ။ [အနု+ပရိ ✓ဝတု+အ+တိ] ရှေးရှုလည်၏၊ အစဉ်လိုက်၏၊ ဝန်းဝိုင်းခြံရံ၏။ အနုပရိဝတ္တ၊ အနုပရိဝတ္တန၊ အနုပရိဝတ္တနက [အနုပရိဝတ္တန+က] အနုပရိဝတ္တန္တ၊ အနုပရိဝတ္တိ၊ (အနုပရိဝတ္တိယတိ၊) အနုပရိဝတ္တိယမာန၊ အနုပရိဝတ္တေန္တ။

အနုပဝတ္တန ၊ နာ ၊ [အနု+ပ ✓ဝတု+ယု] ဖြစ်ခြင်း၊ လျော်စွာဖြစ်စေ၏၊ –ခြင်း။ အနုပဝတ္တန္တ။

အနုပ္ပဝတ္တေတိ ။ [အနု+ပ ✓ဝတု+ဏော+တိ] အစဉ်(အတု)လိုက်၍ ဖြစ်စေ၏၊ –လည်စေ၏။ အနုပ္ပဝတ္တက၊ အနုပ္ပဝတ္တေန္တ။

အဘိနိဗ္ဗတ္တတိ ။ [အဘိ+နိ ✓ဝတု+အ+တိ] ဖြစ်–ပေါ်၏၊ ထွက်–ပေါ်၏။ အဘိနိဗ္ဗတ္တ၊ အဘိနိဗ္ဗတ္တန၊ အဘိနိဗ္ဗတ္တိ၊ (အဘိနိဗ္ဗတ္တေတိ၊ အဘိနိဝတ္တတိ။ ကာ) အဘိနိဗ္ဗတ္တယန္တ၊ အဘိနိဗ္ဗတ္တယမာန၊ အဘိနိဗ္ဗတ္တိတ၊ အဘိနိဗ္ဗတ္တေန္တ။

ဝိနိဝတ္တတိ ။ [ဝိ+နိ ✓ဝတု+အ+တိ] ပြန်လည်–ဆုတ်နစ်၏၊ ကင်းဝေး၏၊ ကင်းစင်၏၊ လျှောကျ၏၊ ဖယ်ခွာသွား၏၊ တန့်ရပ်၏၊ ပြန်လှည့်၏။ ဝိနိဝတ္တိတွာ၊ ဝိနိဝတ္တိတုံ၊ ဝိနိဝတ္တမာန၊ (ဝိနိဝတ္တေတိ၊) ဝိနိဝတ္တေတွာ၊ ဝိနိဝတ္တေတုံ၊ ဝိနိဝတ္တေန္တ၊ ဝိနိဝတ္တိယမာန၊ ဝိနိဝတ္တိတ၊ ဝိနိဝတ္တေတဗ္ဗ၊ ဝိနိဝတ္တ၊ ဝိနိဝတ္တက။

ဝိပရိဝတ္တတိ ။ [ဝိ+ပရိ ✓ဝတု+အ+တိ] ဝိပရိဝတ္တတိ၊ ဖောက်ပြန်၏၊ လည်၏၊ (ပြို၏။) ဝိပရိဝတ္တိတွာ၊ ဝိပရိဝတ္တန္တ၊ ဝိပရိဝတ္တမာန၊ (ဝိပရိဝတ္တိယတိ၊ ဝိပရိဝတ္တေတိ၊) ဝိပရိဝတ္တေတွာ၊ ဝိပရိဝတ္တေန္တ၊ ဝိပရိဝတ္တန၊ ဝိပရိဝတ္တိတ၊ ဝိပရိဝတ္တေတဗ္ဗ၊ ဝိပရိဝတ္တ။

ဝိပရာဝတ္ထ ၊ တိ ၊ [ဝိ+ပရာ ✓ဝတု+အ] ဖောက်ပြန်သော၊ ဖောက်ပြန်၍ တည်သော၊ တုံ့ပြန်သော။ [ဝိ+ပရာ ✓ဝတု+ဏော+အ] ဖောက်ပြန်စေအပ်သော၊ ဖျက်ဆီးအပ်သော။

ဝိပရာဝတ္တိ ၊ ထီ ၊ [ဝိ+ပရာ ✓ဝတု+တိ] ဖောက်ပြန်ခြင်း။

ဝိယာဝတ္ထ ၊ တိ ၊ [ဝိ+အာ ✓ဝတု+တ] ပြန်လည်၍ တစ်ပါးသောအခြင်းအရာအားဖြင့်ဖြစ်သော။

http://www.dhammadownload.com

ဝီတိဝတ္တတိ ။ [ဝိ+အတိ √ ဝတု+အ+တိ] ကျော်လွန်၍ ဖြစ်၏၊ ကျော်လွန်၍ကျင့်၏၊ ကျော်လွန်၍တည်၏၊ တပြောင်းပြန်ပြန်ဖြစ်၏၊ ကုန်လွန်၏၊ ကျော်လွန် ၏။ ဝီတိဝတ္တိတွာ၊ (ဝီတိဝတ္တီယတိ၊) ဝီတိဝတ္တန္တ၊ (ဝီတိဝတ္တေတိ၊) ဝီတိဝတ္တေတွာ၊ ဝီတိဝတ္တန၊ ဝီတိ ဝတ္တိ၊ ဝီတိဝတ္တ။

သံဝဋ္ဋ ၊ ပု ၊ [သံ √ ဝတ္တ+ဏ] သံဝတ္တတေ ဥပရမတေ, ဝိနဿတေ ဝါ ဇဂတီ အသ္မိန္တိ-သံဝဋ္ဋော။ ဓာန်ဋီ၊ ၈၂။ ကမ္ဘာပျက်ခြင်း။

သန္ဒိဝတ္တ ၊ တိ ၊ [သံ+နိ √ ဝတု+တ] ပြန်လည်-ဆုတ်နစ်သော၊ -ခြင်း။ သန္ဒိဝတ္တိတဗ္ဗ။

သမတိဝတ္တတိ ။ [သံ+အတိ √ဝတု+အ+တိ] ကောင်းစွာ ကျော်လွန်၍ဖြစ်၏၊ -လွန်မြောက်၏။ သမတိ ဝတ္တန။

သမ္ပရိဝတ္တတိ ။ [သံ+ပရိ √ဝတု+အ+တိ] တပြောင်း ပြန်ပြန်လည်၏၊ ပြင်းစွာဖောက်ပြန်၏၊ ဖြစ်၏၊ လူးလည်း၏၊ လူးလှိမ့်၏၊ တပြောင်းပြန်ပြန်ကျင် လည်၏၊ ပြန်လှန်၏၊ ပြောင်းလဲ၏။ သမ္ပရိဝတ္တိတွာ၊ သမ္ပရိဝတ္တန္တ၊ သမ္ပရိဝတ္တမာန၊ သမ္ပရိဝတ္တိယမာန၊ သမ္ပရိဝတ္တန၊ သမ္ပရိဝတ္တနက၊ သမ္ပရိဝတ္တိတ၊ သမ္ပရိ ဝတ္တ၊ (သမ္ပရိဝတ္တက၊) သမ္ပရိဝဋ္ဋမာန။

သမ္ပရိဝတ္တေတိ ။ [သံ+ပရိ √ဝတု+ဏေ+တိ] ပြန်လှန် စေ၏၊ မ္ဒေနှောက်၏။ သမ္ပရိဝတ္တေတွာ၊ သမ္ပရိ ဝတ္တေန္တ၊ သမ္ပရိဝတ္တိတ၊ (ကာရိုက်ဏေပစ္စည်းကျေ။)

သမ္ပဝတ္တတိ ။ [သံ+ပ √ ဝတု+အ+တိ] ဖြစ်၏၊ ကောင်းစွာ အပြားအားဖြင့် ဖြစ်၏၊ ဏေပစ္စည်း ကျေက ကောင်းစွာ ဖြစ်စေ၏၊ ဆောင်၏၊ စီးဆင်း၏။ (သမ္ပဝတ္တီယတိ၊) သမ္ပဝတ္တ၊ သမ္ပဝတ္တန၊ သမ္ပဝတ္တိ။

သမ္ပဝတ္တယတိ ။ [သံ+ပ √ဝတု+ဏယ+တိ] ကောင်းစွာ ဖြစ်စေ၏၊ ဟောကြားတော်မူ၏။

သမ္ပဝတ္တု ၊ ထီ+ပု ၊ [သံ+ပ √ ဝတု+တု] ပြောဆို တတ်သော၊ ကဲ့ရဲ့-စွပ်စွဲတတ်သော။

သမ္မာဝတ္တတိ ။ [သမ္မာ √ ဝတု+အ+တိ] ကောင်းစွာ ပြု-ကျင့်၏။ သမ္မာဝတ္တန္တ၊ သမ္မာဝတ္တ၊ သမ္မာဝတ္တန၊ သမ္မာဝတ္တိတဗ္ဗ။

သမ္မာနုဝတ္တနာ ၊ ထီ ၊ [သမ္မာ+အနု √ဝတု+ယု+အာ] ကောင်းသောအကျင့်-ကျင့်ဝတ်။

သမ္မာပဝတ္တ ၊ တိ ၊ [သမ္မာ+ပ √ ဝတု+တ] အညီအညွတ်-ကောင်းစွာဖြစ်သော။

သမ္မာဝတ္တနီယ ၊ တိ ၊ [သံ+အာ √ဝတ္တ+အနီယ] ဝတ္တ-ဝတ္တနေ, သံအာ(သမ္မာ)ပုဗ္ဗော, သမ္မာ ဝတ္တတီတိ-သမ္မာဝတ္တနီယော။ မောဂ်-၅၊ ၂၇၊ ပဋ္ဌိ။ ကောင်းစွာ ကျင့်သော။

သဟပဝတ္တ ၊ တိ ၊ [ပ √ဝတု+အ] [သဟ+ပဝတ္တ] အတူဖြစ်သော။ သဟပဝတ္တန၊ (သဟပဝတ္တနက၊) သဟပဝတ္တမာန၊ သဟပဝတ္တိ။

ဝသဝတ္တက ၊ တိ ၊ [ဝသ √ဝတု+ဏေ+ဏွု] အလိုသို့ လိုက်စေတတ်သော။

ဝသဝတ္တီ ၊ တိ ၊ [ဝသ √ဝတု+ဏေ+ဏီ] မိမိအလိုသို့ လိုက်စေတတ်-လိုက်စေနိုင်သော။

ဝိဝတ္တယတိ ။ [ဝိ+အာ √ ဝတု+ဏယ+တိ] ခွာ၍ စွန့်၏၊ -ပယ်၏၊ အညစ်အကြေးမရှိအောင်ပြု၏။

ပစ္စုဒါဝတ္တတိ ။ [ပတိ+ဥ+အာ √ဝတု+အ+တိ] ပြန်လည် ၏၊ (ပြန်လှည့်၏၊) ဆုတ်နစ်၏၊ (တန့်ရပ်၏၊) လျှောကျ၏၊ ပြန်သွား၏၊ တစ်ဖန် ပြန်သွား၏၊ လောင်၏၊ ဖြစ်၏။ ပစ္စုဒါဝတ္တ၊ ပစ္စုဒါဝတ္တန၊ ပစ္စုဒါ ဝတ္တိ၊ (ပစ္စာဝတ္တိတုံ၊ တုံ့ပြန်ပယ်ရှားတားမြစ်ခြင်းငှာ။)

ပဋိနိဝတ္တတိ ။ [ပတိ+နိ √ဝတု+အ+တိ] ဆုတ်နစ်၏၊ (တန့်ရပ်၏၊) တစ်ဖန် ပြန်လှည့်၏၊ ငြိမ်း၏၊ လျှောကျပျောက်ကင်း၏။ ပဋိနိဝတ္တ၊ ပဋိနိဝတ္တန၊ ပဋိနိဝတ္တန္တ၊ ပဋိနိဝတ္တမာန၊ ပဋိနိဝတ္တိတ၊ ပဋိနိ ဝတ္တိတဗ္ဗ၊ ပဋိနိဝတ္တိတုံ၊ ပဋိနိဝတ္တိတွာ၊ (ပဋိနိ ဝတ္တေတိ၊ ကာ) ပဋိနိဝတ္တေတွာ ပဋိနိဝတ္တေန္တ။

ဟီနာယာဝတ္တတိ ။ [ဟီနာယ+အာ √ ဝတု+အ+တိ] ယုတ်နိမ့်သောလူ့အဖြစ်အကျိုးငှာ ပြန်လည် ဆုတ်နစ်၏၊ လူဝတ်လဲ၏၊ လူထွက်၏။ ဟီနာယာ ဝတ္တ၊ ဟီနာယာဝတ္တိတွာ၊ ဟီနာယာဝတ္တန္တ၊ ဟီနာ ယာဝတ္တမာန၊ ဟီနာယာဝတ္တန။

သုဗ္ဗဋ္ဌိတ ၊ တိ ၊ [ဥ √ ဝတ္တ+တ] [သု+ဥဗ္ဗဋ္ဌိတ] ကောင်းစွာပွတ်တိုက်အပ်သော၊ သုတ်သင်အပ် သော။ သုနိဗ္ဗတ္တ၊ သုပ္ပဝတ္တိတ၊ သုပ္ပဝတ္တ၊ သုပ္ပဝတ္တ နီယ၊ သုပ္ပဝတ္တိ၊ သုပ္ပဝတ္တိယ။

သွတိဝတ္တ ၊ တိ ၊ [သု+အတိ √ ဝတု+ဏေ+တ] လွယ်ကူစွာဖြစ်စေအပ်သော၊ လွန်မြောက်ရန် လွယ်ကူသော။

http://www.dhammadownload.com

ဝတ္ထ

စု= ဝဓ ယာစန သပ္ပနေသု–ညှဉ်းဆဲခြင်း, တောင်းခြင်း, သွားခြင်းတို့၌။ အဒ္ဒနေ=နီတိ။ ဝတ္ထယတေ၊ ဝတ္ထော၊ ဆိတ်။ ဝတ္ထကဏ္ဏော၊ အင်ကြင်းပင်။ ဓာတွတ္ထ။

ဝဒ

ဘူ+စု= ဝိယတ္တိယံ ဝါစာယံ–ပီပြင်ထင်ရှားသော စကား၌၊ သန္ဒေသ ဝစနေ စ–သတင်းစကား မှာထားခြင်း၌လည်း။ ဝဒတိ၊ ဝဒေတိ၊ ဝဇ္ဇတိ၊ ဝဇ္ဇေတိ၊ ဝါဒေတိ၊ ဝါဒယတိ။

ဝဒ–ထေရိယေ။ ဓာန်ဋီ၊ ၅၅၈။

ဝဇ္ဇတိ ။ [√ဝဒ+အ+တိ] ဝဇ္ဇေတိ၊ ပြောဆိုဏ်၊ ဟော–မိန့်ဏ်၊ မြည်ဏ်–အသံပြုဏ်။ ဝဇ္ဇ (ဏျ)၊ ဝဇ္ဇမာန။ [√ဝဒ+ဏယ+တိ] မြည်စေဏ်၊ တီးမှုတ်ဏ်။ ဝဇ္ဇန္တ၊ ဝဇ္ဇယန္တ၊ ဝဇ္ဇမာန၊ [ဝဒ+ယ+တေ] ပြောဆိုအပ်ဏ်၊ ဟောမိန့်အပ်ဏ်။ ဝဇ္ဇန။

ဝဇ္ဇ ၊ န ၊ [√ဝဒ+ယ] ဝါဒယန္တိ တန္တိ–ဝဇ္ဇံ၊ ယော။ ဓာန်ဋီ၊ ၁၄၂။ စည်၊ တီးခြင်း။ ဝဒ–ဝစနေ, ဝဒနံ, ဝဒိတဗ္ဗံ ဝါ–ဝဇ္ဇံ၊ ပြောဆိုခြင်း။ တိ ။ပြောဆိုအပ်သော (အပြစ်–စသည်)။

ဝတ္တူ၊ ဝဒ ၊ ပု ၊ [√ဝဒ+တု] ဝဒတီတိ–ဝတ္တာ၊ ပသံသာယံ, တု။ [√ဝဒ+အ] ဝဒတီတိ–ဝဒေါ။ ဓာန်ဋီ၊ ၇၃၅။ ပြောဆိုတတ်သော၊ စကား၊ ပြောဆိုခြင်း၊ အယူ။

ဝဒရာ ၊ ထီ ၊ [√ဝဒ+အရ+အာ] ဝဒ–ထေရိယေ၊ အရော။ ဓာန်ဋီ၊ ၅၈၉။ ဝါပင်။

ဝါဒိတ္တ၊ ဝါဒိတ ၊ န ၊ [√ဝဒ+ဣတ္တ] ဝါဒယန္တိ ဓနယန္တိ တန္တိ–ဝါဒိတ္တံ, ဝါဒိတဥ္စ၊ ဣတ္တော, တော စ။ ဓာန်ဋီ၊ ၁၄၂။ စည်၊ တီးခြင်း။

ဝဒတိ ။ [√ဝဒ+အ+တိ] ဝဒေတိ၊ ပြောဆိုဏ်၊ ဟောကြားဏ်၊ မိန့်မြွက်ဏ်၊ လျှောက်ထားဏ်၊ ရွတ်ဖတ်ဏ်။ ဝဒန္တ၊ ဝဒမာန၊ (ဝဒီယတိ၊ ဝဒါပေတိ၊) ဝဒါပေတွာ၊ ဝဒါပေတုံ၊ ဝဒါပေန္တ၊ ဝဒါပန၊ (ဝဒါပနက၊) ဝဒိတဗ္ဗ၊ ဝဒူ။

ဥဒိတ ၊ တိ ၊ [√ဝဒ+တ] ဝ–ကို ဥ–ပြု၊ ဆိုအပ်သော၊ ဟောကြားအပ်သော။

ဝဒန ၊ န ၊ [√ဝဒ+ယု] ဝဒ–ဝိယတ္တိယံ ဝါစာယံ၊ ကရဏေ ယု။ ဓာန်ဋီ၊ ၂၆၀။ ခံတွင်း, ပါးစပ်၊ မျက်နှာ၊ ပြောဆိုခြင်း။

ဝဒါန ၊ တိ ၊ [√ဝဒ+မာန] မာနဿ အာနာဒေသော။ ရူ၊ ၆၄၆။ ပြောဆိုတတ်သော။

ဝါဒတိ ။ [√ဝဒ+ဏေ+တိ] ဝါဒေတိ၊ ပြောဆိုဏ်၊ မြည်စေဏ်–တီးမှုတ်ဏ်။ ဝါဒိတွာ၊ ဝါဒိတုံ၊ ဝါဒိယမာန၊ ဝါဒေတွာ၊ ဝါဒေတုံ၊ ဝါဒေန္တ၊ ဝါဒယန္တ၊ ဝါဒယမာန၊ ဝါဒန၊ ဝါဒါပန၊ ဝါဒိတ၊ ဝါဒိတဗ္ဗ၊ ဝါဒီ၊ ဝါဒက။

ဝါဒ ၊ ပု ၊ [√ဝဒ+ဏ] စကား၊ ပြောဆိုဖွယ်၊ ပြောဆိုခြင်း၊ အပြစ်ဒေါသ၊ အယူဝါဒ၊ မိစ္ဆာဉာဏ်၊ ပြောဆိုကြောင်း (စေတနာ)။

ဝါဒီ ၊ တိ ၊ [√ဝဒ+ဏီ] ဝဒ–ဝိယတ္တိယံ ဝါစာယံ၊ ဝဒနသီလော–ဝါဒီ။ ကစ္စည်း၊ ၂၆၊ နျာ။ ပြောဆိုလေ့ရှိသော။

အဝိသံဝါဒက ၊ တိ ၊ [န+ဝိ+သံ √ဝဒ+ဏက] နဝိသံဝါဒေတီတိ–အဝိသံဝါဒကော–အဝဥ္စကောတိ အတ္ထော၊ ဝိသံပုဗ္ဗော ဝဒ–ဝစနေ။ မောဂ်–၂၊ ၃၉၊ ပဥ္စိ။ လှည့်ပတ်၍ မပြောဆိုတတ်သော၊ မလိမ်တတ်–မညာတတ်သော။ အဝိသံဝါဒနတာ၊ မလိမ်တတ်သူ၏အဖြစ်။

အနုဝဒတိ ။ [အနု √ဝဒ+အ+တိ] စွပ်စွဲ–ပြောဆိုဏ်၊ စောဒနာဏ်။ အနုဝဒန၊ အနုဝဒန္တ၊ အနုဝဒမာန၊ အနုဝဒိတ၊ အနုဝဒိယမာန၊ (အနုဝဇ္ဇ-သာနုဝဇ္ဇ။)

အနုဝါဒ ၊ ပု ၊ [အနု √ဝဒ+ဏ] ဟီဋ္ဌနေန ဝဒနံ–အနုဝါဒေါ။ ဓာန်ဋီ၊ ၁၂၀။ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ မျက်ကွယ် ကဲ့ရဲ့ခြင်း၊ အတင်းပြောခြင်း၊ အတုပြု၍ ပြောဆိုခြင်း၊ အစဉ်လိုက်၍ ပြောဆိုခြင်း၊ နောက်ထပ် ပြောဆိုခြင်း၊ –ပြောဆိုသောစကား။

အပဝဒတိ ။ [အပ √ဝဒ+အ+တိ] ပစ်ပယ်၍ပြောဆိုဏ်၊ ကဲ့ရဲ့ဏ်၊ ရှုတ်ချဏ်၊ ဆန့်ကျင်ဏ်၊ ပစ်ပယ်ဏ်။ အပဝဒန္တ၊ အပဝါဒ။

အပဝါဒ ၊ ပု ၊ [အပ √ဝဒ+ဏ] ဂရဟဏေန ဝါဒေါ–အပဝါဒေါ။ ဓာန်ဋီ၊ ၁၂၀။ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ မျက်ကွယ်ကဲ့ရဲ့ခြင်း။

http://www.dhammadownload.com

အဝဇ္ဇ ၊ တိ ၊ [အ √ ဝဒ+ဏျ] “ဧတျာစာရာဒိဟိ နိဟီနောယ”န္တိ အဝဒိတဗ္ဗောတိ–အဝဇ္ဇော၊ တဿာ ဝတ္ထာ စေတ္ထ အကာရော၊ ဝဒ–ဝိယတ္တိယံ ဝါစာယံ၊ ဏျော၊ ဒျဿ ဇ္ဇော။ ဓာန်ဦး၊ ၆၉၉။ ယုတ်ညှံ့သော၊ ကဲ့ရဲ့အပ်သော။

အဝဏ္ဏဝါဒ ၊ ပု ၊ [အဝဏ္ဏ √ ဝဒ+ဏ] ဝဏ္ဏော ထုတိ, တဿ အဝဒနံ–အဝဏ္ဏဝါဒေါ။ ဓာန်ဦး၊ ၁၂၀။ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ (မျက်ကွယ်ကဲ့ရဲ့ခြင်း။) အတင်းပြောခြင်း။

ဥဒိတ ၊ တိ ၊ [√ ဝဒ+တ] ဝဒ–ဝိယတ္တိယံ ဝါစာယံ၊ တော၊ ဝဿု၊ ဥဒိတံ။ ဓာန်ဦး၊ ၇၅၅။ ပြောဆို အပ်သော၊ ဟောအပ်သော။

ဥပဝဒတိ ။ [ဥပ √ ဝဒ+အ+တိ] စွပ်စွဲ၏၊ ကဲ့ရဲ့၏၊ အပြစ်ပြော၏။ ဥပဝဒ္ဓ၊ ဥပဝဒ္ဓကာ၊ ဥပဝါဒ၊ ဥပဝါဒက၊ ဥပဝါဒနာ၊ ဥပဝါဒီ။

ဥပဝါဒ ၊ ပု ၊ [ဥပ √ ဝဒ+ဏ] ဒေါသကွာနေန ဝဒနံ–ဥပဝါဒေါ။ ဓာန်ဦး၊ ၁၂၀။ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ မျက်ကွယ်ကဲ့ရဲ့ခြင်း။

ဩဝဒတိ ။ [အဝ √ ဝဒ+အ+တိ] ဆုံးမ၏။ (ဩဝဒ်ဖိတ၊ –အပ်၏။) ဩဝဒိတ၊ ဩဝဒိယ၊ (ဩဝဒိယတိ၊ –အပ်၏။) ဩဝါဒက၊ ဩဝါဒီ။

ဩဝါဒ ၊ ပု ၊ [အဝ √ ဝဒ+ဏ] အဝပုဗ္ဗော ဝဒ–ဝိယတ္တိယံ ဝါစာယံ, ဘာဝေ ဏော။ ဓာန်ဦး၊ ၃၅၄။ ဆုံးမခြင်း။

အဘိဝဒတိ ။ [အဘိ √ ဝဒ+အ+တိ] မြွက်ဆို၏၊ ပြောဟော၏၊ တပ်မက်ပြောဆို၏၊ စွဲလမ်းပြောဆို၏၊ တောင့်တပြောဆို၏၊ ချီးမွမ်းပြောဆို၏။ အဘိဝဒန၊ အဘိဝဒန္တ၊ အဘိဝဒိတ၊ အဘိဝဒိတဗ္ဗ၊ အဘိဝဒိတုံ။

အဘိဝါဒေတိ ။ [အဘိ √ ဝဒ+ဏော+တိ] အဘိဝါဒယတိ၊ အဘိဝါဒါပေတိ၊ အဘိဝါဒါပယတိ၊ မြွက်ဆိုစေ၏၊ ဆုပေးစကား မြွက်ကြားစေ၏၊ ရှိခိုး၏။ အဘိဝါဒ၊ အဘိဝါဒန၊ အဘိဝါဒိယိတွာ၊ အဘိဝါဒါပေတဗ္ဗ၊ အဘိဝါဒါပေတုံ၊ အဘိဝါဒါပေတွာ၊ အဘိဝါဒိယ၊ အဘိဝါဒေတဗ္ဗ၊ အဘိဝါဒေတုံ၊ အဘိဝါဒေတွာ၊ အဘိဝါဒေတွာန၊ အဘိဝါဒေန္တ။

အာဝဒတိ ။ [အာ √ ဝဒ+အ+တိ] ပြောဆို၏။

ဝိဝဒတိ ။ [ဝိ √ ဝဒ+အ+တိ] ဆန့်ကျင်ဘက်ပြောဆို၏၊ ငြင်းခုံ၏၊ ခိုက်ရန်ဖြစ်၏။ ဝိဝဒိတွာ၊ ဝိဝဒိတုံ၊ ဝိဝဒန္တ၊ ဝိဝဒမာန၊ ဝိဝဒန၊ ဝိဝဒိတဗ္ဗ၊ ဝိဝါဒ၊ (ဝိဝါဒက။)

ဝိဝါဒ ၊ ပု ၊ [ဝိ √ ဝဒ+ဏ] ဝိရုဒ္ဓံ ကတွာ ဝဒတိ ယန္တိ-ဝိဝါဒေါ။ ဓာန်ဦး၊ ၁၁၇။ ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ခြင်း။

ဧနဝါဒ ၊ ပု ၊ [ဧန √ ဝဒ+ဏ] ဧနာနံ ဝါဒေါ ဂရဟဏံ–ဧနဝါဒေါ။ ဓာန်ဦး၊ ၁၂၀။ အတင်းပြောခြင်း။

ပရိဝါဒ ၊ ပု ၊ [ပရိ √ ဝဒ+ဏ] ပရိဝဒနံ–ပရိဝါဒေါ။ ဓာန်ဦး၊ ၁၂၀။ မျက်ကွယ်ကဲ့ရဲ့ခြင်း၊ အတင်းပြောခြင်း။

ပရိဝါဒိနီ ၊ ထီ ၊ [ပရိ √ ဝဒ+ဏီ+ဣနီ] ပရိတော ဝဒတီတိ–ပရိဝါဒိနီ၊ ဣနီ။ ဓာန်ဦး၊ ၁၃၈။ ကြိုး ၇–ချောင်းရှိသောစောင်း။

ပါဏိဝါဒ ၊ ပု ၊ [ပါဏိ √ ဝဒ+ဏ] ယော ပါဏိနေဝ ပါဏန္တရေ မုရဇာဒိသဒ္ဒံ ဥဋ္ဌာပယတိ, သော–ပါဏိဝါဒေါ။ ဓာန်ဦး၊ ၅၁၁။ လက်ခုပ်တီးသမား။

ဝိဏာဝါဒိ ၊ ပု ၊ [ဝိဏာ √ ဝဒ+ဏိ] ဝိဏာဝါဒနသီလတ္တာ–ဝိဏာဝါဒိ။ ဓာန်ဦး၊ ၅၁၀။ စောင်းတီးသမား။

သံဝဒတိ ။ [သံ √ ဝဒ+အ+တိ] ငြင်းခုံ၏၊ (ချီးမွမ်းစကား ပြောကြား၏၊ ညီညွတ်အောင် ပြောဆို၏၊ –စေ့စပ်၏။) သံဝဒန၊ သံဝဒမာန။

ဝိပ္ပဝဒတိ ။ [ဝိ+ပ √ ဝဒ+အ+တိ] ဆန့်ကျင်စကား ပြောကြား၏၊ ငြင်းခုံ၏။

ဝိသံဝါဒယတိ ။ [ဝိ+သံ √ ဝဒ+ဏယ+တိ] ချွတ်ယွင်းစေ၏၊ လိမ်လည်၏၊ ဖြားယောင်း–လှည့်ပတ်၏။ (ဝိသံဝါဒေတိ၊) ဝိသံဝါဒေတွာ၊ ဝိသံဝါဒေန္တ၊ ဝိသံဝါဒယိတု၊ ဝိသံဝါဒိတ၊ ဝိသံဝါဒိတဗ္ဗ၊ ဝိသံဝါဒေတဗ္ဗ၊ ဝိသံဝါဒ၊ ဝိသံဝါဒက၊ ဝိသံဝါဒန။

သမ္မာဝါဒ ၊ ပု ၊ [သမ္မာ √ ဝဒ+ဏ] မှန်ကန်သော အယူဝါဒ။

သုပ္ပဝါဒိတ ၊ တိ ၊ [သု+ပ √ ဝဒ+ဏော+တ] ကောင်းစွာ တီးမှုတ်အပ်သော။

သုဗ္ဘတ၊ သုဝဒ ၊ တိ ၊ [သု √ ဝဒ+အ] ဒ-ကို တ-ပြု၊ သုဝဒ၊ ချမ်းသာလွယ်ကူစွာ ဆိုဆုံးမအပ်သော၊

http://www.dhammadownload.com

ဆိုဆုံးမလွယ်သော။ [သု+ဝတ] ကောင်းသော အကျင့်ရှိသော။

အညဝါဒက ၊ ပု+န ၊ [အည ✓ဝဒ+ကွ] အခြား တစ်ပါးကို ပြောဆိုတတ်သူ၏အဖြစ်၊ -ခြင်း။ ဘာဝပွဓာန။

အတ္တာနုဝါဒ ၊ ပု ၊ [အတ္တ+အနု ✓ဝဒ+ဏ] မိမိကို မိမိစွပ်စွဲခြင်း၊ (.... စွပ်စွဲတတ်သူ။)

အတ္ထဝါဒီ ၊ တိ ၊ [အတ္ထ ✓ဝဒ+ဏီ] အကျိုးနှင့်စပ်သော စကားကို ဆိုလေ့ရှိသော။ အမုတဝါဒီ၊ အမုတ္တဝါဒီ၊ အဝဏ္ဏဝါဒီ၊ အဝိတထဝါဒီ၊ အဝိနယဝါဒီ၊ အဝိဘဇ္ဇဝါဒီ၊ ဥဂ္ဂဝါဒိနီ၊ မုတဝါဒီ၊ မုသာဝါဒီ-စသည်၊ အန္တာနန္တဝါဒီ၊ အနုပဝါဒီ၊ အပ္ပိယဝါဒီ။

အစ္ဆာဝဒတိ ။ [အတိ+အာ ✓ဝဒ+အ+တိ] လွန်၍ ပြောဆို၏၊ ရဟန်းကျင့်ဝတ်ကိုလွန်၍ လူ့စကားကို ပြောဆို၏။ အစ္ဆာဝဒန္တ ။

မုရဓေါဒက ၊ တိ ၊ [မုရဓ ✓ဝဒ+ကွ] မရိုးစည်တီး တတ်သော။

မောသဝဇ္ဇ ၊ န ၊ [မုသာ ✓ဝဒ+ဏျ] မမှန်မကန် ပြောဆိုခြင်း, လိမ်ညာပြောဆိုခြင်း။

ဗဒရ ၊ ပု+န ၊ [✓ဝဒ+အရ] ဝဒတိသဃ ဗဒါဒေသော၊ ဝဒန္တိ ဇတေနာတိ-ဗဒရော= ကက္ကန္ဒုဖြလံ၊ ဆီးသီး။ ငိမှိ ဗဒရီ= ကက္ကန္ဒု။ မောဂ်-၇၊ ၁၆၀။ ဝဒ-ထေရိယေ၊ အရော၊ နဒါဒိ၊ ဗဒရီ။ ဓာန်ဋီ၊ ၅၅၈။ ဆီးပင်။

ဗျာဝဒန္တ ၊ တိ ၊ [ဝိ+အာ ✓ဝဒ+အန္တ] ပြောဆိုသော။

ဘောဝါဒီ ၊ ပု ၊ [ဘော ✓ဝဒ+ဏီ] သုဘာသုဘ ကထနတ္ထံ "ဘောဘော"တိ ဝစနံ ဝဒတိ သီလေန၊ ဏီ။ ဓာန်ဋီ၊ ၄၀၈။ "ဘောဘော"ဟု ဆိုလေ့ရှိသူ၊ ပုဏ္ဏား။

ဝစ္ဆ ၊ ပု ၊ [✓ဝဒ+ဆ] ဝဒ-ဝစနေ၊ ဝဒတီတိ-ဝစ္ဆော= နေလကော်။ မောဂ်-၇၊ ၄၃။ နွားငယ်။ **ဝစ္ဆက** [ဝစ္ဆ+က] နို့စို့နွားငယ်။

ဝဠရ ၊ တိ ၊ [✓ဝဒ+အရ] ဒ-ကို ဠ-ပြု၊ ဝဒတီတိ-ဝဠရော= မူဠော၊ ဝဠရံ= ထူလံ၊ ထိုင်းမှိုင်းသော၊ ဆူဖြိုးသူ။ မောဂ်-၇၊ ၁၆၁။

ဝတ္တ ၊ န ၊ [✓ဝဒ+တ] ဝဒတိ တေနာတိ-ဝတ္တံ၊ တော။ ဓာန်ဋီ၊ ၂၆၀။ ခံတွင်း။

ဝဒိ၊ ဝန္ဒ

ဘူ= အဘိဝါဒန ထုတီသု-ရှိခိုးခြင်း, ချီးမွမ်းခြင်းတို့၌။

ဝန္ဒတိ ။ [✓ဝန္ဒ+အ+တိ] ရှိခိုး၏၊ ချီးမွမ်း၏။ ဝဒက၊ ဝန္ဒိတွာ၊ ဝန္ဒိတွာန၊ ဝန္ဒိတုံ၊ ဝန္ဒန္တော်၊ ဝန္ဒမာန၊ (ဝန္ဒိယတော၊) ဝန္ဒိယမာန၊ (ဝန္ဒာပေတိ၊) ဝန္ဒာပေတွာ၊ ဝန္ဒာပေတုံ၊ ဝန္ဒန၊ ဝန္ဒနီယ၊ ဝန္ဒကော်ယျ၊ ဝန္ဒာပန၊ ဝန္ဒာပိတ၊ ဝန္ဒက၊ ဝန္ဒိတဗ္ဗ၊ ဝန္ဒိတု။ ဝန္ဒိယ [✓ဝန္ဒ+ဏျ] ဝန္ဒီ၊ (စာဆိုတော်။)

ဝန္ဒနာ ၊ ထီ ၊ [✓ဝန္ဒ+ယု+အာ] ဝန္ဒ-အဘိဝါဒန ထုတီသု၊ ယု၊ ဝန္ဒနာ၊ နလောပေ, ဒီဃေ စ အဘိဝါဒနံ။ ဓာန်ဋီ၊ ၄၂၆။ ရှိခိုးခြင်း။

ဝန္ဒာကာ ၊ ထီ ၊ [✓ဝန္ဒ+အ+က+အာ] ဝန္ဒ-အဘိဝါဒန ထုတီသု၊ အ၊ ကွတ္ထိယံ၊ သကတ္ထေ ကော၊ အဿ ဒီဃော။ ဓာန်ဋီ၊ ၅၈၀။ ကျီးပေါင်းပင်။

ဝန္ဒီ ၊ ပု ၊ [✓ဝဒိ+ဏီ] ဝိရိယာဒိထုတိ သိလေန ယော ပဋတိ, သော-ဝန္ဒီ၊ တဿီလာဒီသု ဏီ။ ဓာန်ဋီ၊ ၃၉၆။ စာဆိုတော်။

ဝန္ဒိ၊ ဝန္ဒီ ၊ ထီ ၊ [✓ဝန္ဒ+ဏ+ဤ] မုဥ္ဆနသညာယ ဝန္ဒတီတိ-ဝန္ဒိ၊ ဝန္ဒ-အဘိဝါဒန ထုတီသု၊ ဤ, ရဿောပိ ဝန္ဒိ။ ဓာန်ဋီ၊ ၄၀၇။ သုံ့ရလူ၊ သုံ့ပန်း။

အဘိဝန္ဒတိ ။ [အဘိ ✓ဝန္ဒ+အ+တိ] အထူးအားဖြင့် ရှိခိုး၏၊ ရိသေစွာ ရှိခိုး၏၊ ရှိခိုး၏။ အဘိဝန္ဒနီယ၊ အဘိဝန္ဒိတ၊ အဘိဝန္ဒိတုံ။ အဘိဝန္ဒိတွာ၊ အဘိဝန္ဒိယ [အဘိ ✓ဝန္ဒ+တွာ] အဘိဝန္ဒိယမာန။

ဝဒီ

စု= အဘိဝါဒန ထုတီသု-ရှိခိုးခြင်း, ချီးမွမ်းခြင်း တို့၌။ အဘိဝါဒေတိ၊ အဘိဝါဒယတိ။

အဘိဝါဒယတိ ။ [အဘိ ✓ဝဒီ+ဏယ+တိ] အဘိဝါဒေတိ၊ ရှိခိုး၏၊ အထူးအားဖြင့်ရှိခိုး၏၊ ရိသေစွာ ရှိခိုး၏။ အဘိဝါဒန၊ အဘိဝါဒယိတွာ၊ (အဘိဝါဒါပယတိ၊ အဘိဝါဒါပေတိ၊ ကာ) အဘိဝါဒါပေတဗ္ဗ၊ အဘိဝါဒါပေတုံ။ အဘိဝါဒါပေတွာ၊ အဘိဝါဒိယ [အဘိ ✓ဝဒီ+တွာ] အဘိဝါဒေတဗ္ဗ၊ အဘိဝါဒေတုံ၊ အဘိဝါဒေတွာ၊ အဘိဝါဒေတွာန၊ အဘိဝါဒေန္တ ။

ဤဓာတ်ဖြင့်ပြီးသမျှသော ရုပ်တို့သည် ဝဒဓာတ် ကာရိုက်ပစ္စည်းဖြင့်လည်း ပြီးနိုင်သည်သာ။

http://www.dhammadownload.com

ဝဒ္ဓ

ဘူ= ဝဒ္ဓနေ-တိုးပွားခြင်း၌။ ဝဒ္ဓတိ။

စု= ဒိတ္တိ ဆေဒန ပူရဏေသု-ထွန်းပခြင်း, ဖြတ်ခြင်း, ပြည့်စေခြင်းတို့၌။ ဝဒ္ဓေတိ၊ ဝဒ္ဓယတိ။

ဝဒ္ဓတိ ။ [✓ ဝဒ္ဓ+အ+တိ] တိုးပွား၏၊ ကြီးပွား၏။ ဝဒ္ဓမာန၊ (ဝဒ္ဓေတိ၊) ဝဒ္ဓေတုံ၊ ဝဒ္ဓန၊ ကြီးပွားစေသော။ ဝဒ္ဓိ၊ တိုးပွားခြင်း၊ အတိုးအပွား။ ဝဒ္ဓိတ၊ တိုးပွားသော။ ဝဒ္ဓီ၊ တိုးပွားစေတတ်သော။

ဝဒ္ဓိကာ ၊ ထီ ၊ [✓ ဝဒ္ဓ+ဏ္ဍု+အာ] သားရေလွန်၊ သဲကြိုးတပ်သောဖိနပ်၊ ဖိနပ်သဲကြိုး၊ တစ်နည်း= [ဝဒ္ဓ+ဏိက+အာ] ။

ဝဒ္ဓ ၊ တိ ၊ [✓ ဝဒ္ဓ+တ] တိုးပွားသော၊ ကြီးပွားသော၊ အသည်း၊ သဲကြိုး၊ ကြီးပွားပြီးသော၊ ဟောင်းသော။

သြဝဒ္ဓေယျ ၊ နဲ ၊ [အဝ ✓ ဝဒ္ဓ+ဏျ] အပေါ်လွှာ၊ သလင်းတောင်။ သြဝဒ္ဓေယျကရဏ၊ အပေါ်လွှာတင်ခြင်း။

ဝုဒ္ဓ ၊ တိ ၊ [✓ ဝဒ္ဓ+တ] အိုသော၊ ရင့်သော၊ အသက်သိက္ခာကြီးသော၊ ကြီးပွားသော၊ ပညာရှိ-သုခမိန်။

ဝုဒ္ဓိ၊ ဝုမိ၊ ဗုဒ္ဓိ ၊ ထီ ၊ [✓ ဝဒ္ဓ+တိ] ဝဒ္ဓ-ဝဒ္ဓနေ၊ တိ၊ ဒလောပေါ၊ ဓဃဘဟေဟိ ဓဃ စ၊ အဿု၊ ဝုဒ္ဓိ၊ ဝုမိပိ။ ဓာန်ဋီ၊ ၇၆၀။ ကြီးပွားခြင်း၊ ဝ-ကို ဗ-ပြုလျှင် ဗုဒ္ဓိ။

ဝဒ္ဓကီ၊ ဝမုကီ ၊ ပု ၊ [✓ ဝဒ္ဓ+ဏ္ဍု+ဤ] ဝဒ္ဓယတိ ဆိန္ဒတီတိ-ဝဒ္ဓကီ၊ ဝဒ္ဓ-ဆေဒနေ၊ စုရာဒိ၊ ဏ္ဍု၊ သကတ္ထေ ဤ၊ ဝဒ္ဓကီ၊ ဝမုကီပိ။ ဓာန်ဋီ၊ ၅၀၆။ လက်သမား။

ဝမုက ၊ တိ ၊ [✓ ဝဒ္ဓ+ဏ္ဍု] ဖြတ်တတ်သော-အဝတ်ချုပ်သမား၊ ကြီးပွားစေတတ်သော၊ (ကာရိုက်ကျေ။)

ဗလီဗဒ္ဓ ၊ ပု ၊ [ဗလ ✓ ဝဒ္ဓ+ဏ] ဗလံ ဝဒ္ဓယတီတိ-ဗလီဗဒ္ဓေါ၊ နိပါတနာ။ ဓာန်ဋီ၊ ၄၉၅။ နွားလား၊ နွားထီး။

သံဝဒ္ဓတိ ။ [သံ ✓ ဝဒ္ဓ+တိ] ကြီးပွား၏၊ ဖွံ့ဖြိုးတိုးတက်၏။ သံဝဒ္ဓမာန၊ သံဝဒ္ဓ၊ သံဝဒ္ဓက၊ သံဝဒ္ဓိတ၊ သံဝုဒ္ဓ၊ ကောင်းစွာကြီးပွားသော။

အတိဝဒ္ဓ ။ [အတိ ✓ ဝဒ္ဓ+အ] အလွန်ကြီးသော၊ အလွန်အိုသော။

အဘိဗုဒ္ဓိ ၊ ထီ ၊ [အဘိ ✓ ဝဒ္ဓ+တိ] တိုးတက်ကြီးပွားခြင်း၊ အဆင့်ဆင့် တိုးတက်ကြီးပွားခြင်း။

ဝဓ

စု= သံယမနေ-စောင့်စည်းခြင်း, ရှောင်ကြဉ်ခြင်း၌။ ဝဓေတိ၊ ဝဓယတိ။

ဝဓ-ဟိံသာယံ။ မောဂ်-၅၊ ၈၃၊ ပဋ္ဌိ။

ဗီဘစ္ဆ ၊ တိ ၊ [✓ ဝဓ+ဆ] ဝဓ-ဗန္ဓနေ၊ ဆော၊ အဗ္ဘာသိကာရဿ ဒီဃော၊ ဝဿ ဘော, ဓဿ စော, ဗီဘစ္ဆော။ ဓာန်ဋီ၊ ၁၀၄။ စက်ဆုပ်ဖွယ်ကောင်းသော၊ အရုပ်ဆိုးသော၊ ကြမ်းတမ်းရုန့်ရင်းသော၊ (ပု) စက်ဆုပ်ခြင်း။

(ဓာတ်ကျမ်းများ၌ ဗဓ-ဗန္ဓနေ-ဟု လာရှိသောကြောင့်လည်းကောင်း, ဟနဓာတ်ကို ဝဓ-ပြုသော အစီအရင်ရှိသောကြောင့်လည်းကောင်း ဤဓာတ်မှာ အပိုပင်ဖြစ်သည်။)

အဗဒ္ဓ ၊ နဲ ၊ [နဲ ✓ ဝဓ+တ] နဲ ဗဇ္ဈတေ ဟဒယမတြာတိ-အဗဒ္ဓံ၊ တော။ ဓာန်ဋီ၊ ၁၂၆။ အပေါင်းဖြစ်သော အနက်မှကင်းသောစကား၊ မစပ်စကား။

ဝန

ဘူ= သမ္ဘတ္တိယံ- ဆည်းကပ်မှီဝဲခြင်း၌။ ဝနတိ။

[ဘူ+စု= ဥပကာရ အသဒ္ဒဟေသု-ကျေးဇူးပြုခြင်း, မယုံကြည်ခြင်းတို့၌လည်းကောင်း၊ သဒ္ဒေါပတာပေသု-အသံပြုခြင်း, ပူလောင်ခြင်းတို့၌လည်းကောင်း။ ဓာတွတ္ထ။]

တနာ= ယာစနေ-တောင်းခြင်း၌။ ဝနောတိ။ မောဂ္ဂလ္လာနဓာတုပါဌ။

ဝနတိ ။ [✓ ဝန+အ+တိ] မှီဝဲဆည်းကပ်၏၊ ငြိတွယ်၏၊ ကပ်ငြိ၏။ (ဝနီယတိ၊ ဝနယတိ။)

ဝံသ ၊ ပု+နဲ ၊ [✓ ဝန+သ] ဝနတိ သမ္ဘတီတိ-ဝံသော၊ ဝန-သမ္ဘတ္တိယံ၊ သော။ ဓာန်ဋီ၊ ၆၀၀။ နှဲ၊ ပလွေ၊ ဝါး၊ အမျိုးအနွယ်။

ဝဉ္ဇ ၊ တိ ၊ [✓ ဝန+ဈက်] ဝန-ယာစနေ၊ ဝနောတိ အတ္တာနံ အနုဘဝိတုံ ယာစတီတိ-ဝဉ္ဇော= အဖလရုက္ခော၊ အဖိုပင်။ ဝဉ္ဇာ= အပသဝါ ဣတ္ထီ၊ အမြုံမ၊ မိန်းမမြုံ။ အဿ ဣတ္တံ ဝိဉ္ဇော= ပဗ္ဗတော၊ ဣန္ဒိယ တောင်ပိုင်းမြောက်ပိုင်းကို ပိုင်းခြားထားသော ဗိန္ဓုတောင်။ မောဂ်-၇၊ ၄၈။ ဝန-

http://www.dhammadownload.com

ယာစနေ၊ ဈော၊ ဝဉ္ဇာ။ ဓာန်ဋီ၊ ၅၄၁။ အဖိုပင်၊ မြို့သော၊ အဖိုဖြစ်သော။

ဝဏီ ၊ တိ ၊ [✓ဝန+ဏီ] ဝနတိ ယာစတီတိ-ဝဏီ၊ န-ကို ဏ-ပြု၊ သူတောင်းစား။

ဝန ၊ န ၊ [✓ဝန+အ] ဝန-သမ္ဘတ္တိ သဒ္ဒေသု၊ ကတ္တရိ အ၊ ဝနံ။ ဓာန်ဋီ၊ ၅၃၆။ တော၊ ဥယျာဉ်၊ တဏ္ဍာ၊ ကိလေသာ။ ဝန-သမ္ဘတ္တိယံ၊ ဝနီယတေ ပိပါသေ ဟီတိ-ဝနံ။ ဓာန်ဋီ၊ ၆၆၁။ ရေ၊ သစ်ပင်။ **ဝနက**= ဝနမေဝ-ဝနကံ၊ **ဝနန**၊ မှီဝဲဆည်းကပ်ခြင်း။

ဥပဝန ၊ န ၊ [ဥပ+ဝန] ဥပဂတံ, ဥပရောပိတံ ဝါ ဝနံ-ဥပဝနံ။ ဓာန်ဋီ၊ ၅၃၇။ အာရာမ်၊ ခြံ၊ ဥယျာဉ်။

ဝနိ ၊ ပု ၊ [✓ ဝန+ဏ္ဍ] တောင်းခြင်း။

ဝနထ ၊ ပု ၊ [✓ဝန+ထ] ဝန-သမ္ဘတ္တိယံ၊ ဝနတိ ယေန, သော-ဝနထော၊ ထော။ ဓာန်ဋီ၊ ၁၆၃။ တဏ္ဍာ၊ တပ်ခြင်း၊ စွဲလမ်းခြင်း။

ဝနိတာ ၊ ထီ ၊ [✓ ဝန+တ+အာ] ဝန-သမ္ဘတ္တိယံ၊ တော၊ ဏ္ဍကာရာဂမော စ။ ဓာန်ဋီ၊ ၂၃၀၊ မိန်းမ။

ဝနိဗ္ဗက ၊ ပု ၊ [✓ဝန+ဏ္ဍု] ဏ္ဍဗ္ဗ-လာ၊ ဂုဏကိတ္တနေန ဝနတိ ယာစတီတိ-ဝနိဗ္ဗကော။ ဓာန်-နိသစ်၊ ၇၄၀။ တောင်းစားတတ်သူ၊ သူတောင်းစား။

မိဂဝ ၊ ပု ၊ [မိဂ ✓ဝန+ကွိ] သားသမင်တို့၏နေရာ၊ တောလိုက်မုဆိုး။

ဘဂဝ ၊ ပု ၊ [ဘဂ ✓ဝန+ကွိ] သီလ-စသောဂုဏ်ကို တောင့်တတတ်သော ဘုရား။

ဝန

ဘူ= ဗျာပါရေ-အားထုတ်ခြင်းအမူအရာ၌။ ဝနတိ။ တနာ= ယာစနေ-တောင်းခြင်း၌။ ဝနောတိ။

ဝနတိ ။ [✓ဝန+အ+တိ] ဝနောတိ [✓ဝန+ဩ+တိ] တောင်း၏။ ဝနုတေ၊ တောင်း၏။

ဝဏိဗ္ဗက ၊ ပု ၊ [✓ ဝန+ဏ္ဍု] ဏ္ဍဗ္ဗ-လာ၊ န-ကို ဏ-ပြု၊ သူတောင်းစား။

ဝန ၊ န ၊ [✓ဝန+အ] တော၊ ဥယျာဉ်၊ တဏ္ဍာ၊ ကိလေသာ၊ ရေ၊ သစ်ပင်။ ဝနက-သကတ္ထ က-သက်။

ဝပ

ဘူ= ဗီဇနိက္ခေပ တန္တသန္တာန မုဏ္ဍနေသု-မျိုးစေ့ ကြဲချစိုက်ပျိုးခြင်း, ရက်ကန်းရက်ခြင်း, ဦးခေါင်း ရိတ်ခြင်းတို့၌။

ဝပတိ ။ [✓ ဝပ+အ+တိ] စိုက်ပျိုး၏၊ တည်၏၊ ပျိုးကြဲ၏။ (ဝပတိ၊) ဝပိတွာ၊ ဝပိတုံ၊ ဝပန္တ၊ ဝပ္ပန္တ၊ (ဝပီယတိ၊ ဝပ္ပီယတိ၊ ဝပါပေတိ၊) ဝပါပေတွာ၊ ဝပန၊ ဝပါပေတဗ္ဗ၊ ဝပိတ၊ ဝပိတဗ္ဗ။

ဝပါ ၊ ထီ ၊ [✓ ဝပ+အ+အာ] ဝပ-ဗီဇသန္တာနေ၊ အ၊ ဝပါ။ ဓာန်ဋီ၊ ၂၈၂။ အဆီခဲ။

ဝါပ ၊ ပု ၊ [✓ ဝပ+ဏ] ဝပ္ပတေ ယသ္မိန္တိ-ဝါပေါ၊ ဏော။ ဓာန်ဋီ၊ ၄၄၇။ လယ်။ ဝပ္ပတေတိ-ဝါပေါ၊ စိုက်ပျိုးအပ်သောအခင်း။

နိဝါပ ၊ ပု ၊ [နိ ✓ဝပ+ဏ] ဝပ-ဗီဇသန္တာနေ၊ ဏော။ ဓာန်ဋီ၊ ၄၂၃။ သေပြီးသော မိဘ-စသူတို့ကို ရည်ညွှန်း လှူဒါန်းအပ်သော အလှူ။

ဝပ္ပ ၊ ပု ၊ [✓ဝပ+ပ] ဝပ-ဗီဇနိက္ခေပေ၊ ဝပ္တိ ဧတ္ထာတိ-ဝပ္ပော= ကေဒါရံ။ မောဂ်-၇၊ ၁၁၄။ လယ်၊ ယာ၊ ကမ်းပါး၊ စိုက်ပျိုးခြင်း။

။ တိ ။ [✓ ဝပ+ဏျ] စိုက်ပျိုးအပ်သော၊ မျိုးကြဲအပ်သော။

ဝပ္ပန ၊ န ၊ [✓ဝပ+ယ+ယု] စိုက်ပျိုးခြင်း၊ ပျိုးကြဲခြင်း၊ စိုက်ပျိုးချိန်။

ဝပ္ပိတ ၊ တိ ၊ [✓ဝပ+ယ+တ] စိုက်ပျိုး-ပျိုးကြဲအပ် ပြီးသော။

ဝါပိ၊ ဝါပီ ၊ ထီ ၊ [✓ဝပ+ဏ္ဍဏ်] ဝပ-ဗီဇနိက္ခေပေ၊ ဝပ္တိ ဧတာယာတိ-ဝါပိ= ဇလာသယော။ မောဂ်-၁၀။ ရေအိုင်၊ ရေကန်၊ ဤ-ပစ္စည်းဖြင့် ဝါပီ-ဟုလည်း ရှိ၏။

ဝါပိတ ၊ တိ ၊ [✓ ဝပ+တ] စိုက်ပျိုးပြီးသော၊ ခေါင်းရိတ်ပြီးသော။

ဝပု ၊ န ၊ [✓ ဝပ+ဥ] ဝပ-ဗီဇသန္တာနေ၊ ဝပတိ ကုသလာကုသလဗီဇမေတ္ထာတိ-ဝပု၊ ဥ။ ဓာန်ဋီ၊ ၁၅၁။ ကိုယ်။

ဝိပိန ၊ န ၊ [✓ဝပ+ဏ္ဍန] ဝပ-ဗီဇနိက္ခေပေ၊ အသ ဏ္ဍတ္တံ၊ ဝပ္တိ ဧတ္ထာတိ-ဝိပိနံ= ဝနံ။ မောဂ်-၇၊ ၁၀၃။ တော။

ဝိပ္ပ ၊ ပု ၊ [✓ဝပ+ပက်] ဝပဓာတ်၏ အ-ကို ဏ္ဍ-ပြု၊ ဝိဇ္ဇံ ဝပတီတိ-ဝိပ္ပော= ဗြာဟ္မဏော၊ ပုဏ္ဏား။

ဗပ္ပ ၊ န ၊ [✓ဝပ+ပက်] ဝ-ကို ဗ-ပြု၊ ဝပတိ ဗဟိ နိက္ခမတိ ဟဒယင်္ဂတသောကေနာတိ-ဗပ္ပံ= အသု။ မောဂ်-၇၊ ၁၁၇။ မျက်ရည်။

http://www.dhammadownload.com

သမဝါပက ၊ တိ ၊ [သမ ✓ဝပ+ကွု] ရာသီအလိုက် စိုက်ပျိုးအပ်သော။

ဥဒ္ဒါပ ၊ ပု ၊ [ဥ ✓ဝပ+ဏ] ကောထွာဘ။ ဥဒ္ဒါပ= ဒ–လာ၊ ဒွါ–ကို ဒ္ဒါ–ပြု၊ တံတိုင်းခြေ။

အာဝါပ ၊ ပု ၊ [အာ ✓ဝပ+ဏ] အိုးဖို (အိုးဖုတ်ရန် ပြုလုပ်ထားသောလိုဏ်–တွင်း)။

အာဝါပက ၊ ပု ၊ [အာ ✓ဝပ+ကွု] အိတ် (ပစ္စည်း ထည့်စရာအိတ်)။

သုဝုတ္ထ ၊ တိ ၊ [✓ဝပ+တ] + [သု+ဝုတ္ထ]= ကောင်းစွာ စိုက်ပျိုးအပ်သော။

ဝတ္ထု ၊ န ၊ [✓ဝပ+ထု] ဝပန်ဓိ ပတိဋ္ဌဟန်ဓိ ဇတ္ထာတိ–ဝတ္ထု။ နေတ္တိ–ဝိ၊ ၅၈။ ယာမြေ၊ ကျောင်းမြေ။ ဝတ္ထုယေဝ–**ဝတ္ထုက်**၊ အကျည်, အောက်ခံမြေခုံ–စသည်။

ဝပွ

ဘူ= ဝါရဏော–တားမြစ်ခြင်း၌။ ဝပွတိ။

ဝပွ ၊ ပု ၊ [✓ဝပွ+အ] ဝပွတိ ကိလေသေ ဝါရေတီတိ–ဝပွော၊ ဝပွထေရ်။

ဝပွ

ဘူ= ဂတိ ဝဓေသု–သွားခြင်း, ညှဉ်းဆဲခြင်းတို့၌။ ဝပွတိ။

ဝဗွ

ဘူ= သပွနေ–သွားခြင်း၌။ ဝဗွတိ။'

ဝဘိ၊ ဝမ္ဘ

စု= နိန္နာယံ–ကဲ့ရဲ့ရွှတ်ချခြင်း၌။ နီတိ၌ ဝမ္ဘ–ဝိဒ္ဓံသနေ–ဟု ရှိသည်။ ဝမ္ဘေတိ၊ ဝမ္ဘယတိ။

ဝမ္ဘေတိ ။ [✓ဝမ္ဘ+ဏော+တိ] ဝမ္ဘယတိ၊ ရွှတ်ချ၏၊ မောင်းမဲ၏၊ ဖျက်ဆီး–နှိပ်စက်၏။ ဝမ္ဘေတွာ၊ ဝမ္ဘေတုံ၊ ဝမ္ဘေဿ၊ ဝမ္ဘမာန၊ ဝမ္ဘက၊ ဝမ္ဘန၊ ဝမ္ဘနာ၊ ဝမ္ဘနီယ၊ ဝမ္ဘယိတ၊ ဝမ္ဘိတ၊ ဝမ္ဘီ။

အပရဝမ္ဘီ ၊ တိ ၊ [န+ပရ ✓ဝမ္ဘ+ဏီ] သူတစ်ပါးကို မကဲ့ရဲ့, မရွှတ်ချတတ်သော။ **အပရဝမ္ဘက**။

အပရဝမ္ဘန [ပရ ✓ဝမ္ဘ+ယု] + [န+ပရဝမ္ဘန] သူတစ်ပါးကို မကဲ့ရဲ့, မရွှတ်ချခြင်း။

ဝဗ္ဘ

ဘူ= ဂတိ ဘောဇနေ–သွားခြင်း, စားခြင်း၌။ ဝဗ္ဘတိ။

ဝမု၊ ဝမ

ဘူ= ဥဂ္ဂိရဏော–ထွေးအန်ခြင်း၌။ ဝမတိ။

ဝမတိ ။ [✓ ဝမု+အ+တိ] ထွေးအန်၏၊ ပျို့အန်၏၊ စွန့်ပယ်၏။ ဝမိတွာ၊ ဝမိတွာန၊ ဝမန္တ၊ (ဝမေတိ၊) ဝမေတွာ၊ ဝမာပေတွာ၊ ဝမေန္တ။ ဝမထု [✓ဝမ+အထု] အန်ဖတ်။ ဝမန၊ ဝမနီယ၊ ဝမိတ၊ ဝန္တ၊ (ဝမိတက၊ အန်ဖတ်။ ဝန္တက၊) ဝမိတဗ္ဗ၊ ဝန္တဗ္ဗ။ ဝန္တာဝီ [✓ ဝမု+တာဝီ] အော့အန်ပြီးသော။

ဝမထု ၊ ပု ၊ [✓ဝမု+ထု] ကွစိမာတုတျာဒိနာ အကာရာဂမော၊ ဝမု–ဥဂ္ဂိရဏော၊ ထု။ ဓာန်ဦ၊ ၃၂၇။ အော့အန်နာ။ ဝမ–ဥဂ္ဂိရဏော, (အထု), ဝမနံ, ဝမိယတီတိ ဝါ–ဝမထု။ မောဂ်–၇၊ ၄၆၊ ပဋ္ဌ။ အန်အပ်သော၊ အန်ဖတ်။

ဝမ္မိက ၊ ပု ၊ [✓ဝမ+က+] မိ–လာ၊ ဝမိယတီတိ–ဝမ္မိကော= ဥပစိကာကတော စယော။ မောဂ်–၇၊ ၁၅။ တောင်ပို့။

ဝါမ ၊ တိ ၊ [✓ဝမ+ဏ] လက်ဝဲဘက်–ဘယ်ဘက်၊ ကောင်းမြတ်သော, တင့်တယ်လှပသော၊ ဆန့်ကျင်ဘက်ဖြစ်သော၊ မှားယွင်းသော–မသင့်တင့်သော။

ဝါမန ၊ တိ ၊ [✓ဝမ+ဏော+ယု] နိမ့်သော၊ ပုကွသော။ **ဝါမနက** [ဝါမန+က] ဝါမနောယေဝ–ဝါမနကော။

ဝိသဝန္တ ၊ တိ ၊ [ဝိသ ✓ဝမု+တ] အဆိပ်ကို ပျို့အန်ခြင်း၊ တစ်နည်း= မာန–ပစ္စည်းကို အန္တ–ပြန်။

ဝိသဝမာန ၊ န ၊ [ဝိသ ✓ ဝမု+မာန] မာန–ကို အာန–ပြု၊ အဆိပ်ကို ပျို့အန်ခြင်း။

ဝန္တ ၊ တိ ၊ [✓ဝမု+တ] ဝမု–ဥဂ္ဂိရဏော, ဝမိယိတ္ထာတိ–ဝန္တံ, ဝမိတံ။ ရှု၊ ၆၃၁။ ထွေးအန်အပ်ပြီးသော။

သံဝန္တ ၊ တိ ၊ [သံ ✓ဝမု+တ] ကောင်းစွာ ပျို့အန်အပ်ပြီးသော၊ ထွေးအန်အပ်ပြီးသော။

ပစ္စာဝမန ၊ ထီ+န ၊ [ပတိ+အာ ✓ဝမု+ယု] ပြန်မျိုခြင်း။ အပစ္စာဝမန၊ ပြန်မမျိုခြင်း။

အဝန္တီ ၊ ပု ၊ [န ✓ဝမု+တိ] အတ္တနာ ခါဒိတံ လဠုပရာဇိတေဟိ ယာစိတာပိ ပုန န ဝမန္တီ တိ–အဝန္တီ။ ဓာန်ဦ၊ ၁၈၄။ အဝန္တီ တိုင်း၊ အဝန္တီ ဇနပုဒ်။

အာဝမတိ ။ [အာ ✓ဝမု+အ+တိ] စုပ်ယူ၏၊ ဆွဲယူ၏။ အာဝမိတုံ။

http://www.dhammadownload.com

သုဝဏ္ဏ ၊ တိ ၊ [√ဝမု+တ] + [သု+ဝဏ္ဏ] ကောင်းစွာ ထွေးအန်အပ်ပြီးသော။

ဝံသ ၊ ပု+န ၊ [√ဝမ+သ] အမျိုးအနွယ်၊ ဝါး၊ ပြွေ။

ဘဂဝ ၊ ပု ၊ [ဘဂ √ဝမု+ကွိ] သိရီ–စသော ဘုန်းတော်တို့ကို ထွေးအန်တတ်သော–ဘုရား။

ပစ္စာဝမတိ ။ [ပတိ+အာ √ဝမု+အ+တိ] တစ်ဖန် မျိုသွင်းဆောင်ယူ၏၊ တစ်ဖန် မျိုသွင်းသုံးဆောင်ခံစား၏။ ပစ္စာဝမိတုံ။

ဗိမ္ဗ ၊ ပု+န ၊ [√ဝမ+ဗ] ဝမုမာတ်၏ ဝ–ကို ဗ–ပြု၊ ပိတ္တာဒယော ဝမတိ ဥဂ္ဂိရတီတိ–ဗိမ္ဗံ= သရီရံ။ မောဂ်–ဂ၊ ၁၂၂။ ဝမိမာတုမှာ ဗော၊ ဝဿ ဗတ္တံ, (ကျတ္တဥ္စ)။ ဓာန်ဦ၊ ၃၃ဖ။ ကိုယ်၊ ခန္ဓာ= အတ္တဘော၊ ရုပ်တု၊ ဓာတ်ပုံ၊ ကျီးအာပင်။

ပဋိဗိမ္ဗ ၊ တိ ၊ [ပတိ √ဝမု+ဗ] ဝမု–ဥဂ္ဂိရဏေ၊ ဗော၊ ကျတ္တံ၊ ပဋိဗိမ္ဗံ။ ဓာန်ဦ၊ ၅၂၉။ အတုဖြစ်သော၊ ရုပ်တုတော်၊ ဆင်းတုတော်၊ ရုပ်ပုံ။

ဟိမဝါ ၊ ပု ၊ [ဟိမ √ဝမု+ကွိ] ဟိမံ ဝမတီတိ–ဟိမဝါ၊ ကွိ၊ ရာဇာဒိပက္ခေ ပတ္တာ သိဿာ။ [ဟိမ+ဝန္တု] ဟိမပစုရတာယ ဝါ–ဟိမဝါ။ ဓာန်ဦ၊ ၆၀ဖ။ ဟိမဝန္တာတောင်။

ဝယ

ဘူ= ဂတိယံ–သွားခြင်း၌။ ဝယတိ။

ဝယတိ ။ [√ဝယ+အ+တိ] ပြည့်စုံစေ၏။ ဝယန္တ၊ ဝယမာန။ ဝယ ၊ ပု ၊ [ဝယ+အ] ပြည့်စုံစေတတ်သော၊ အရွယ်။ (သုဝယ၊ ကောင်းသော အရွယ်။)

ဝယန ၊ ပု ၊ [√ဝယ+ယု] ရင်းရဲပင်။

ဝယသ ၊ ထီ+ပု ၊ [သဟ √ဝယ+အ] သဗ္ဗကာရိယေသု သဟ ဝယတီတိ–ဝယသော၊ ဝယ–ဂမနေ၊ သဟဿသော, ဝဏ္ဏဝိပရိယယော။ ဓာန်ဦ၊ ၃၄ဖ။ သူငယ်ချင်းမိတ်ဆွေ။

တစ်နည်း= [ဝယ+သ] ဝယသာ တုလျော–ဝယသော။ တစ်နည်း= [ဝယ+အ] သအက္ခရာလာ၊ ဝယဿ–လည်း အနက်တူ၏။

ဝါယသ ၊ ပု ၊ [√ဝယ+အသဏ်] ဝယတိ ဂစ္ဆတီတိ–ဝါယသော= ကာကော။ မောဂ်–ဂ၊ ၂၁၈။ ကျီး= ကျီးကန်း။

ဝါယာမ ၊ ပု ၊ [√ဝယ+အာမ] ဝယတိ သဗ္ဗကာလန္တိ–ဝါယာမော၊ အာမော။ ဓာန်ဦ၊ ၁၅ဖ။ အားထုတ်ခြင်း လုံ့လ။

သရဗျ ၊ န ၊ [သရ √ဝယ+အ] သရော ဝယတိ ဂစ္ဆတိ ယသ္မိ'–သရဗျံ၊ ဝဿ–ကာရလောပေါ။ ဓာန်ဦ၊ ၃၉ဝ။ မှတ်တိုင် (စက်ခွက်)။

ဝရ

စု= ကျစ္ဆာ ယာစန သမ္ဘတ္တီသု–လိုချင်ခြင်း, တောင်းခြင်း, ဆည်းကပ်ခြင်းတို့၌။ ဝါရေတိ၊ ဝါရယတိ။

ဘူ+စု= အာဝရဏေ–ပိတ်ဆို့ခြင်း၌။ ဝရတိ။

ဝရတိ ။ [√ဝရ+အ+တိ] တောင်း၏၊ အလိုရှိ၏၊ ဆည်းကပ်၏၊ ကာရံ၏၊ တားမြစ်၏။ ဝရမာန၊ (ဝရီယတိ၊) ဝရဏီယ၊ ဝရိတ၊ ဝရိတဗ္ဗ။

ဗရ၊ အမ္ဗရ ၊ န ၊ [√ဝရ+အ] ဝရီယတိ ဆာဒီယတိ အနေနာတိ–ဝရံ၊ (ဗရံ)၊ အမိုး၊ အကာ၊ အဖုံး။ အမ္ဗရ [န+ဗရ] န ဗရန္တိ–အမ္ဗရံ၊ ကောင်းကင်။ အပ–၌–၂၊ ၁၃၉။

ဗရီ ၊ ပု ၊ [√ဝရ+ကျ] မြီးစည်း။

ဝစ္ဆ ၊ ပု+န ၊ [√ဝရ+စ] ဝရ–ဝရဏ သမ္ဘတ္တီသု၊ ဝါရေတိ သုခန္တိ–ဝစ္ဆံ= ဂူထော။ မောဂ်–ဂ၊ ၃၉။ မစင်–ကျင်ကြီး၊ အရောင်အဆင်း။

ဝဋ္ဋ ၊ တိ ၊ [√ဝရ+တ] ဖွင့်အပ်သော၊ ဖွင့်ထားသော။

ဝတ္တိ ၊ ထီ ၊ [√ ဝရ+တိ] စည်းရိုး–စောင်ရန်း၊ ဝင်းထရံ၊ တံတိုင်း–အရံအကာ။

ဝမ္မ ၊ န ၊ [√ဝရ+ရမ္မ] ဝရီယတေ တန္တိ–ဝမ္မံ၊ ဝရ–ဝရဏေ, ဝရ–ကျစ္ဆာယံ ဝါ၊ မော, ရဿ မော။ ဓာန်ဦ၊ ၃၇၇။ ချပ်ဝတ်(စစ်ဝတ်တန်ဆာ)။

ဝရ ၊ တိ ၊ [√ဝရ+အ] ဝရ–ပတ္ထနာယံ။ ဓာန်ဦ၊ ၆၉၄။ ကောင်းသော၊ မြတ်သော၊ ပြဋ္ဌာန်းသော၊ အလိုရှိအပ်သော၊ တောင့်တအပ်သော၊ ဆု–လာဘ်။ ပု ။ ဝရ–ကျစ္ဆာယံ၊ အ၊ ဝရော။ ဓာန်ဦ၊ ၂၄ဝ။ လင်။ ဝရ–ဝရဏေ၊ ဝရော။ ဓာန်ဦ၊ ၇၆၂။ ရစ်ပတ်ခြင်း၊ ဆည်းကပ်ခြင်း။

ဝဏ္ဏ ၊ ပု ၊ [ဝရ+ဏ] ဝရ–ဝရဏေ၊ ဝိရူပတ္တံ ဝါရေတိတိ–ဝဏ္ဏော= နီလာဒိ။ မောဂ်–ဂ၊ ၆၅။ အညို–စသောအဆင်း။

http://www.dhammadownload.com

ဝရက ၊ ပု ၊ [✓ဝရ+အက] ဝရ–ဝရဏ သမ္ဘတ္တိသု၊ ဝါရေတိတိ–ဝရကော= ဝရဏော, ဥပဝိသေသော စ။ မောဂ်–၇၊ ၁၈။ ရေခတက်ပင်၊ ပြောင်း, စပါး၊ အကျွမ်းဝင်သူ၊ အထီးကျန်သူ။

ဝရဏ ၊ ထီ+ပု ၊ [✓ဝရ+ယု] ဝရ–ဣစ္ဆာယံ၊ ယု။ ဓာန်ဒို၊ ၅၅၃။ ခတက်ပင်၊ ရေခတက်ပင်။ [✓ဝရ+အဏ] ဝါရေတိတိ–ဝရဏော= ပါကာရော။ မောဂ်–၇၊ ၆၈။ တံတိုင်း။

ဝရဏ္ဍ ၊ ပု ၊ [✓ဝရ+အဏ္ဍ] ဝရ–ဝရဏော၊ အတ္တနိပေမံ ဝါရယတီတိ–ဝရဏ္ဍော= မုခရောဂေါ။ မောဂ်–၇၊ ၅၇။ ခံတွင်းနာ။

ဝရတ္တ ၊ ထီ+နာ ၊ [✓ဝရ+အတ္တ+အာ] ဝရန္တိနေနာတိ–ဝရတ္တော= ယောတ္တံ။ မောဂ်–၇၊ ၈၁။ ကြိုး၊ လွန်။ ရှု၊ ဖဖဖ–ကိုလည်း ရှု။

ဝရာက ၊ ထီ+ပု ၊ [✓ဝရ+အာက] ယုတ်ညံ့သော၊ ဆင်းရဲသော၊ အထီးကျန်သော၊ ခိုကိုးရာမရှိသော။

ဝရာဟ ၊ ပု ၊ [✓ဝရ+ဟ] ကဠဝရာနံ အာက်၊ ဝရီယတီတိ–ဝရာဟော= သူကရော။ မောဂ်–၇၊ ၂၂၃။ ဝက်။

ဝရုဏ ၊ ပု ၊ [✓ဝရ+ကုန] နာ–ကို ဏ–ပြု၊ ဝါရေတိတိ–ဝရုဏော= ဇဝံနာမကော ဣသိ, ဒေဝရာဇ, ပါဒပေါ စ။ မောဂ်–၇၊ ၁၀၁။ ဝရုဏရသေ့၊ ဝရုဏနတ်မင်း၊ ရေခတက်ပင်။

ဝရုကိနီ ၊ ထီ ၊ [✓ဝရ+ဥက+ဣနီ] ဝရ–ဂတိယံ၊ ဥကော၊ ဣနီ။ ဓာန်ဒို၊ ၃၈၁။ စစ်တပ်။ (ဝရုထိနီ–ကား ပါဠိပျက်။)

ဝရူထ ၊ ပု ၊ [✓ဝရ–ထ] ဝရ–ဝရဏော၊ ထော၊ (ဥကာရာဂမော။) သူစိ။ ရံတိုင်၊ မြားကာ။

ဝါရဃတိ ။ [✓ဝရ+ဏဃ+တိ] ဝါရေတိ၊ တားမြစ်၏၊ နှိပ်ကွပ်၏၊ တောင်း၏၊ ယူ၏၊ အလိုရှိ၏၊ တောင်းပန်၏၊ အောက်မေ့၏၊ ပယ်၏။ ဝါရယိတွာ၊ ဝါရိတွာ၊ ဝါရေတွာ၊ ဝါရယိတုံ၊ ဝါရေတုံ၊ ဝါရယန္တ၊ ဝါရေန္တ၊ ဝါရယမာန၊ (ဝါရာပေတိ၊) ဝါရာပေတွာ၊ ဝါရိယမာန၊ ဝါရေတဗ္ဗ၊ ဝါရေယျ။

ဝါရ ၊ ပု+နာ ၊ [✓ဝရ+ဏော+အ] နေ့၊ အလှည့်အကြိမ်၊ အခွင့်၊ ဗလာ၊ ပန်းမ။ **ဝါရက** ၊ ပု ၊ [ဝါရ+က] အလှည့်အကြိမ်။

နိဝါရ ၊ ပု ၊ [နိ ✓ဝရ+ဏ] ဆဒနံ နိဝါရေတိတိ–နိဝါရော၊ ပတိပါတတော နိဝါရေတဗ္ဗောတိ ဝါ–နိဝါရော။ ကစ္စည်း၊ ၄၀၃၊ ဂဠုန်ပုံ။ ကျိတ်ဆန်, ကျိတ်စပါး၊ နတ်ကောက်ငယ် (ကျိတ်လမန်း–နှံစားပြောင်းတစ်မျိုး)။

ဝါရက ၊ တိ ၊ [✓ဝရ+ဏ္ဍ] ဝရ–ဝါရဏ သမ္ဘတ္တိသု၊ ဏ္ဍ။ ဓာန်ဒို၊ ၄၅၇။ ရေအိုး၊ အိုး၊ ခွက်။

ဝတ္တ ၊ နာ ၊ [✓ဝရ+တက်] ဝရ–ဝရဏ သမ္ဘတ္တိသု၊ ဝရဏံ–ဝတ္တံ= ဗြဟ္မစရိယာဒိ။ မောဂ်–၇၊ ၈၃။ ကျင့်ဝတ်၊ ဝတ္တရား၊ အလေ့အကျင့်၊ အပြုအမူ။

ဝါရဏ ၊ ပု+နာ ၊ [✓ဝရ+ဏော+ယု] ဝါရယတိ ပရဇလံ–ဝါရဏော၊ နန္ဒာဒီဟိ ယု။ ဓာန်ဒို၊ ၃၆၀။ ဆင်၊ ရေဉနဲပင်၊ တားမြစ်ခြင်း၊ ပိတ်ပင်ခြင်း။

ဝါရဝါဏ ၊ ပု+နာ ၊ [ဝါဏ ✓ဝရ+ဏ] ဝါဏံ သရံ ဝါရယတီတိ–ဝါရဝါဏော၊ ကမ္မနိ ဏော၊ အဘိဓာနတော ဝါရဿ ပုဗ္ဗနိပါတော။ ဓာန်ဒို၊ ၂၉၄။ ချပ်ဝတ်၊ သင်တိုင်း။

ဝါရုဏီ ၊ ထီ ၊ [✓ဝရ+ဏု+ဣနီ] ဝရ–ဂတိယံ၊ ကတ္တရိ (ဏု)၊ ဣနီ။ ဓာန်ဒို၊ ၂၃၆။ နတ်ကတော်၊ နတ်ဝင်မ။

ဝါရုဏီ ၊ ထီ ၊ [✓ဝရ+ယု+ဉျိ] ဝရ–ပတ္ထနာယံ၊ ကမ္မေ ယု၊ အဿု၊ နဒါဒိ။ ဓာန်ဒို၊ ၅၃၃။ သေရည်။

ဝါရိ ၊ နာ ၊ [✓ဝရ+ဣဏ်] ဝါရေန္တိ ဇတေနာတိ–ဝါရိ= ဇလံ။ မောဂ်–၇၊ ၁၀။ ရေ၊ မျက်ရည်။ ဝရ–နိသေဓေ၊ ဏိ၊ ဝါရယတိ ပိပါသန္တိ–ဝါရိ။ ဓာန်ဒို၊ ၆၆၁။

ဝါရိတ ၊ တိ ၊ [✓ဝရ+ဏော+တ] တားမြစ်အပ်သော၊ တောင်းရမ်း–စေ့စပ်–ကြောင်းလမ်းအပ်ပြီးသော၊ ပယ်အပ်သော၊ ပယ်ရာပယ်ကြောင်း–တားမြစ်ရာ တားမြစ်ကြောင်း= သိက္ခာပုဒ်။

ဝါရိတ္တ ၊ နာ ၊ [✓ဝရ+ဏိတ္တ] ရှု၊ ၆၇၇။ ဝါရိတ္တသီလ။

ဝါလ ၊ ပု+နာ ၊ [✓ဝရ+ဏ] ဝါရေတိတိ–ဝါရံ၊ ဝါရိနာမကတ္တာ ဝါ–ဝါရံ၊ လတ္တေ ဝါလံ။ ဓာန်ဒို၊ ၅၉၁။ ပန်းမ၊ ဖာလာ၊ မြီးဆံ၊ လျှော်၊ ဆံပင်၊ အမွေး။

ဩဝါရေတိ ။ [အဝ ✓ဝရ+ဏော+တိ] တားဆီး၏၊ ပိတ်ပင်၏။ ဩဝရဏ၊ အဆီးအတား။ (ဩဝရိယတိ၊ –အပ်၏။) ဩဝဠ၊ တားမြစ်အပ်သော။ ဩဝရဏ၊ တိုက်ခန်း၊ အိပ်ခန်း။

http://www.dhammadownload.com

ဩဝရက ၊ ပု ၊ [အဝ √ဝရ+အ+က] ဝါရေန္တိ ဧတ္ထာတိ–ဩဝရကော၊ တိုက်ခန်း။

ပဝရ ၊ တိ ၊ [ပ √ဝရ+အ] ဝရ–ပတ္ထနာယံ၊ ပဝရော။ ဓာန်ဋီ၊ ၆၉၄။ မြတ်သော၊ ပြဋ္ဌာန်းသော။

ပါဝါရ ၊ ပု ၊ [ပ √ဝရ+ဏ] ဝရ–အစ္ဆာဒနေ၊ ပပုဗ္ဗော၊ ကမ္မနိ ဏော၊ ဥဘယတြာပိ ဝုဒ္ဓိ–ပါဝါရော။ ဓာန်ဋီ၊ ၂၉၂။ စုလျားတဘက်၊ အပေါ်ရုံ။

ဝိဝရတိ ။ [ဝိ √ဝရ+အ+တိ] ဖွင့်လှစ်၏၊ ဖွင့်ပေး၏၊ အကျယ်ဖွင့်ပြ၏၊ ထင်စွာပြု၏။ ဝိဝရိတွာ၊ ဝိဝရိယ၊ ဝိဝရိတုံ၊ ဝိဝရန္တ၊ ဝိဝရမာန၊ (ဝိဝရီယတိ, ဝိဝရိယတိ၊) ဝိဝရိယမာန။ (ဝိဝရာပေတိ၊) ဝိဝရာပေတွာ၊ ဝိဝရာပေတုံ၊ ဝိဝရာပေန္တ၊ ဝိဝရဏ၊ ဝိဝရဏီယ။

ဝိဝရ ၊ ပု+နှ ၊ [ဝိ √ဝရ+အ] အပေါက်၊ တွင်း၊ အကြား၊ အခွင့်၊ အပြစ်၊ ဟင်းလင်းပွင့်သော။ ဓာန်ဋီ၊ ၆၄၉–၌ [ဝိ+ဝရ] ဝရ–ဒိတ္တိယံ၊ ဝိဂတော ဝရော ဝါရဏံ အသ–ဝိဝရံ–ဟု ဗဟုဗ္ဗီဟိကြံသည်။

ဝိဝဋ၊ ဝိဝဋက ၊ တိ ၊ [ဝိ √ဝရ+တ] [ဝိဝဋ+က] ဖျက်ဆီးအပ်သော၊ ပွင့်လင်းသော၊ ဖွင့်လှစ်အပ်သော၊ အကျယ်ဖွင့်ပြအပ်သော၊ ထင်ရှားသော၊ အပိတ်အပင် မရှိသော။

သံဝရတိ ။ [သံ √ဝရ+အ+တိ] ပိတ်ပင်၏၊ ပိတ်ဆို့၏၊ တားမြစ်၏၊ စောင့်စည်း၏၊ ကောင်းစွာ တားမြစ်၏။ သံဝရိတွာ၊ သံဝရိတုံ၊ သံဝရန္တ၊ သံဝရီယ၊ (သံဝရီယတိ၊) သံဝရာပေတွာ၊ (သံဝရယတိ၊ သံဝရေတိ၊) သံဝရိတ၊ သံဝရိတဗ္ဗ၊ သံဝရက၊ သံဝရဏ၊ သံဝရဏာ။

သံဝရ ၊ ပု+နှ ၊ [သံ√ဝရ+အ] ဝရ–ဝရဏေ၊ သံဝရဏံ–သံဝရော။ ရူ၊ ၅၆၈။ ပိတ်ဆို့ခြင်း၊ စောင့်စည်းခြင်း၊ မလွန်ကျူးခြင်း၊ သံဝရတရား၊ ပိတ်ဆို့တားမြစ်တတ်သော–တရား။

သံဝရီ ၊ ထီ ၊ [သံ √ဝရ+အ+ဤ] သံဝုဏောတိ ဒိနံ–သံဝရီ။ ဓာန်ဋီ၊ ၆၉။ ညဉ့်။

အာဝရတိ ။ [အာ √ဝရ+အ+တိ] တားမြစ်၏၊ ရှေးဦးစွာ ပိတ်ပင်တားဆီး၏၊ ပိတ်ဆို့၏၊ စောင့်ရှောက်၏၊ ထိန်းသိမ်း၏။ အာဝရိတုံ၊ အာဝရိတွာ၊ အာဝဋ၊ အာဝရဏ၊ အာဝရဏီယ၊ အာဝရိတ၊ (အာဝါရယတိ၊) အာဝါရိတ၊ အာဝါရေတဗ္ဗ၊ အာဝါရေန္တ။

သတာဝရီ ၊ ထီ ၊ [သတ+အာ √ဝရ+အ+ဤ] သတံရောဂေ အာဝရတီတိ–သတာဝရီ။ ဓာန်ဋီ၊ ၅၈၅၊ ရှဉ့်မတက်၊ ကြံညွတ်။

အဘိဝါရေတိ ။ [အဘိ √ဝရ+ဏော+တိ] တားဆီး၏။

သန္နိဝါရေတိ ။ [သံ+နိ √ဝရ+ဏော+တိ] တားမြစ်၏၊ ပိတ်ပင်၏၊ ချုပ်တည်း၏။ သန္နိဝါရဏ၊ သန္နိဝါရေန္တ။

သိန္ဒုဝါရ ၊ ပု ၊ [သိန္ဒု √ဝရ+ဏ] သိ–ဗန္ဓနေ၊ ဒု၊ သိန္ဒုံ ဂဗ္ဘဗန္ဓနံ ဝါရေတီတိ–သိန္ဒုဝါရော။ ဓာန်ဋီ၊ ၅၇၄။ ကြောင်ပန်း။

သမ္ပရိဝါရေတိ ။ [သံ+ပရိ √ ဝရ+ဏော+တိ] ထက်ဝန်းကျင် ခြံရံ၏၊ ဝန်းရံ၏။ သမ္ပရိဝါရေတွာ၊ သမ္ပရိဝါရယိတွာ၊ သမ္ပရိဝါရိယမာန၊ သမ္ပရိဝါရိတ။

သမ္ပဝါရေတိ ။ "သုဒ္ဓ+ကာ" [သံ+ပ √ဝရ+ဏော+တိ] ထက်ဝန်းကျင်ခြံရံ၏၊ ကောင်းစွာ တားမြစ်စေ၏၊ ပယ်မြစ်စေ၏၊ အလိုဆန္ဒကို ဖြစ်စေ၏၊ ဖိတ်ကြား၏၊ သမ္ပဝါရေတွာ။

အနုပရိဝါရေတိ ။ [အနု+ပရိ √ ဝရ+ဏော+တိ] ဝိုင်းအုံ၏၊ ခြံရံ၏။ အနုပရိဝါရေတွာ။

အဝါပုရဏ၊ အပါပုရဏ ၊ နှ ၊ [အဝ √ဝရ+ယု] အဝါပုရတိ ဝိဝရတိ ယေနာတိ–အဝါပုရဏံ၊ ဝရ–သံဝရဏေ၊ ယု၊ ဝဿ ပေါ၊ ဥတ္တံ, ဥပသဂ္ဂဿ ဒီဃော စ။ ဓာန်ဋီ၊ ၂၂၂။ အပါပုရဏ–လည်း ရှိ၏၊ အပဥပသဂ္ဂမျှသာ ထူးတော့သည်။ သံကောက်၊ သော့တံ။

အဘိနိဗ္ဗုတ ၊ တိ ၊ [အဘိ+နိ √ဝရ+တ] ငြိမ်းအေးသော။

အဘိပါရုတ ၊ တိ ၊ [အဘိ+ပ+အာ √ ဝရ+တ] ဝတ်ရုံသော။

ကစဝရ ၊ ပု ၊ [ကစ √ဝရ+အ] နာနာဝိဓေ သင်္ကာရေ ရာသီကရဏဝသေန ကစတိ ဗန္ဓတိ ဧတေနာတိ–ကစော၊ သော ဧတ္ထ ဣစ္ဆိတဗ္ဗောတိ–ကစဝရော၊ ဝရ–ဣစ္ဆာယံ။ ဓာန်ဋီ၊ ၂၂၄။ အမှိုက်။

ခန္ဓာဝါရ ၊ ပု ၊ [ခန္ဓ+အာ √ဝရ+ဏ] ဒါရုက္ခန္ဓာဒီဟိ အာ–သမန္တတော ဝရန္တိ ပရိက္ခိပီယန္တိ ဧတ္ထာတိ ခန္ဓာဝါရော၊ ပတ္ထနတ္ထော ဝရဓာတု အာပုဗ္ဗတ္တာ ပရိက္ခိပနတ္ထော ဟောတိ။ ဓာန်ဋီ၊ ၁၉၈။ သစ်တပ်မြို့၊ ခံတပ်မြို့၊ မင်းနေမြို့။

http://www.dhammadownload.com

ဒန္တာဝရဏ ၊ နာ ၊ [ဒန္တ+အာ ✓ဝရ+ယု] ဒန္တေ အာဝရတိ ဆာဒယတီတိ–ဒန္တာဝရဏံ။ ဓာန်ဒီ၊ ၂၆၂။ နှုတ်ခမ်း။

ဒုဗ္ဘ ၊ ထိ ၊ [ဒု ✓ဝရ+ကွိ+အာ] ဒုန္နိမိတ္တာဒယော ဝါရေန္တိ ယာယာတိ–ဒုဗ္ဘာ။ နေရုတ္တော။ ဓာန်ဒီ၊ ၅၉၉။ နေဇာမြက်။

ဒွါရ ၊ ထိ+နာ ၊ [ဒု ✓ဝရ+ဏ] ဒုဇ္ဇနေ ဝါရယန္တျသ္မာ ရက္ခကာတိ–ဒွါရံ၊ ဥလောပေါ။ ဓာန်ဒီ၊ ၂၂၀။ တံခါး။

သမ္ဘာရုတ ၊ တိ ၊ [သံ+ပ+အာ ✓ဝရ+တ] ကောင်းစွာ ဖုံးအပ်သော၊ –ခြုံရုံအပ်သော။

သုပ္ပဝါရိတ ၊ တိ ၊ [သု+ပ ✓ဝရ+ဏော+တ] ကောင်းစွာ ဖိတ်ကြားအပ်ပြီးသော၊ ပဝါရဏာပြုအပ်ပြီးသော။

ဝရဟ၊ ဝလဟ

ဘူ= ပါဓာနျေ–အားထုတ်ခြင်း၌၊ ပရိဘာသန ဟိံသာဒါနေသု စ–ဆဲရေးခြင်း, ညှဉ်းဆဲခြင်း, ယူခြင်းတို့၌လည်း။ ဝရဟတိ။

စု= ဒိတ္တိ ဟိံသာသု–ထွန်းပခြင်း, ညှဉ်းဆဲခြင်းတို့၌။ ဝရဟေတိ၊ ဝရဟယတိ။

ဝရာဟ ၊ ပု ၊ [✓ဝရဟ+အ] ဝရဟိတဗ္ဗော, ဟိံသိတဗ္ဗောတိ–ဝရာဟော= သူကရော၊ ဝက်၊ ဆင်။

ဝရဟ ၊ ပု ၊ [✓ဝရဟ+အ] (မီးစာ၏)နယ်ပယ်ဒေသ။

ဝရိဟိသ၊ ဗရိဟိသ ၊ နာ ၊ [✓ဝရဟ+ကသ] ဝရဟ–ပါဓာနျေ, ပရိဘာသန ဟိံသာဒါနေသု စ၊ ကတော။ ဓာန်ဒီ၊ ၆၀၂။ သမန်းမြက်၊ ဗရိဟိသ–လည်း ရှိ၏။

ဝလ

ဘူ= ဝိလာသ စလန သံဝရဏေသု–တင့်တယ်စံပယ်ခြင်း, လှုပ်ရှားစေခြင်း, စောင့်ရှောက်ဖုံးလွှမ်းခြင်းတို့၌။ ဝလတိ။

စု= ဘရဏေ–မွေးမြူဆောင်ရွက်ခြင်း၌။ ဝါလေတိ၊ ဝါလယတိ။

ဝလေတိ ။ [✓ဝလ+ဏော+တိ] လည်စေ၏၊ လှည့်၏၊ လိမ့်၏၊ ကျစ်၏၊ ရစ်ပတ်၏။ ဝလိတွာ။

ဥလပ ၊ ပု ၊ [✓ဝလ+ကပစ်] ဝ–ကို သံပသာရဏာ ဥ–ပြု။ ကောတ္ထုဘာ။ ကျယ်ပြန့်သော နွယ်မျိုး၊ နူးညံ့သောမြက်။

လုဝက ၊ ပု ၊ [✓ဝလ+ဍိက] ရှေ့နောက်ပြန်၊ ရသပြု၊ ရှူးပျံ, ခင်ပုပ်ကြီး။

ဥလူက ၊ ပု ၊ [✓ဝလ+ဍိက] သံပသာရဏာပြု။ ကောတ္ထုဘာ။ ဇီးကွက်၊ ဒီးဒုတ်၊ ခင်ပုပ်။

[ဥဒ္ဓံ+ကဏ္ဏ] ဥဒ္ဓံ ကဏ္ဏာ ယသ္မာ ဥဒ္ဓံ ကဏ္ဏောတိ– သမ္မတ္တေ နိရုတ္တိနယေန–ဥလူကော။ ဓာန်ဒီ၊ ၆၃၈။

ဝဂ္ဂု ၊ တိ ၊ [✓ဝလ+ဂု] ဝလ, ဝလ္လ–သံဝရဏော၊ ဝလီယတိ သံဝရီယတီတိ–ဝဂ္ဂု= မနုညော။ မောဂ်–၇၊ ၃၅။ နှစ်သက်ဖွယ်ကောင်းသော။

ဝလဘီ ၊ ထိ ၊ [✓ဝလ+အဘိ] ဝလဘိ= ဝလီယတေ အစ္ဆာဒီယတေတိ–ဝလဘိ၊ ဝဠဘိ၊ ဝဠဘီ။ ကောတ္ထုဘာ။ အိမ်အခြင်၊ လှည်း။

ဝလယ ၊ ပု+နာ ၊ [✓ဝလ+အယ] ဝလ–သံဝရဏော၊ အယော၊ အနိတ္ထိ။ ဓာန်ဒီ၊ ၂၈၅။ လက်ကောက်၊ ခြေချင်း၊ ကွင်း၊ သပိတ်ခြေ။

ဝလိ ၊ တိ ၊ [✓ဝလ+ကု] ဝလနံ သံကောစနံ–သလိ= ဥဒရာဒီသု ဝလိ။ မောဂ်–၇၊ ၇။ အတွန့်–အလိပ်၊ တွန့်လိပ်သော။

ဝလိရ ၊ ပု ၊ [✓ဝလ+ကုရ] ဝလ–သံဝရဏော၊ ကုရော။ ဓာန်ဒီ၊ ၃၂၀။ မျက်စိစွေသူ။

ဝါလ ၊ ပု+နာ ၊ [✓ဝလ+ဏ] ဝလ–သံဝရဏော၊ ကမ္မနိ ဏပစ္စယော။ ဓာန်ဒီ၊ ၂၅၆။ ဆံပင်, အမြီး။ (ဝါလယတီတိ–ဝါလော။)

ဝါလိကာ၊ ဝါဠုကာ ၊ ထိ ၊ [✓ဝလ+ကွု+အာ] အ–ကို ဥ–ပြု၊ ဝါလုကာ၊ လ–ကိုလည်း ဠ–ပြု၊ ဝါဠုကာ၊ သဲ၊ သဲကြိုး။

ဝါလေန္တ ၊ တိ ၊ [✓ဝလ+ဏော+အန္တ] ဖုံးလွှမ်းတတ်သော။

ဝါဠ ၊ တိ ၊ [✓ဝလ+ဏ] ဝလ–သံဝရဏော၊ ဝလန္တိတ္ထာနမသ္မာတိ–ဝါဠော၊ ဏော၊ သားရဲ၊ ကြမ်းကြုတ်သော၊ ဆံခြည်၊ သားမြီး။ **ဝါဠမိဂ** ၊ ပု ၊ [ဝါဠ+မိဂ] ဝါဠော စ သော မိဂေါ စာတိ–ဝါဠမိဂေါ။ ဓာန်ဒီ၊ ၆၁၃။ သားရဲ၊ ကျား, ခြင်္သေ့–စသော သတ္တဝါ။

ပဝါဠ ၊ ပု+နာ ၊ [ပ ✓ဝလ+ဏ] ဝလ–သံဝရဏော၊ ဏော၊ ဠတ္တံ။ ဓာန်ဒီ၊ ၄၉၁။ သန္တာ။

အာဝလိ ၊ ထိ ၊ [အာ ✓ဝလ+ကု] ဝလ–သံဝရဏော၊ ကု။ ဓာန်ဒီ၊ ၅၃၉။ အစဉ်အတန်း။

http://www.dhammadownload.com

ဝဠဝ ၊ ထိ+ပု ၊ [✓ ဝလ+အဝ] ဠ–ပြု၊ ဝလတိ, ဝလျတေတိ ဝါ–ဝဠဝါ= တုရဂ်ကန္တာ။ မောဂ်–၇၊ ၂၀၀။ မြင်းမ၊ မြင်းကြွမ်း, မြင်းယုတ်။

ဝလဖိ၊ ဝဠဖိ

ဘူ= ပရိဘောဂေ–သုံးဆောင်ခြင်း၌။ ဝဠဖူတိ။

ဝဠဖူတိ ။ [✓ ဝဠဖိ+အ+တိ] သုံးဆောင်၏၊ အသုံးပြု၏၊ ဝင်၏။ ဝဠဖို့တွာ၊ ဝဠဖို့တုံ၊ ဝဠဖူန္တ၊ ဝဠဖို့ယမာန၊ ဝဠဖူန၊(ဝဠဖူနက၊)ဝဠဖို့တ၊ဝဠဖို့တဗ္ဗ၊ (ဝလဖူတိ)။

ဝဠဖွေတိ၊ ဝဠဖွယတိ ။ [(စုရာဒိရုပ်လည်း ထင်၏။) ဝဠဖွေတွာ၊ ဝဠဖွေတုံ၊ ဝဠဖွေန္တ၊ ဝဠဖွေတဗ္ဗ၊ (ဝလဖွေတိ)။

ဝလ္လ

ဘူ= သံဝရ စာလန ဗန္ဓန သာဓာရဏောသု–စောင့်ရှောက်တားမြစ်ခြင်း, လူပ်ရှားစေခြင်း, ဖွဲ့နှောင်ခြင်း, ဆက်ဆံခြင်းတို့၌။ ဝလ္လတိ။

ဝလ္လတိ ။ [✓ ဝလ္ल+အ+တိ] ရစ်ပတ်၏၊ ဖုံးအုပ်၏။ ဝလ္လိတွာ။

ဝလ္လကီ ၊ ထိ ၊ [✓ ဝလ္ल+ဏ္ဏု+ဣ] ဝလ္ल–သံဝရဏော၊ ဝလ္လတေ ဓနိဝသေသံ၊ ဏ္ဏု၊ ဝလ္လကီ။ နဒါဒိ။ ဓာန်ဦ၊ ၁၃၈။ စောင်း။

ဝလ္လဘ ၊ တိ ၊ [✓ ဝလ္ल+အဘ] ဝလ္လေတိ သံဝရဏံ ကရောတီတိ–ဝလ္လဘော= ပိယော။ မောဂ်–၇၊ ၁၂၄။ ချစ်အပ်သော၊ ချစ်ခင်ကျွမ်းဝင်သော။

ဝလ္လရီ ၊ ထိ ၊ [✓ ဝလ္ल+အရ+ဣ] ဝလ, ဝလ္ल–သံဝရဏော၊ အရော။ နဒါဒိ။ ဓာန်ဦ၊ ၅၀၀။ ပွင့်တံ အခိုင်။

ဝလ္လဝ ၊ ပု ၊ [✓ ဝလ္ल+အဝ] ဝလ္လတိ သံဝရတီတိ–ဝလ္လဝေါ၊ ဝလ္ल–သံဝရဏော၊ အဝေါ။ ဓာန်ဦ၊ ၄၉၅။ နွားကျောင်းသား။

ဝလ္လိ၊ ဝလ္လီ ၊ ထိ ၊ [✓ ဝလ္ल+ဣ] ဝလ္လိယန္တိ သံဝရိယန္တိ သတ္တာ ဧတာယာတိ–ဝလ္လိ= လတာ၊ ငိမို့ ဝလ္လိတိပိ ဟောတိ။ သောယေဝတ္ထော။ မောဂ်–၇၊ ၇။ နွယ်။

ဝလ္လိက ၊ ထိ ၊ [✓ ဝလ္လိ+က+အာ] နားသွယ်ပန်း၊ နွယ်။

ဝလ္လိဘ ၊ ပု ၊ [✓ ဝလ္ल+ဣဘ] ဝလ္ल–သံဝရဏော၊ ဣဘော။ ဓာန်ဦ၊ ၅၉၇။ ဖရုံပင်၊ ကျောက်ဖရုံ။

ဝလ္လုရ ၊ တိ ၊ [✓ ဝလ္ल+ဠုရ] ဝလ္လိယတိ သံဝရိယတီတိ–ဝလ္လုရော= သုက္ခမံသော။ မောဂ်–၇၊ ၁၇၁။ ဝလ, ဝလ္ल–သာဓာရဏာ ဗန္ဓနေသု, ဝလ္လုရော။ ရူ၊ ၆၈၀။ အမဲခြောက်၊ အသားခြောက်။

ဝသ

ဘူ= ကန္တိ နိဝါသ ပတ္ထရဏေသု–နှစ်သက်ခြင်း, နေခြင်း, ယိုစေခြင်းတို့၌။ ဝသတိ၊ ဝစ္ဆတိ။

စု= နတိ ဝါသန ဆေဒေ–ညွတ်ခြင်း, ရန့်ထုံခြင်း, ဖြတ်ခြင်း၌။ ဝါသေတိ၊ ဝါသယတိ။

ဘူ+စု= ဝစ္ဆာဒန သိနေဟေသု–ညှဉ်းဆဲခြင်း, အဝတ်ဖုံးလွှမ်းခြင်း, ချစ်ခင်နှစ်သက်ခြင်း(စေးကပ်ခြင်း)တို့၌။

ဒိ= ရတေ–တွန်မြည်ခြင်း၌။ ဝသတိ။

ဝသတိ ။ [✓ ဝသ+အ+တိ] နေ၏၊ ကျင့်သုံး၏၊ ဝတ်ဆင်၏၊ ဖြစ်၏၊ ယိုစီး၏။ ဝသိတွာ၊ ဝသိတွာန၊ ဝသိတုံ၊ ဝသမာန၊ (ဝသီယတိ၊ ဝုသီယတိ၊ ဝုဿတိ၊ ကျင့်သုံး၏။) ဝုသိတ၊ ဝုသိတဝန္တ၊ ဝုသီ၊ ဝုတ္ထ၊ ဥဋ္ဌ၊ ဝုဋ္ဌ၊ ဝသိယမာန၊ (ဝါသေတိ၊) ဝသာပေတုံ၊ ဝါသေတွာ၊ ဝသာပေတွာ၊ ဝါသေတုံ၊ ဝါသယိတုံ၊ ဝသာပေတုံ၊ ဝါသေန္တ၊ ဝသနီယ၊ ဝသန္တ၊ ဝသိတ၊ (ဝသိတ–ဝသိ+ကတ= လေ့လာနိုင်နင်းခြင်း ဝသိဘော်သို့ ရောက်သော။) ဝသိတဗ္ဗ၊ ဝသိတု။

ဝံသ ၊ ပု ၊ [✓ ဝသ+အ] ဝသ–နိဝါသေ၊ ကရဏေ အ၊ နိဂ္ဂဟီတာဂမော။ ဓာန်ဦ၊ ၆၀၀။ ဝါး။

ဝစ္ဆ ၊ ထိ+ပု ၊ [✓ ဝသ+ဆ] ဝသ–နိဝါသေ၊ ဆော၊ နွားငယ်။ ဝစ္ဆာ၊ နွားမ၊ နေခြင်း။ **ဝစ္ဆတရ** ၊ ပု ၊ [ဝစ္ဆာ+တရ] ဝစ္ဆဿယေဝ ဂါဝိယာ–(နွားမ၏ပင်၊) တနု–သားတည်း။ ဓာန်ဦ၊ ၄၉၆။ ဝစ္ဆတရော၊ နွားပေါက်၊ [သုတ်ကြိုးဖြင့် တနု(အပစ္စ) အနက်မှာ တရပစ္စည်းသက်။]

ဝဿတိ ။ [✓ ဝသ+ယ+တိ] မြည်၏၊ တွန်ကျူး၏၊ ဟောင်၏။ ဝဿိတွာ၊ ဝဿိတုံ၊ ဝဿန္တ၊ ဝဿမာန၊ ဝဿန၊ (ဝဿနက–ဝဿန+က= ဝဿတိတိ–ဝဿနကော၊ အော်မြည်သော၊ တွန်ကျူးသော။) ဝဿိတ၊ ဝဿိတဗ္ဗ။

ဝဿိတ ၊ န ၊ [✓ ဝသ+ယ+တ] ဝသ–သဒ္ဒေ၊ ဝဿနံ ရဝနံ–ဝဿိတံ။ ဓာန်ဦ၊ ၁၃၀။ တိရစ္ဆာန်တို့၏မြည်သံ၊ –တွန်သံ။

http://www.dhammadownload.com

ဝစ္ဆရ၊ သံဝစ္ဆရ ၊ ပု+န ၊ [✓ဝသ+ဆရ] ဝသန္တိ ဇတ္ထာတိ–ဝစ္ဆရော= ဝဿော၊ သံပုဗ္ဗော–သံဝသန္တိ ဇတ္ထာတိ–သံဝစ္ဆရော= သော၀။ မောဂ်–၇၊ ၁၅၆။

သံဝစ္ဆရ ၊ ပု+န ၊ [သံ ✓ဝသ+ဆရ] သံဝသတိ ဇတ္ထ–သံဝစ္ဆရော၊ သဿ စော၊ ဝစ္ဆရောတိပိ တဿေ၀ နာမံ။ ဓာန်ဒို၊ ၈၁။ နှစ် (၁၂–လ)။

ဝတ္ထ ၊ န ၊ [✓ဝသ+ထ] ဝသ–အစ္ဆာဒနေ၊ ဝသျတေ အစ္ဆာဒီယတေတိ–ဝတ္ထံ၊ ထော၊ ဏမို ဝါသော၊ ယုမို ဝသနံ။ ဓာန်ဒို၊ ၂၉၀။ အဝတ်၊ အထည်, ပုဆိုး၊ ဝတ်ရုံခြင်း။ **ဝတ္ထက** [ဝတ္ထ+က] သုခုမံ ဝတ္ထံ–ဝတ္ထကံ၊ သိမ်မွေ့နူးညံ့သောအဝတ်။

ဝတ္ထဗ္ဗ ၊ တိ ၊ [✓ဝသ+တဗ္ဗ] ရှု၊ ၆၁၃။ နေသင့် နေထိုက်သော၊ နေရမည်။

ဝတ္ထိ ၊ ထိ+ပု ၊ [✓ဝသ+တိ] ဝသီယတိ အစ္ဆာဒီယ တီတိ–ဝတ္ထိ= နာဘိယာ အဓော။ မောဂ်–၇၊ ၉၀။ ဝသတိ မုတ္တမေတ္ထာတိ–ဝတ္ထိ၊ ဝသ–နိ၀ါသေ၊ တိ၊ တဿ ထော၊ ထိပစ္စယေန ၀ါ သိဒ္ဓံ။ ဓာန်ဒို၊ ၂၇၆။ ဆီးအိမ်၊ ဆီးဖုံး၊ သိုအိမ်, သားအိမ်။

ဝတ္ထု ၊ န ၊ [✓ဝသ+တု] ဝသ–နိ၀ါသေ၊ ဝသတိ ဇတ္ထ ဖလံ ယဒါယတ္တဝုတ္တိတာယာတိ–ဝတ္ထု။ ရှု၊ ၆၈၁။ [✓ဝသ+ရတ္ထု] ဝသန္တိ ဇတ္ထာတိ–ဝတ္ထု၊ ရတ္ထု။ ဓာန်ဒို၊ ၂၂၅။ ယာမြေ၊ အာရာမ်၊ ကျောင်းမြေ၊ အကြောင်း၊ အင္ဂုပ္ပတ္တိ၊ ရတနာသုံးပါး၊ တည်ရာ= (ဝတ္ထုက၊ ဝတ္ထုယေ၀–ဝတ္ထုကံ၊ အကျည်= အောက်ခံ မြေခုံ–စသည်)။

ဝတ္ထု (က/လ) န ၊ [✓ဝသ+ရတ္ထု] ဝသတိ ယသ္မိ ခါရဂုဏော–ဝတ္ထု၊ ဝသ–နိ၀ါသေ၊ ရတ္ထု၊ ဝသ–ဟိသာယံ ၀ါ၊ ဝသတိ ကဖ၀ါသပိတ္တေတိ–ဝတ္ထု၊ (ဝတ္ထဇ၀–ဝတ္ထုကံ/ ဝတ္ထုဇ၀–ဝတ္ထုလံ၊) မြူပင်။ ဝတ္ထုလေယျကောတိ သမုဒိတနာမံ၊ လယ–သာယေ၊ လယာပေတိ သဗ္ဗဒါသေတိ–လေယျကော၊ ဏ္ဍု၊ အသေ။ [ဝတ္ထု+လေယျက] ဝတ္ထု စ သော လေယျကော စာတိ–ဝတ္ထုလေယျကော၊ မုံဟင်း။ ဓာန်ဒို၊ ၅၉၇။ မြူပင်။

ဝသ ၊ ပု ၊ [✓ဝသ+အ] စွမ်းအားသတ္တိ၊ အပြား၊ အစပ်၊ အလိုဆန္ဒ၊ အထူးဝိသေသ၊ အဖြစ်၊ အလို နိုင်ငံ၊ အစိုးရခြင်း၊ အကျိုးအာနိသင်၊ လေ့လာနိုင် နင်းခြင်း–စသည်။

ဝသီ ၊ တိ ၊ [ဝသ+ဣ] ဝသော ယေသမတ္ထိတိ–ဝသိနော။ ဓာန်ဒို၊ ၄၃၄။ စောင့်စည်းသောဣန္ဒြေ ရှိသူ၊ လေ့လာနိုင်နင်းခြင်း ရှိသူ၊ အလိုအတိုင်း ဖြစ်ခြင်း ရှိသူ။

ဝသာ ၊ ထိ+န ၊ [✓ဝသ+အ+အာ] ဝသ–နိ၀ါသေ၊ အာ။ ဓာန်ဒို၊ ၂၈၂။ အဆီ၊ ဆီကြည်၊ (သားဆီ။) ဝသ–ကန္တိယံ၊ အ၊ ဝသာ။ ဓာန်ဒို၊ ၄၉၈။ နွားမြိုမ။

ဝသတိ ၊ ထိ ၊ [✓ဝသ+အ+တိ] ဝသန္တိ ဇတ္ထာတိ–ဝသတိ= ဂေဟံ။ မောဂ်–၇၊ ၇။ နေရာအိမ်၊ နေခြင်း။

ဝသန ၊ န ၊ [✓ဝသ+ယု] အဝတ်၊ ဝတ်ဆင်ခြင်း၊ နေခြင်း၊ နေရာဌာန။ (ဝသနက၊ နေထိုင်သော၊ နေထိုင်ရာဖြစ်သော။)

ဝသန္တ ၊ ပု ၊ [✓ဝသ+အန္တ] ဝသ–ကန္တိယံ၊ ဝသိယ တေတိ–ဝသန္တော၊ ပုပ္ဖနေတ္တာ ၀ါ ဝသတိ ကာမော ဇတ္ထ–ဝသန္တော။ ဓာန်ဒို၊ ၇၉။ ဝသ–နိ၀ါသေ, ဝသန္တိ ဇတသ္မိ ကာလေ ကီဋ္ဌာ ပသုတာတိ–ဝသန္တော= ဥတု။ မောဂ်–၇၊ ၇၆။ ဝသန္တဥတု။

ဝသဘ ၊ တိ ၊ [✓ဝသ+အဘ] ဝသန္တ်ုနေနာတိ–ဝသဘော= ပုဂ်ဂ၀ါ။ မောဂ်–၇၊ ၁၂၄။ နွားလား။

ဝသလ ၊ တိ ၊ [✓ဝသ+အလ] ဝသ–နိ၀ါသေ၊ ဝသတီတိ–ဝသလော= သုဒ္ဒါ။ မောဂ်–၇၊ ၁၈၂။ သုဒ္ဒမျိုး၊ အယုတ်မျိုး။ ပါပမ္မေ ဝသန္တိ ပဋ္ဌရန္တိ–ဝသလာ။ ဝိဌ–၁၊ ၁၈၆။ ယုတ်ညံ့သူ၊ ယုတ်ညံ့သော။ (**ဝသလက**= ဝသလ+က၊ သာလွန်ယုတ်ညံ့သူ။) ဝသ–သေစနေ၊ ဝသေတဗ္ဗော အသုစိတတ္တာ–ဝသလော၊ အလော။ ဓာန်ဒို၊ ၅၀၃။ သုဒ္ဒမျိုး (သူယုတ်မျိုး)။

ဝသာပန ၊ န ၊ [✓ဝသ+ဏာပေ+ယု] နေစရာ၊ (အနေခိုင်းရာ–အချိန်။)

ဝသီ ၊ ထိ ၊ [✓ဝသ+အ+ဣ] ဝသနံ–ဝသီ။ ဝိသုဒ္ဓိ ဒို–၁၊ ၁၇၈–ရှဉီး။ အလိုအတိုင်းဖြစ်ခြင်း။

ဝသု ၊ န ၊ [✓ဝသ+ဥ] သုခံ ဝသန္တ်ုနေနာတိ–ဝသု= ဓနံ။ မောဂ်–၇၊ ၂။ ဥစ္စာ၊ မြေ။

ဝဿ ၊ န ၊ [✓ဝသ+သ] ဝသန္တိ ဇတ္ထာတိ–ဝဿံ= သံဝစ္ဆရော။ မောဂ်–၇၊ ၂၁၃။ နှစ်၊ မိုးဥတု၊ မိုးရွာခြင်း၊ တွန်ကျူးသံ (သိင်္ခာ–၀ါ။)

http://www.dhammadownload.com

ဝါသ ၊ ထိ+ပု ၊ [✓ ဝသ+ဏ] ဝသနံ–ဝါသော၊ နေခြင်း၊ နေရာ၊ တည်းခိုစရာဇရပ်၊ ကျင့်သုံးရာ တရား၊ ကျင့်သုံးခြင်း။ **ဝါသာဂါရ** [ဝါသ+အဂါရ] တဒတ္ထံ အဂါရံ–ဝါသာဂါရံ။ ဓာန်ဦး၊ ၂၁၄။ အိပ်ခန်း။

ဝဿဝါသ [ဝဿ+ဝါသ] မိုးလပတ်လုံးနေခြင်း၊ ဝါကပ်ခြင်း။ **ဝဿာဝါသ** [ဝဿ+အာဝါသ] ဝဿံ အာဝါသော–ဝဿာဝါသော၊ ဝါကပ်သော ရဟန်း။ ပါစိတျာဒိယော၊ ၃၈၃။ **ဝါသစုဏ္ဏ** ၊ နာ ၊ [ဝါသ+စုဏ္ဏ] ဝသ–ဟိ`သတ္ထော၊ ဝသတိ ဒုဂ္ဂန္ဆံ–ဝါသော၊ ဏော၊ ဝသ–နိဝါသေ ဝါ၊ သောဧဝ စုဏ္ဏံ–ဝါသစုဏ္ဏံ။ ဓာန်ဦး၊ ၃၀၆။ နံ့သာမှုန့်(ပေါင်ဒါ)။

ဝါသန ၊ နာ ၊ [✓ ဝသ+ဏော+ယု] ဖုံးလွှမ်းကြောင်း၊ ဖုံးလွှမ်းခြင်း၊ သစ်ငုတ်တံသင်း စိုက်ရံခြင်း၊ ကာရိုက် ဖြစ်က နေစေတတ်သော၊ နေစေခြင်း။ ထိ ။ဝသ–နိဝါသေ၊ ယု၊ ဝါသနာ၊ ထုံခြင်း။

ဝါသာပိတ ၊ တိ ၊ [✓ ဝသ+ဏာပေ+တ] နေစေအပ်သော။

ဝါသိ ၊ ထိ ၊ [✓ ဝသ+ကွဏ်] ဝသန်တိ ဧတာယာတိ–ဝါသိ= တစ္ဆကဘဏ္ဍံ။ မောဂ်–၇၊၁၀, ဓာန်ဦး၊ ၃၉၃–၌ "ဝသ–ဆေဒန သ္ဒေဟာဝရဏေသု ဏိ"ဟု ဆို၏။ ဝါသိ, ဝါသီ–နှစ်ချက်သင့်၊ ပဲခွပ်။

ဝါသီ ၊ တိ ၊ [✓ ဝသ+ဏီ] နေသော။ **ဝါသီက** [ဝါသီ+က] နေသော။

ဝါသီတ ၊ တိ ၊ [✓ ဝသ+ဏော+တ] နေထိုင်သီတင်းသုံးစေအပ်ပြီးသော။ ဝါသာပေတိ ဂန္ဓံ ဂါဟာပေတိ ယန္တိ–ဝါသိတံ၊ ဝသ–နိဝါသေ၊ ကမ္မေ တော။ ဓာန်ဦး၊ ၃၀၇။ ထုံအပ်သော။ (**ဝါသိတက**= ဝါသိတ+က) အနံ့ဖြင့် ထုံအပ်သော။

ဝါသေတဗ္ဗ ၊ တိ ၊ [✓ ဝသ+ဏော+တဗ္ဗ] နေစေအပ်သော၊ စု=ဖြစ်က ထုံအပ်သော။ ဝါသုဒေဝ–ရှိသေး၏။

ဝုဋ္ဌ၊ ဝုတ္ထ ၊ တိ ၊ [✓ ဝသ+တ] ဝသ–သေစနေ၊ အဝဿီတိ–ဝုဋ္ဌော= ဒေဝေါ။ ရူ၊ ၆၂၆။ ရွာသွန်းပြီးသော၊ ဝသ–နိဝါသေ၊ အဝဿီတိ–ဝုတ္ထော။ ရူ၊ ၆၁၂–၃–ကို ရူ။ နေထိုင်ပြီးသော၊ ကျင့်သုံးအပ်ပြီးသော။

ဝုဋ္ဌဝန္တု ၊ တိ ၊ [✓ ဝသ+တဝန္တု] ဝုတ္ထဝန္တု၊ ကျင့်သုံးပြီးသော။

ဝုသိတ ၊ တိ ၊ [ဝသ+တ] ကျင့်သုံးအပ်ပြီးသော၊ ကျင့်သုံးပြီးသော၊ နေအပ်ပြီးသော၊ နေဖူးသော၊ နေဖူးရာဖြစ်သော။

ဝုသိတဝန္တု ၊ တိ ၊ [✓ ဝသ+တဝန္တု] ကျင့်သုံးပြီးသော၊ ရဟန္တာ၊ ဘုရား၊ နေပြီးသော။

ဝုသီ ၊ ထိ ၊ [✓ ဝသ+အ+ဣ] (ကျင့်သုံးသင့်သော မဂ်–ဟူသော အကျင့်မြတ်ကို) ကျင့်သုံးခြင်း။

ဝုဿတိ ။ [✓ ဝသ+ယ+တိ] (ဒိ) ကျင့်သုံး၏၊ ကံ၊ ကျင့်သုံးအပ်၏။ ဝုသိယတိ၊ ကျင့်သုံးအပ်၏။

ဝေသ ၊ ပု ၊ [✓ ဝသ+ဏ] ဝသ–ကန္တိယံ၊ ဏော။ ဓာန်ဦး၊ ၂၈၂။ တင့်တယ်သော အသွင်အပြင်။

သြဒ္ဓ ၊ ပု ၊ [✓ ဝသ+တ] ဝသ–ကန္တိမှိ၊ တော၊ ဝဿောတ္တံ၊ သြဒ္ဓော။ ဓာန်ဦး၊ ၅၀၂။ ကုလားအုတ်။

အဓိဝါသေတိ ။ [အဓိ ✓ ဝသ+ဏော+တိ] အပေါ်၌ တက်လျက် နေစေ၏= တင်ထား၏၊ စိတ်၌ တင်ထား၏၊ သာယာ၏။ အဓိဝါသေတုံ၊ အဓိဝါသေတွာ၊ အဓိဝါသေန္တ၊ (အဓိဝါသာပေတိ၊ သည်းခံစေ၏၊ စောင့်ဆိုင်းစေ၏။) အဓိဝါသန၊ အဓိဝါသယန္တ၊ အဓိဝါသာပေတုံ၊ အဓိဝါသိတ၊ အဓိဝါသေတဗ္ဗ၊ အဓိဝုဋ္ဌ၊ အဓိဝုတ္ထ။

အဓိဝတ္ထ၊ စွဲ၍တည်နေသော, ပူးဝင်သော။ အဓိဝသန္တ၊ လွှမ်းမိုးအုပ်စိုး၍ နေသော။ အဓိဝါသ၊ နေခြင်း၊ လွှမ်းမိုးအုပ်စိုး၍နေခြင်း၊ အဓိဝါသက၊ သည်းခံတတ်သော။

အနုဝသိတ ။ [အနု ✓ ဝသ+အ+တိ] အမှတ်ပြု၍ နေ၏၊ စောင့်မျှော်နေ၏၊ အတုလိုက်၍ နေ၏၊ အနုဝသိတွာ၊ နေ့တိုင်းနေ့တိုင်း နေ၍၊ နောက်ထပ်–တစ်ဖန် နေ၍။ အနုဝုဋ္ဌ, အနုဝုတ္ထ၊ အတူနေခဲ့သော၊ ပေါင်းသင်းခဲ့သော။

အနုဝုသိတ ၊ တိ ၊ [အနု ✓ ဝသ+က္တ] ဝသ–နိဝါသေ အနုပုဗ္ဗော၊ အနုဝုသိ, အနုဝုသီယိတ္ထာတိ–အနုဝုသိတော။ မောဂ်–၅၊ ၅၈၊ ပဋ္ဌာ။ ခစားလုပ်ကျွေးသော၊ ခစားလုပ်ကျွေးအပ်သော။

အနုပဒေသဝါသီ ၊ တိ ၊ [အနုပဒေသ ✓ ဝသ+ဏီ] ရေမျှားသောအရပ်၌ နေသော၊ စိုထိုင်းသောအရပ်၌ နေသော။

http://www.dhammadownload.com

အန္တေဝါသီ ၊ ထီ+ပု ၊ [အန္တေ √ဝသ+ဏီ] အာစရိယသ အန္တေ သမီပေ ဝသနသီလော–အန္တေဝါသီ၊ သညာ သဒ္ဒတ္တာ သတ္တမိယာ အလောပေါ။ ဓာန်ဋီ၊ ၄၀၈။ ထီ၌ အန္တေဝါသိနီ၊ အနီးနေတပည့်မ၊ အလုပ် အကျွေးမ၊ က–လာလျှင် အန္တေဝါသိကာ။

အဘိဝဋ္ဌ ၊ တိ ၊ [အဘိ √ဝသ+တ] မိုးရေလွှမ်းမိုး အပ်သော၊ မိုးရေဖြင့် စွတ်စိုစေအပ်သော။ (အဘိ ဝုဋ္ဌ။)

အဘိဝုတ္ထ ၊ တိ ၊ [အဘိ √ဝသ+တ] နေပြီးသော၊ ညဉ့်လွန်ပြီးသော၊ နေစေအပ်ပြီးသော၊ ညဉ့်လွန်စေ အပ်ပြီးသော။

အဘိနိဝုဋ္ဌ ၊ တိ ၊ [အဘိ+နိ √ဝသ+တ] နေဖူးသော၊ ဖြစ်ဖူးသော။

အမာဝသီ၊ အမာဝါသီ ၊ ထီ ၊ [အမာ √ဝသ+အ+ဤ] အမာ သဟ ဝသန္တိ ရဝိ စန္ဒာ ယသ်–အမာဝသီ, အမာဝါသီ စ ဒီဃံ ကတွာ၊ အမာသဒ္ဒေါ သဟတ္ထော အဗျယံ။ ဓာန်ဋီ၊ ၇၃။ လကွယ်ပန္နရသီနေ့။

အာဝါသ ၊ ပု ၊ [အာ √ဝသ+ဏ] အာဝသန္တျတြာတိ– အာဝါသော၊ ဏော။ ဓာန်ဋီ၊ ၂၀၇။ အိမ်။

ဥဒေါသိတ ၊ ပု ၊ [ဥဒ √ဝသ+တ] ဝသ–အစ္ဆာဒနေ၊ တော၊ ဥဒကံ ဝသိတံ အစ္ဆာဒနံ ကတမနေနာတိ– ဥဒေါသိတော၊ ဝဿောတ္တံ။ ဓာန်ဋီ၊ ၂၁၃။ ဘဏ္ဍာတိုက်၊ ကုန်တိုက်၊ ဂိုဒေါင်။

ဥပဝသတိ ။ [ဥပ √ဝသ+အ+တိ] ကပ်နေ၏၊ ကျင့်သုံး၏၊ ဆောက်တည်၏၊ ဥပုသ်စောင့်နေ၏။

ဥပဝသ၊ ဥပဝါသိတ– [ဥပ √ဝသ+ဏေ+တ] ထုံအပ်သော။ ဥပဝုတ္ထ၊ စောင့်သုံးအပ်သော၊ ကျင့်သုံး အပ်သော။

ဥပေါသထ ၊ ပု ၊ [ဥပ √ဝသ+အထ] ဝ–ကို သြ–ပြု၊ ဥပဝသန္တိ ဧတ္ထာတိ–ဥပေါသထော၊ တိထိဝိသေသော, နဝမဟတ္ထိကုလဉ္စ။ မောဂ်–၇၊ ၈၆။ ဥပုသ်နေ့၊ ဥပေါသထဆင်။

ဥပသံဝသတိ ။ [ဥပ+သံ √ဝသ+အ+တိ] ဆည်းကပ်၏၊ အတူနေ၏။

ဥဗ္ဗသတိ ။ [ဥ √ဝသ+အ+တိ] ခွဲခွာ၍နေ၏။

ဥဗ္ဗသိတ ၊ တိ ၊ [ဥ √ဝသ+တ] ဖျက်ဆီးအပ်သော၊ ပျက်စီးသော။

ဥသီရ ၊ ပု+နေ ၊ [√ဝသ+ဤရ] သံပသာရဏ ဥ–ပြု။ ကောတ္ထုဘ။ ဝသ–ကန္တိယံ၊ ဤရော၊ ဝဿု၊ (ဥသီရံ။) ဓာန်ဋီ၊ ၆၀၁။ ဝသန္တိ ဝါသံ ကရောန္တိ ဧတေနာတိ–ဥသီရံ= ဗီရဏမူလံ။ မောဂ်–၇၊ ၁၆၉။

ဥသီရက [ဥသီရ+က] ပန်းရင်း၊ ပြိတ်မြက်၏ အမြစ်။

အလမ္ဗုသာ ၊ ထီ ၊ [အလံ √ဝသ+အ+အာ] ကာမ ရတိဝသေန ဒေဝပုတ္တေ အတ္တနိ ဝသာပေတုံ အလံ သမတ္ထာတိ–အလမ္ဗုသာ။ ဓာန်ဋီ၊ ၂၄။ အလမ္ဗုသာ နတ်သမီး။

အာဝသတိ ။ [အာ √ဝသ+အ+တိ] နေထိုင်၏၊ ပိုင်းခြား၍ နေ၏၊ မှီနေ၏၊ လွှမ်းမိုးအုပ်စိုး၍ နေ၏၊ လာရောက်နေ၏၊ ကပ်ရောက်နေထိုင်၏၊ အထူး အားဖြင့် နေ၏။ အာဝသန၊ အာဝသန္တ၊ အာဝသ မာန၊ အာဝသိတ၊ အာဝသိတဗ္ဗ၊ အာဝသိတုံ၊ အာဝသိတွာ၊ အာဝါသာပေတွာ (ကာ)၊ အာဝုတ္ထ။

အာဝသထ ၊ ပု ၊ [အာ √ဝသ+အထ] အာဝသန္တိ ဧတ္ထာတိ–အာဝသထော= ဃရံ။ မောဂ်–၇၊ ၈၅။ အိမ်၊ (ဧည့်သည်တို့ လာရောက်တည်းခိုနေထိုင်ရာ) ဇရပ်၊ မဏ္ဍပ်၊ တိုက်ခန်း၊ ကျောင်း။

အာဝသိန ၊ တိ ၊ [အာ √ဝသ+ဣန] နေသော၊ အမြဲနေသော။

အာဝါသ ၊ ပု ၊ [အာ √ဝသ+ဏ] နေရာဌာန (အိမ်၊ ကျောင်း၊ ကျောင်းတိုက်၊ လူ့ပြည်, နတ်ပြည်– စသည်)။

အာကာသဝါသီ ၊ တိ ၊ [အာကာသ √ဝသ+ဏီ] ကောင်းကင်ဟင်းလင်းအပြင်၌ နေထိုင်သော။

သြဝဋ္ဌ ၊ တိ ၊ [အဝ √ဝသ+တ] မိုးစွတ်သော၊ မိုးစိုသော။

နိဝါသန ၊ နေ ၊ [နိ √ဝသ+ယု] အဓောဘာဂေ ဝသီယတေတိ–နိဝါသနံ၊ နိသဒ္ဒေါ အဓောဘာဂသ ဇောတကော၊ ဝသ–အစ္ဆာဒနေ၊ ကမ္မနိ ယု။ ဓာန်ဋီ၊ ၂၉၂။ ခါးဝတ်အထည်။

နိဝေသန ၊ နေ ၊ [နိ √ဝသ+ယု] နိဝသန္တိ ယတြ, တံ နိဝေသနံ။ ဓာန်ဋီ၊ ၂၀၆။ အိမ်။

သံဝသတိ ။ [သံ √ဝသ+အ+တိ] နေ၏၊ အတူနေ၏၊ (ကံကြီးကံငယ် ပြု၏၊) အတူတကွ တည်၏

http://www.dhammadownload.com

ပေါင်းသင်းဆက်ဆံ၏၊ ပေါင်းဖော်၏–အိမ်ထောင်ပြု၏၊ မှိဝဲဆည်းကပ်၏၊ အတူတကွ နေ၏၊ ကောင်းစွာ ကိန်းအောင်း၏၊ ကောင်းစွာ ကျင့်သုံး၏။ သံဝသိတွာ၊ သံဝသိတုံ၊ သံဝသန္တ၊ သံဝသမာန၊ သံဝသိတဗ္ဗ၊ သံဝါသ၊ (သံဝါသက= သံ+ဝါသက= ပေါင်းဖော်ခြင်းရှိသော၊) သံဝါသန၊ သံဝါသိယ၊ သံဝသိတ၊ သံဝသိတမည်သော စကြာမင်း။

သံဝသထ ၊ ပု ၊ [သံ ✓ဝသ+အထ] သံဝသန္တျတြာတိ–သံဝသထော၊ အထော။ ဓာန်ဋီ၊ ၂၂၅။ ရွာ။

သဂ္ဂဝါသီ ၊ ပု ၊ [သဂ္ဂ ✓ဝသ+ဏီ] သဂ္ဂေ ဝသန သီလတ္တာ သဂ္ဂါဝါသိနော။ ဓာန်ဋီ၊ ၁၁။ နတ်။

ဝိပ္ပဝသတိ ။ [ဝိ+ပ ✓ဝသ+အ+တိ] ကွေကွင်း၍ နေ၏၊ ကွဲကွာ၍ နေ၏။ ဝိပ္ပဝသိတွာ၊ ဝိပ္ပဝသန္တ၊ ဝိပ္ပဝသိတဗ္ဗ၊ ဝိပ္ပဝါသ၊ ဝိပ္ပဝါသိတ၊ ဝိပ္ပဝုဋ္ဌ၊ ဝိပ္ပဝုတ္ထ၊ ဝိပ္ပဝသ၊ –ခြင်း။

အဇ္ဈာဝသတိ ။ [အဓိ+အာ ✓ဝသ+အ+တိ] နေ၏၊ အုပ်စိုး၍ နေ၏။ အဇ္ဈာဝသန္တ၊ အဇ္ဈာဝသမာန၊ အဇ္ဈာဝသိတုံ၊ အဇ္ဈာဝသိတွာ၊ အဇ္ဈာဝုဋ္ဌ၊ အဇ္ဈာဝုတ္ထ၊ အဇ္ဈာဝသန၊ (အဇ္ဈာဝသထ= အဓိ+အာဝသထ–မိမိနေရာဌာနအတွင်း။)

သန္ဓိဝသတိ ။ [သံ+နိ ✓ဝသ+အ+တိ] အတူနေ၏၊ ပေါင်းဖော်၏။ သန္ဓိဝသိတဗ္ဗ၊ သန္ဓိဝါသ၊ သန္ဓိဝုတ္ထ။

သဟဝသန္တ ၊ တိ ၊ [သဟ ✓ဝသ+အန္တ] အတူနေထိုင်သော။ သဟဝါသ၊ သဟဝါသီ။

ဝိဝသတိ ။ [ဝိ ✓ဝသ+အ+တိ] အဝေး၌ နေ၏၊ ခွဲခွာနေ၏၊ ကင်းကွာနေ၏။

ပဋိနိဝါသန ၊ နဲ ၊ [ပတိ+နိ ✓ဝသ+ယု] သင်းပိုင်၊ ကျောင်းဝတ်သင်းပိုင် (ကျောင်း၌နေစဉ် ဝတ်သော သင်းပိုင်)။

သုနိဝတ္ထ ၊ တိ ၊ [သု+နိ ✓ဝသ+တ] နိဝါသီယိတ္ထာတိ–နိဝတ္ထံ။ [သု+နိဝတ္ထ] ကောင်းစွာ ဝတ်ဆင်သော၊ –ဝတ်ဆင်ခြင်းရှိသော၊ –ဝတ်ဆင်ခြင်း။

သုပရိဝုတ္ထ ၊ တိ ၊ [သု+ပရိ ✓ဝသ+တ] ဝတ်ဆောက်တည်ကျင့်သုံးပြီးသော၊ ပရိဝါသ်နေပြီးသော။

သုပ္ပဝါသာ ၊ ထီ ၊ [သု+ပ ✓ဝသ+ဏ+အာ] သုပ္ပဝါသာ မင်းသမီး။ **သုဝတ္ထိ၊** ကောင်းသော သားအိမ်ရှိသော။ သုဝသိတ၊ နေခြင်း။ သုဝါသိတ၊ ကောင်းစွာ ထုံအပ်သော။ သုဝုတ္ထ၊ –နေခြင်း။

မင်္ဂလဝါသီ ၊ ပု ၊ [မင်္ဂလ ✓ဝသ+ဏီ] မင်္ဂလအရပ်၌ နေသော–မထေရ်။

ဝသု

ဒိ= ထမ္ဘေ–မာန်ခက်ထန်ခြင်း၌။ ဝသတိ၊ ဝသိတွာ။

ဥပဝါသ ၊ ပု ၊ [ဥပ ✓ဝသု+ဏ] ဝသု–ထမ္ဘေ၊ ဒိဝါဒိ၊ ဥပဝသနံ–ဥပဝါသော၊ ဏော၊ ဝိဂတော ဥပေတော စ ဝါသောတိ ဝါ–ဥပဝါသော။ ဓာန်ဋီ၊ ၄၃၂။ ဥပုသ်သီတင်း ကျင့်သုံးခြင်း။ **ဥပဝါသိက၊** ညစာ စားခြင်းမှ ရှောင်ကြဉ်သော။ ဥပဝုတ္ထ။

ဝသ၊ ဝသု

ဘူ+စု= သတ္တိဗန္ဓန ဂဗ္ဘဂ္ဂဟဏ ဣသရသေစနေသု–စွမ်းနိုင်ခြင်း, (ကိုယ်ဝန်ယူခြင်း, အစိုးရခြင်း) သွန်းလောင်းခြင်းတို့၌။ ဝသတိ၊ ဝသေတိ၊ ဝသယတိ။

ဝသတိ ။ [✓ဝသ+အ+တိ] မိုးရွာ၏၊ ယိုစီး၏။ ဝသိတွာ၊ ဝသိတုံ၊ (ဝသာပေတိ၊ ဝသာပယတိ၊) ဝသေတွာ၊ ဝသာပေတွာ၊ (ဝသနက= ဝသန+က–ရွာသွန်းသော။) ဝသိတဗ္ဗ၊ ဝသိတု၊ ဝသီ၊ ဝုဋ္ဌိ။

ဝသ၊ ဝသာန၊ ပါဝုသ ၊ ပု ၊ [✓ဝသ+ဏ] ဝသတိ ပဝသတိ ဧတ္ထာတိ–ဝသော, ဝသာနော, ပါဝုသော စ၊ အသ ဥ, သံယောဂလောပေါ စ။ ဓာန်ဋီ၊ ၈၀။ မိုးဥတု။

ဝသ၊ ဝသန၊ ဝုဋ္ဌိ ၊ ထီ+နဲ ၊ [✓ဝသ+အ] ဝသတိ သိဥ္စတီတိ–ဝသံ၊ ဝသ–သေစနေ၊ ဧဝံ ဝသန ဝုဋ္ဌိယော။ ဓာန်ဋီ၊ ၄၈။ နဲ ။ဝသံ၊ ဝသနံ။ ထီ ။ ဝုဋ္ဌိ၊ မိုးရွာခြင်း။

ဝသာန ၊ ပု ၊ [✓ဝသ+ယု] ဝသတိ ဧတ္ထ–ဝသာနော၊ ယု။ ဓာန်ဋီ၊ ၇၈။ မိုးလ= မိုးဥတု။

ဝသာ ၊ ထီ ၊ [✓ဝသ+အ+အာ] မိုးလ၊ မိုးဥတု။

ဝသာပန ၊ နဲ ၊ [✓ဝသ+ဏာပေ+ယု] မိုးရွာစေခြင်း။ **ဝသာပနက၊** ရွာသွန်းစေတတ်သော။ **ဝသာပိတ၊** ရွာစေအပ်ပြီးသော။

http://www.dhammadownload.com

ဝဿိတ ၊ နာ ၊ [✓ ဝဿ+တ] ဝဿ-သဒ္ဒေ၊ ဝဿနံ ရဝနံ-ဝဿိတံ။ ဓာန်ဦ၊ ၁၃၀။ တိရစ္ဆာန်တို့၏ မြည်သံ၊ တွန်သံ။

ဝုဿ ၊ ပု ၊ [✓ ဝဿ+ဏ] ဝဿတီတိ-ဝုသော၊ ဝဿ-သေစနေ၊ ဏော၊ အဿု, သံယောဂ လောပေါ စ။ ဓာန်ဦ၊ ၄၉၅။ နွားလား၊ နွားထီး။

အတိဝဿတိ ။ [အတိ ✓ ဝဿ+အ+တိ] အလွန်ရွာ၏၊ အလွန်စိုစေ၏၊ ထိုးဖောက်၍ စိုစေ၏။ အတိဝဿ၊ မိုးများခြင်း။

အဘိဝဿတိ ။ [အဘိ ✓ ဝဿု+အ+တိ] ရွာ၏၊ ဖုံးလွှမ်း၏၊ ပြည့်လျှံ၏၊ စွတ်စိုစေ၏။ အဘိဝဿန္တ၊ အဘိဝဿီ၊ အဘိဝဿ၊ ရွာသွန်းသော၊ ပစ်လွှတ်သော။ (အဘိဝဿာပေတိ။)

အဘိပ္ပဝဿတိ ။ [အဘိ+ပ ✓ ဝဿ+အ+တိ] ရွာသွန်း၏၊ သည်းထန်စွာ ရွာသွန်း၏။ အဘိပ္ပဝဿန္တ၊ အဘိပ္ပဝုဋ္ဌ။

ဩဝဋ္ဌ ၊ တိ ၊ [အဝ ✓ ဝဿ+တ] မိုးစွတ်သော၊ မိုးစိုသော။

ဩဝဿတိ ။ [အဝ ✓ ဝဿ+အ+တိ] မိုးစွတ်၏၊ မိုးယိုး၏။ (ဩဝဿာပေတိ၊ မိုးစွတ်စေ၏၊ မိုးရေခံ၏၊ မိုးရေချိုး၏။)

ပုနဗ္ဘသု ၊ ပု ၊ [ပုန ✓ ဝဿ+ဥ] ပုနပ္ပုနံ သတ္တေသု ဟိတံ ဝဿတီတိ-ပုနဗ္ဘသု၊ ဝဿ-သေစနေ။ ဓာန်ဦ၊ ၅၈။ ပုနဗ္ဘသုနက္ခတ်။

သုဝဿတိ ။ [သု ✓ ဝဿ+အ+တိ] ကောင်းစွာ ရွာသွန်း၏။ သုဝုဋ္ဌိ၊ (သုဝုဋ္ဌိကာ။)

ဝဟ

ဘူ= ပါပုဏာနေ-ရောက်စေခြင်း၌၊ ဝုဋ္ဌိယံ စ-ကြီးပွားခြင်း၌လည်း။ ဝဟတိ။

ဝဟတိ ။ [✓ ဝဟ+အ+တိ] ဆောင်ယူ၏၊ ခေါ်ဆောင်၏၊ မျှော်၏၊ နှင်ထုတ်၏၊ လုပ်ကျွေး၏၊ လှဲ၏။ ဝဟိတွာ၊ ဝဟာတုံ၊ ဝဟိတုံ၊ ဝဟန္တ၊ ဝဟမာန၊ (ဝဟီယတိ၊) ဝဟန၊ ဝဟနက၊ ဝဟိတ၊ ဝဟိတဗ္ဗ၊ ဝဟ၊ ဆောင်တတ်သော၊ ရေအစု။

ဝဟ ၊ ပု ၊ [✓ ဝဟ+အ] ဝဟတျနေန-ဝဟော၊ အ။ ဓာန်ဦ၊ ၄၉၇။ နွားပခုံး။

ဝယှတိ ။ [✓ ဝဟ+ယ+တေ] ဆောင်အပ်၏။

ဝယှ ၊ နာ ၊ [✓ ဝဟ+ယ] ဝိပရိတ်ပြု။ ကစ္စည်း၊ ၄၈၈။ လှည်းပေါင်းချုပ်။ ဝယှမာန။

ဝါဟေတိ ။ [✓ ဝဟ+ဏော+တိ] ဝါဟယတိ၊ ဖြစ်စေ၏၊ ရောက်စေ၏၊ သွားစေ၏၊ ပြေးစေ၏၊ မောင်းနှင်၏၊ မျှော်၏၊ ကူးမြောက်စေ၏၊ ငင်၏၊ ခပ်၏။ ဝါဟေတွာ၊ ဝါဟေန္တ၊ ဝါဟယန္တ၊ (ဝါဟီယတိ၊) ဝါဟီယမာန၊ ဝါဟီယမာန။

ဝဟာနီ ၊ ထီ ၊ [✓ ဝဟ+မာန+ဉီ] မာနဿ အာနာဒေသော။ ရူ-နှာ၊ ၃၉၉။ စီးဆင်းနေသော။

ဝါဟ ၊ ပု ၊ [✓ ဝဟ+ဏ] ဝဟတီတိ-ဝါဟော၊ တိ ၊ ဆောင်သော။ ဝဟ-ပါပုဏာနေ၊ ဏော။ ဓာန်ဦ၊ ၄၈၄။ လှည်းနှစ်စီးတိုက်ဝန်၊ ရေအလျဉ်၊ ဆင်ယာဉ်, မြင်းယာဉ်၊ ဝန်ဆောင်နွား၊ အစုအပုံ၊ မောင်းနှင်သော-သူ။

ဝါဟက ၊ တိ ၊ [✓ ဝဟ+ဏ္ဍု] ရေအလျဉ်၊ ဆောင်-ခပ်သော။

ဝလာဟက ၊ ပု ၊ [ဝါရိ ✓ ဝဟ+ဏ္ဍု] ဝါရိ ဝဟတီတိ-ဝလာဟကော၊ ဝါရိသဒ္ဒဿ ဝေါ, ဝဿလော။ ဓာန်ဦ၊ ၄၇။ မိုးတိမ်။ (ဝါရိနော ဝါဟကော-ဝလာဟကော။ မောဂ်-၁၊ ၄၇။) နီတိသုတ္တ၊ ၁၃၄၀-ကိုလည်း ရူ။ (သုဝလာဟက၊ ကောင်းသော မိုးတိမ်ရှိသော။)

ဝါဟန ၊ တိ ၊ [✓ ဝဟ+ဏော+ယု] ဝါဟနက၊ ရောက်စေတတ်သော၊ ဆောင်နိုင်သော။

ဝါဟသ ၊ ပု ၊ [✓ ဝဟ+အသ] ဝဟတိသ္မာ အသော၊ ဝါဟသော။ ဓာန်ဦ၊ ၆၅၁။ စပါးကြီး။

ဝါဟိယ ၊ တိ ၊ [✓ ဝဟ+ဏျ] ဆောင်အပ်သော။

ဝါဟီ၊ တိ ၊ [✓ ဝဟ+ဏီ] ဆောင်လေ့ရှိသော၊ ဆောင်တတ်သော။ ပု ။သိန္ဓောမြင်း။ ထီ ။ဝါဟိနီ၊ စစ်သည်စစ်တပ်။ [✓ ဝဟ+ဏော+ဏီ] ဖြစ်စေသော၊ သွားစေသော။

ဝါဟောတဗ္ဗ ၊ တိ ၊ [✓ ဝဟ+ဏော+တဗ္ဗ] သွားစေ အပ်သော= မောင်းနှင်အပ်သော၊ လှော်ခတ်အပ်သော။

ဝုယှတိ ။ [✓ ဝဟ+ယ+တိ] မျှော်၏၊ ဆွဲငင်၏။ (ဒိဝါဒိသေသ။) [✓ ဝဟ+ယ+တေ] ထုတ်ဆောင်အပ်၏၊ ဆွဲငင်အပ်၏၊ မျှောအပ်၏။ ဝုယှတိ၊ ဝုယှမာန၊ ဝုယှမာနက။

http://www.dhammadownload.com

ဝူဋ္ဌ ၊ တိ ၊ [√ ဝဟ+က္တ] ဝဟ–ပါပုဏာနေ, ဝုယိတ္ထာတိ– ဝူဋ္ဌော၊ ဝဟဿ ဥဿ ဒီဃော။ မောဂ်–၅၊ ၁၀၇။ မျောအပ်သော။

ဝိဟိ ၊ ပု ၊ [√ ဝဟ+ဏ္ဍ] ဝဟတိ သတ္တာနံ ဇီဝိတန္တိ–ဝိဟိ၊ ဝဟ–ပါပုဏော၊ ဏ္ဍ၊ အသီ။ ဓာန်ဦ၊ ၄၅၀။ ဝဟတိ သတ္တာနံ ဇီဝိတန္တိ–ဝိဟိ= သဿံ။ သီဠိသစ်–၁၊ ၃၅၀။ ကောက်လတ်စပါး၊ စပါးမျိုး။

ဗာဟာ ၊ ထိ ၊ [√ဝဟ+အ+အာ] ဝဟတိ ဧတာယာတိ–ဗာဟာ၊ ဝဟ–ပါပနေ, အ၊ ဏ္ဍတ္ထိယဲ အာ။ သူစိ။ လက်ရုံးလက်မောင်း, လက်မောင်းရိုး၊ အပေါင်, ဘောင်။

ဗာဟု ၊ ထိ+ပု ၊ [√ဝဟ+ကု] ဝဟဓာတ်၏ အ–ကို ဒီဃပြု၊ ဝ–ကိုလည်း ဗ–ပြု၊ ဝဟန္တ္ယနေနာတိ–ဗာဟု= ဘုဇော။ မောဂ်–၇၊ ၆။ ဝဟတိ အနေနာတိ–ဝါဟု၊ ဝါဟုဧဝ–ဗာဟု၊ ကု။ ဓာန်ဦ၊ ၂၆၅။ လက်ရုံး, လက်မောင်း။

ဗိမ္ဘောဟန၊ ဗိမ္ဘောဟန ၊ နှ ၊ [ဝိ √ဝဟ+ယု] ဝိသေသေန သိသံ ဝဟတီတိ–ဗိမ္ဘောဟနံ၊ ယု၊ ဗတ္တံ အသောတ္တာဉ္စ။ ဓာန်ဦ၊ ၃၁၁။ နိဂ္ဂဟိတ်လာ၍ မ–ပြုလျှင် ဗိမ္ဘောဟန–ဟု ဖြစ်၏။ ခေါင်းအုံး။

အတိဝဟတိ ။ [အတိ √ဝဟ+အ+တိ] ကျော်လွန်၍ ဆောင်၏၊ လှည့်ပတ်၏။ အတိဝါဟ။ ပု ။အလွန်လေးသော ဝန်ကို ဆောင်စေခြင်း၊ ကျော်လွန်၍ အလိုရှိရာအရပ်သို့ ရောက်စေတတ်သော–ယာဉ်။ (အတိဗာဟေတိ၊ ကာ၊) ကျော်လွန်စေ၏။

အတ္ထာဝဟ ၊ တိ ၊ [အတ္ထ+အာ √ဝဟ+အ] အကျိုးစီးပွားကို ဆောင်သော။

အဓိဝဟတိ ။ [အဓိ √ဝဟ+အ+တိ] ဆောင်တတ်၏။ အဓိဝဟန၊ အဓိဝါဟ၊ အဓိဝါဟန၊ (ကာရိက်ဏောပစ္စည်းကျေ။)

အနုဝါဟ ၊ ပု ၊ [အန √ဝဟ+ဏ] အနံ သကဋံ ဝဟတီတိ–အနုဝါဟော၊ ဏော။ ဓာန်ဦ၊ ၄၉၅။ နွားလား၊ နွားထီး။

အနုဝဟန ၊ ထိ+နှ ၊ [အနု √ဝဟ+ယု] အစဉ်မပြတ် ဆောင်ခြင်း၊ –ဖြစ်စေခြင်း၊ အဿာသပဿာသို့ အစဉ်လိုက်ခြင်းအားဖြင့် သတိကို အဆက်မပြတ် ဖြစ်စေခြင်း။

အပဝဟတိ ။ [အပ √ဝဟ+အ+တိ] ဆောင်ယူသွား၏၊ တိုက်လွှင့်၏။ အပဗ္ဗဟိတွာ၊ ဖယ်ရှားသုတ်သင်၍။ အပဝါဟန၊ ဆေးလျော်ခြင်း၊ ဖဲခွာခြင်း, သုတ်သင်ခြင်း၊ ကုစားခြင်း။ အပဝါဟိတ၊ ထုတ်ဆောင်သယ်ယူအပ်သော။ အပဝါဟိတုံ၊ အပဝါဟေတွာ။

အပ္ပသာဒါဝဟ ၊ တိ ၊ [နှ+ပသာဒ+အာ √ဝဟ+အ] ကြည်ညိုဖွယ်ကို မဆောင်တတ်သော၊ ကြည်ညိုဖွယ်ကို မဆောင်ခြင်း။ အပ္ပသာဒါဝဟန၊ ကြည်ညိုဖွယ်ကို မဆောင်ခြင်း။

အပ္ပိယတာဝါဝဟ ၊ ပု ၊ [အပ္ပိယတာဝ+အာ √ဝဟ+အ] မချစ်အပ်သည်၏အဖြစ်ကို ဆောင်တတ်သော။

အဗ္ဘဟတိ ။ [အာ √ဝဟ+အ+တိ] အဗ္ဘာဟတိ၊ ထုတ်ဆောင်၏၊ နုတ်ပယ်၏၊ ဆွဲထုတ်၏။ အဗ္ဘဟိတွာန၊ အဗ္ဘဟန၊ အဗ္ဘဟိတ၊ အဗ္ဘာဟိတွာ။

အဗ္ဘာဟယတိ ။ [အာ √ဝဟ+ဏယ+တိ] လွန်၍ ရောက်စေ၏၊ ကျော်လွန်စေ၏။

အဗ္ဘုဟတိ ။ [အာ √ဝဟ+အ+တိ] ထုတ်ဆောင်၏၊ နုတ်ပယ်၏၊ ထုတ်နုတ်၏။ အဗ္ဘုယှ၊ အဗ္ဘယှန၊ အဗ္ဘုဟန၊ အဗ္ဘုဟောတွာ၊ အဗ္ဘုဠှ၊ အဗ္ဘူဠှ၊ အဗ္ဘူဟန၊ အဗ္ဘူဟဏာ၊ အဗ္ဘူဟိတွာ။

အာဝဟတိ ။ [အာ √ဝဟ+အ+တိ] ဆောင်၏၊ ရောက်စေ၏၊ ပြီးစေ၏၊ ဖြစ်စေ၏၊ ယူဆောင်၏၊ သယ်ဆောင်၏။ အာဝဟ၊ အာဝဟန၊ (အာဝဟနက၊) အာဝဟန္တ၊ အာဝဟမာန၊ (အာဝဟာပေတိ၊ ကာ၊) အာဝဟိတ၊ အာဝဟိတဗ္ဗ၊ အာဝါဟေတွာ၊ အာဝုယှမာန၊ အာဝုဠှ။

အာဝါဟ ၊ ပု+နှ ၊ [အာ √ဝဟ+ဏ] အာဝါဟန၊ သတို့သမီးကို ဆောင်ယူခြင်း၊ ထိမ်းမြားလက်ထပ်ခြင်း။

အာဝါဟက ၊ တိ ၊ [အာ √ဝဟ+ဏ္ဍု] သတို့သမီးကို ဆောင်ယူလိုသော။

အာဘိဝါဟယတိ ။ [အဘိ √ဝဟ+ဏယ+တိ] မျောစေ၏၊ မျှောစေ၏။

ဥပဝါဟန ၊ နှ ၊ [ဥပ √ဝဟ+ဏော+ယု] သယ်ဆောင်ခြင်း၊ အနီးသို့ ယူသွားခြင်း။

ဥပဝုဋ္ဌ ၊ တိ ၊ [ဥပ √ဝဟ+တ] အနီးသို့ ဆောင်အပ်ပြီးသော၊ –ရောက်ပြီးသော။

http://www.dhammadownload.com

ဥဗ္ဗဟတိ ။ [ဥ ✓ ဝဟ+အ+တိ] နုတ်၏၊ ရွှေ့၏၊ ယူဆောင်၏။ ဥဗ္ဗဟ၊ နုတ်ခြင်း, ရွှေ့ခြင်း။ (ဥဗ္ဗာဟေတိ၊ သယ်ဆောင်စေ၏၊ လိုက်စေ၏။) ဥဗ္ဗာဟန၊ ဥဗ္ဗာဟေတဗ္ဗ။

ဥဗ္ဗာဟိကာ ၊ ထိ ၊ [ဥ ✓ ဝဟ+ဏော+ဏ္ဍု] ဥဗ္ဗဟန္တိ ဝိယောဇေန္တိ တောယ အလဒ္ဓိနံ တဒ္ဓနိ ဝါ ကလဟံ ဝါတိ–ဥဗ္ဗာဟိကာ။ ပါရာ–ဘာ–ဋီ–၄၊ ၈၅။ အလဒ္ဓိတို့၏ ခြိမ်းခြောက်ခြင်း, ခိုက်ရန်ဖြစ်ခြင်းတို့ကို ကင်းစေကြောင်းဖြစ်သော–သမ္မုတိ။ (ဥဗ္ဗာဟိကာသမ္မုတိ။)

ဝိဝါဟတိ ။ [ဝိ ✓ ဝဟ+အ+တိ] အစီအရင် အခမ်းအနားဖြင့် (မိမိ၏ အမျိုးသမီးကို တစ်ပါးသော အမျိုးသို့) ပို့၏၊ သမီးပေးခြင်း၏ အစွမ်းဖြင့် ထိမ်းမြား–လက်ထပ်–မင်္ဂလာဆောင်၏၊ နှင်ထုတ်၏။ ဝိဝါဟ၊ ဝိဝါဟက၊ ဝိဝါဟန။ ဝိဝယ ၊ တိ ၊ [ဝိ ✓ ဝဟ+ယ] သမီးပေးထိုက်သော လက်ထပ်မင်္ဂလာ။

ဝိဝါဟ ၊ ပု ၊ [ဝိ ✓ ဝဟ+ဏ] ဝဟ–ပါပုဏော၊ ဏော။ ဓာန်ဋီ၊ ၃၁၈။ ထိမ်းမြားလက်ထပ်ခြင်း။

ဩဝုယှတိ ။ [အဝ ✓ ဝဟ+ယ+တိ] မျောင်၏၊ မျောအပ်၏, ငင်အပ်၏။

သမဝါဟိတ ၊ တိ ၊ [သမ ✓ ဝဟ+ဏော+တ] အညီအညွတ် ဖြစ်စေအပ်သော၊ အညီအညွတ်ဖြစ်ခြင်း။ (သုဒ္ဒ)၊ သမဝါဟိ။

သမာဘိဝါဟိနီ ၊ ထိ ၊ [သမ+အဘိ ✓ ဝဟ+ဏိ+ဣနီ] ညီညွတ်ဖြောင့်မတ်စွာ ဖြစ်သော။

သမုဗ္ဗဟတိ ။ [သံ+ဥ ✓ ဝဟ+အ+တိ] ကောင်းစွာ ဆောင်၏။ သမုဗ္ဗဟန္တ ။

သြမှ ၊ ပု+န ၊ [✓ ဝဟ+တ] ဝ–ကို သြ–ပြု၊ နိရုတ္တိ နှာ၊ ၃၅။ ခိုးယူအပ်သော ဘဏ္ဍာထုပ်။ (သဟောမှ ၊ တိ ၊ [သဟ+သြမှ] ခိုးယူအပ်သော ဘဏ္ဍာထုပ်နှင့် တကွဖြစ်သော။ သဟောဝ၊ သဟောတ္ထ၊ သဟောဋ္ဌ။ ပါရာ–ဘာ–ဋီ–၂၊ ၃၀၄–ကိုလည်း ရှုပါ။)

သြပဝယှ ၊ ပု ၊ [အဝ+ပ ✓ ဝဟ+ဏျ] ရာဇာနမုပဂန္တွာ ဝဟတုမရဟတီတိ–သြပဝယော၊ အရဟတ္ထေ ဏျော။ ဓာန်ဋီ၊ ၃၆၈။ စီးတော်ဆင်၊ မင်းစီးဆင်။

ရာဇဝယှ ၊ ပု ၊ [ရာဇ ✓ ဝဟ+ဏျ] ရာဇာနံ ဝဟိတုံ အရဟတီတိ–ရာဇဝယော၊ ဏျော။ ဓာန်ဋီ၊ ၃၆၈။ စီးတော်ဆင်၊ မင်းစီးဆင်။

သြဝဟတိ ။ [အဝ ✓ ဝဟ+အ+တိ] သယ်ချ၏။

ဟုတာဝဟ ၊ ပု ၊ [ဟုတ ✓ ဝဟ+အ] ဝေဒေ ဟုတံ ဝဟတိ ပါပယတိ, သယံ ဝါ လဘတေတိ–ဟုတာဝဟော။ ဓာန်ဋီ၊ ၃၃။ မီး။

ဗြာဟ္မဏ ၊ ပု ၊ [✓ ဝဟ+ဏော+ယု] ဝဟ–ဓာတ်၏ ဝ–ကို ဗ, အ–ကို အာ–ပြု။ ဗာဟ–ကို ဗြာဟ္မ–ပြု၊ ဏော–ပစ္စည်းကို ချေ၊ ယု–ပစ္စည်းကို အန–ပြု၊ ယု–ပစ္စည်း၏ အပြု န–ကိုလည်း ဏ–ပြု၊ ပါပေ ဝါဟယတီတိ–ဗြာဟ္မဏော။ ပါရာ–ဘာ–ဋီ–၁၊ ၃၈၉။ ရဟန္တာ၊ ရသေ့–ရဟန်း၊ သူတော်–သူမြတ်။

ပစ္စာဝဟိတဗ္ဗ ၊ တိ ၊ [ပတိ+အာ ✓ ဝဟ+တဗ္ဗ] တစ်ဖန် ဆောင်ယူကျင့်သုံးရာဖြစ်သော။ (ပစ္စာဝဟိတဗ္ဗပက္ခ။)

ဂန္ဓဝါဟ ၊ ပု ၊ [ဂန္ဓ ✓ ဝဟ+ဏ] ဂန္ဓံ ဝဟတီတိ–ဂန္ဓဝါဟော၊ ဏော။ ဓာန်ဋီ၊ ၃၇။ လေ။

ဓုရဝါဟိ ၊ ပု ၊ [ဓုရ ✓ ဝဟ+ဏိ] ဓုရံ ဝဟတီသီလေနာတိ–ဓုရဝါဟိ၊ ဏိ။ ဓာန်ဋီ၊ ၄၉၆။ ဝန်ဆောင်နွား၊ ခိုင်းနွား။

ဓောရယှ ၊ ပု ၊ [ဓုရ ✓ ဝဟ+ဏ] ဓုရံ ဝဟိတုမရဟတီတိ–ဓောရယော၊ ဏော၊ ဝဿ ယော။ ဓာန်ဋီ၊ ၄၉၆။ ဝန်ဆောင်နွား၊ ခိုင်းနွား။

နိဝဟ ၊ ပု ၊ [နိ ✓ ဝဟ+အ] နိဿသတော ဝဟတီ အဝယဝန္တိ–နိဝဟော။ ဓာန်ဋီ၊ ၆၂၉။ အပေါင်း။

ပဝဟန ၊ န ၊ [ပ ✓ ဝဟ+ယု] ပဝဟတိ နိယာမကေတိ–ပဝဟနံ။ ဓာန်ဋီ၊ ၆၆၈။ လှေငယ်၊ (သင်္ဘော၊ လှေ။)

ပဝါဟ ၊ ပု ၊ [ပ ✓ ဝဟ+ဏ] ပဝဟတိသ္မာ ဏော၊ ပဝါဟော။ ဓာန်ဋီ၊ ၇၆၈။ ရေအလျဉ်၊ မပြတ်ဖြစ်ခြင်း။

ပေါတဝါဟ ၊ ပု ၊ [ပေါတ ✓ ဝဟ+ဏ] ပေါတော ပဝဟနံ, တံ ဝါဟယတီတိ–ပေါတဝါဟော။ ဓာန်ဋီ၊ ၆၆၇။ လှေသမား၊ သင်္ဘောသား။

ဘာရဝါဟ ၊ ပု ၊ [ဘာရ ✓ ဝဟ+ဏ] ဘာရံ ဝဟတီတိ–(ဘာရဝါဟော၊) ကမ္မနိ ဏော။ ဓာန်ဋီ၊ ၅၁၄။ ဝန်ထမ်းသူ၊ ဝန်ထမ်းသမား။

http://www.dhammadownload.com

ဝါရိဝါဟ ၊ ပု ၊ [ဝါရိ ✓ဝဟ+ဏ] ဝါရိံ ဝဟတီတိ-ဝါရိဝါဟော။ ဓာန်ဋီ၊ ၄၇။ မိုးတိမ်။

သတ္ထဝါဟ ၊ ပု ၊ [သတ္ထ ✓ ဝဟ+ဏ] သတ္ထံ ဝါဏိဇ္ဇောပဇီဝီနံ သဃ်ာတံ ဝဟတိ ဒေသန္တရံ ပါပယတီတိ-သတ္ထဝါဟော= ဝဏိဇနာယကော။ [သတ္ထဝါဟ+ဏ] တံ ယောဂါ သတ္ထဝါဟော။ ဓာန်ဋီ၊ ၄၆၉။ ကုန်သည်။

ဝဟိ

စု= ဒိတ္တိယံ-ထွန်းပခြင်း၌။ ဝံဟေတိ၊ ဝံဟယတိ။

ဝဋ

ဘူ= အာရောဟေ-အထက်သို့ တက်ခြင်း၌။ ဝဋတိ။

ဝဋဘိ၊ ဝဋဘီ ၊ ထီ ၊ [✓ဝဋ+အဘိ] ဝဋဘီ= ဝဋိယတိ ဧတ္ထာတိ-ဝဋဘိ၊ ဝဋဘီ ဝါ= ဂေဟစူဋာ ပါသာ ဒဂ္ဂဋ္ဌဂေဟဥ္စ၊ အိမ်အထွတ်။

ဗဋိသ ၊ ပု ၊ [✓ဝဋ+ဏေ+ဣသ] မစ္ဆေ ဝါဋေတိ အာရောဟေတီတိ-ဗဋိသော၊ ငါးမျှားချိတ်၊ (ဗလိသလည်း သင့်။)

ဝါ

ဒိ+ဘူ= ဂတိ ဗန္ဓန ဂန္ထနေသု- သွားခြင်း, ဖွဲ့ခြင်း, ပြခြင်း (ဖြတ်ခြင်း, ညှဉ်းဆဲခြင်း)တို့၌

စု= သုခပ္ပတ္တိယံ-ချမ်းသာခြင်းသို့ ရောက်ခြင်း၌ လည်းကောင်း၊ ဂတိ သေဝနေ-သွားခြင်း, မှီဝဲခြင်း၌လည်းကောင်း။ ဝါတိ၊ ဝါယတိ၊ (ဝါပယတိ။ ဓာတွတ္ထ။)

ဝါတိ ။ [✓ဝါ+အ+တိ] ဝါယတိ [ဝါ+ယ+တိ] လေတိုက်၏၊ ကြိုင်လှိုင်၏၊ ဖြစ်၏၊ သွား၏။ ဝါယိတွာ၊ ဝါယန္တ၊ ဝါယန၊ (ဝါယနက။)

ဝါက ၊ ပု ၊ [✓ဝါ+က] ဝါ-ဂတိ ဗန္ဓေသု၊ ဝါတိ ဗန္ဓတိ ဧတေနာတိ-ဝါကော= ဝက္ကလံ။ မောဂ်-၇၊ ၁၄။ လျှော်မျှင်၊ လျှော်ပြား။

ဝါဏီ ၊ ထီ ၊ [✓ ဝါ+ယု+ဤ] ဝါယတေ သဒ္ဒါယတေတိ-ဝါဏီ၊ ယု၊ ဤစ။ ဓာန်ဋီ၊ ၁၀၅။ စကား။

ဝါတ ၊ ပု ၊ [✓ဝါ+တ] ဝါယတိ ဂစ္ဆတိ, ဝါယတိ ပုပ္ဖာဒီနံ ဂန္ဓော ယေနာတိ ဝါ-ဝါတော။ ဓာန်ဋီ၊ ၃၇။ ဝါ-ဂမနေ၊ ဝါယတီတိ-ဝါတော= ဝါယု။ မောဂ်-၇၊ ၈၂။ လေ။ နဲ ။အသံ။

ဝါနရ ၊ ပု ၊ [✓ ဝါ+ကွိ] ဝါတိ သမေတီတိ-ဝါ။ [ဝါ+နရ] ဝါ= သဒိသော နရော-ဝါနရော= မက္ကဋော။ ဧဋီ။ မျောက်။ နရော ဣဝ-ဝါနရော၊ ဝါသဒ္ဒေါ ဣဝတ္ထေ။ ဓာန်ဋီ၊ ၆၁၄။ လူနှင့်တူသူ (မျောက်)။

ဝါမ ၊ တိ ၊ [✓ဝါ+မန်] ဝါ-ဂတိ ဗန္ဓနေသု၊ ဝါမော။ ရူ၊ ၆၅၂။ ကောင်းမြတ်သော၊ တင့်တယ်-လှပသော၊ လက်ဝဲဘက်ဖြစ်သော၊ ဆန့်ကျင်ဘက်ဖြစ်သော၊ မှားယွင်းသော၊ မသင့်မတင့်သော။ ဝါတိ ဂစ္ဆတိ ပဝါယတိ စာတိ-ဝါမော။ နီတိသုတ္တ၊ ၁၂၃၄။

ဝါမန၊ ဝါမနက ၊ တိ ၊ [✓ ဝါ+မန] ဝါ-ဂမနေ၊ မနော-ဝါမနော။ ဓာန်ဋီ၊ ၇၀၈။ [ဝါမန+က]= ဝါမနက၊ နိမ့်သော၊ ပုကွသော။

ဝါသဝ ၊ ပု ၊ [ဝါသ ✓ဝါ+ဏ] ဝါ-ပဝတ္တနေ၊ ဝါသံ အာဝါသတ္ထံ ပုရိမတ္တဘာဝေ အာဝါသဒါနဝသေန-ဝါတိ ပဝတ္တတီတိ-ဝါသဝေါ= သက္ကော။ ဧဋီ။ သိကြား။

ဝါယ ၊ ပု ၊ [✓ဝါ+ဏ] ဝါယတီတိ-ဝါယော။ ပဋိသံ ၄-၁၊ ၇၅။ လေ၊ ဝါယောဓာတ်။

ဝါယိတ ၊ တိ ၊ [✓ ဝါ+ယ+တ] လေ-လာသော၊ တိုက်ခတ်အပ်သော။

ဝါယီ ၊ တိ ၊ [✓ ဝါ+ဏီ] ကြိုင်လှိုင်သော။

ဝါယု ၊ ပု ၊ [✓ ဝါ+ဏု] ဝါယတီတိ-ဝါယု။ ရူ၊ ၆၅၁။ ဝါ-ဂတိ ဗန္ဓနေသု၊ ဝါတိ ဂစ္ဆတီတိ-ဝါယု= ဝါတော။ မောဂ်-၇၊ ၁။ လေ။

ဝါလ ၊ ပု+နဲ ၊ [✓ဝါ+အလ] ဝါ-ဂတိ ဗန္ဓနေသု-ဝါလံ။ ရူ၊ ၆၇၅။ အမြီး-မြီးဆံ၊ အမွေး၊ ဆံပင်၊ လျှော်၊ ဆူး။ ဝါ-ဂမနေ၊ အလော။ ဓာန်ဋီ၊ ၆၆၁။ ရေ။

ဝါဋ ၊ တိ ၊ [✓ ဝါ+ဋ] ဝီ, ဝါ-ဂမနေ၊ ဝါတိ ဂစ္ဆတီတိ-ဝါဋော= စဏ္ဍမိဂေါ။ မောဂ်-၇၊ ၂၂၅။ သားရဲ၊ ကြမ်းတမ်းသော, ခက်ထန်သော၊ ဖျက်ဆီး တတ်သော၊ သားမြီး၊ ဆံခြည်။ [✓ ဝါ+အလ] ဝါ-ဂမနေ၊ အလော၊ ဋတ္တံ။ ဓာန်ဋီ၊ ၆၅၄။ မြွေ။

အတိဝါယတိ ။ [အတိ ✓ဝါ+ယ+တိ] အလွန်တိုက်ခတ်၏၊ ပျံ့လှိုင်၏။

http://www.dhammadownload.com

အဏ္ဏဝ ၊ ပု ၊ [အဏ္ဏ ✓ ဝါ+အ] အဏ္ဏော ဇလံ၊ သော ဝါတိ ဂစ္ဆတိ ယသ္မိံ-အဏ္ဏဝေါ။ ဓာန်ဋီ၊ ၆၅၉။ [အဏ္ဏ+ဝ] အဏ္ဏံ ဇလံ, တမဿတ္ထီတိ-အဏ္ဏဝေါ။ မောဂ်-၄၊ ၈၈၊ ပဋ္ဌိ။ ပင်လယ်၊ သမုဒ္ဒရာ၊ နက်လည်းနက် ကျယ်လည်းကျယ်သော ရေအစု။

ဥပဝါယတိ ။ [ဥပ ✓ ဝါ+ယ+တိ] တိုက်ခတ်၏၊ လှိုင်၏၊ ယနံ့သင်းကြိုင် ပျံ့လှိုင်စေ၏။

အန္တရာပရိနိဗ္ဗာယီ ၊ ပု ၊ [အန္တရာ+ပရိ+နိ ✓ ဝါ+ဏီ] အသက်တန်းထက်ဝက်မလွန်မီ အကြားဌ် ကိလေသာ ငြိမ်းခြင်းဖြင့် ငြိမ်းလေ့ရှိသော၊ ငြိမ်းတတ်သော။

အဘိဝါယတိ ။ [အဘိ ✓ ဝါ+ယ+တိ] တိုက်ခတ်၏၊ ရနံ့သင်းကြိုင်စေ၏။

အာဒီနဝ ၊ ပု ၊ [အာဒီန ✓ ဝါ+အ] အာဒီနံ ဒုက္ခံ ဝါတိ အဓိဂစ္ဆတိ ဧတေနာတိ-အာဒီနဝေါ= ဒေါသော။ နီတိဓာ၊ ၂၂၆။ (ဒုက္ခဖြစ်ကြောင်း အပြစ်ဒေါသ, မကောင်းကျိုး)အပြစ်, ဘေးအန္တရာယ်၊ သူဆင်းရဲ။

အာဝါ ၊ ထီ ၊ [အာ ✓ ဝါ+အ+အာ] ဝ-ကို ပ-ပြုလျှင် အာပါ၊ ဘေးရန်။

ကမ္မု ၊ ပု+နေ ၊ [က ✓ ဝါ+ဥ] ကံ ဝါတိ ဂစ္ဆတီတိ-ကမ္မု၊ ဥ။ ဓာန်ဋီ၊ ၆၇၆။ ခရုသင်းကြီး။

နိဗ္ဗာန ၊ နေ ၊ [နိ ✓ ဝါ+ယု] နိဗ္ဗာတိ ဧတေန ရာဂဂ္ဂိ အာဒိကောတိ-နိဗ္ဗာနံ။ ဓာန်ဋီ၊ ၆။ နိဗ္ဗာန်။

မရုဝါ ၊ ထီ ၊ [မရု ✓ ဝါ+အ+အာ] သင်ပန်းလျှော်။

မာနဝ ၊ ပု ၊ [မာန ✓ ဝါ+ကွိ] "အဟမသ္မီ"တိ မာနုပ္ပတ္တိဌာနတာယ မာနော ဧတ္ထ ဝါတိ ပဝတ္တတီတိ-မာနဝေါ။ ဝိသုဒ္ဓိဋီ-၂၊ ၄၅၇။ သတ္တဝါ၊ ခိုးသူ။

မိဂဝ ၊ ပု ၊ [မိဂ ✓ ဝါ+အ] သားသမင်တို့ သတ်ဖြတ်ကစားခြင်း-တောကစားခြင်း။

ဝါဂုရာ ၊ ထီ ၊ [✓ ဝါ+ဥရစ်+အာ] ဂုက်-လာ။ ကောတ္ထုဘ။ သားထောင်ပိုက်ကွန်။

အနုဝါတ ၊ ပု ၊ [အနု ✓ ဝါ+တ] နောက်ထပ်= ဖွဲ့အပ်-တပ်အပ်-ထပ်အပ်သော၊ အလျားအနားပတ်။

သံဝါတိ ။ [သံ ✓ ဝါ+အ+တိ] ကောင်းစွာ ပျံ့လှိုင်မွှေးကြိုင်၏။

သန္နိဗ္ဗာပေတိ ။ [သံ+နိ ✓ ဝါ+ဏာပေ+တိ] ကောင်းစွာ ငြိမ်းအေးစေ၏။ သန္နိဗ္ဗာပက။

သမ္ပဝါတိ ။ [သံ+ပ ✓ ဝါ+အ+တိ] ထက်ဝန်းကျင် ကြိုင်လှိုင်၏။ သမ္ပဝန္တ။

သမ္ပဝါယတိ ။ [သံ+ပ ✓ ဝါ+ယ+တိ] ကောင်းစွာ ကြိုင်လှိုင်၏၊ ထက်ဝန်းကျင် ကြိုင်လှိုင်၏။ ကာရိုက်ပစ္စည်း ကျေက ကောင်းစွာ ကြိုင်လှိုင်စေ၏။ သမ္ပဝါယန္တ၊ သမ္ပဝါယန၊ -စေခြင်း။

သဟဗျ ၊ နေ ၊ [သဟ ✓ ဝါ+အ] = [သဟဝ+ဏျ] သဟဝဿ ဘာဝေါ-သဟဗျံ၊ အပေါင်းအဖော်-သူငယ်ချင်း၏အဖြစ်။

ဝါန ၊ နေ ၊ [✓ ဝါ+နေ] ဝါ-ဂတိယံ၊ ဝါတိ အာရမ္မဏန္တိ-ဝါနံ၊ ယု။ ဓာန်ဋီ၊ ၁၆၃။ ဝီ, ဝါ-ဂမနေ၊ သတ္တေသု ဝါတိ ပဝတ္တတီတိ-ဝါနံ= တဏှာ။ မောဂ်-၇၊ ၁၀၆။ ကိလေသာ၊ တဏှာ၊ တပ်ခြင်း၊ စွဲလမ်းခြင်း။

ဝါသရ ၊ ပု ၊ [✓ ဝါ+သရ] ဝါတိ ဂစ္ဆတီတိ-ဝါသရော= ဒိဝသော၊ နေ့။

ဘိန္ဒိဝါဋ္ဌ ၊ ပု ၊ [ဘိဒိ+ဏီ] ဘိန္ဒနသီလတာယ-ဘိန္ဒီ။ [✓ ဝါ+အလ] ဝါတိ ဂစ္ဆတိ တေနာတိ-ဝါလော၊ အလော။ [ဘိန္ဒီ+ဝါလ] ဘိန္ဒီ စ သော ဝါလော စာတိ-ဘိန္ဒိဝါလော၊ ဋ္ဌတ္တေ ဘိန္ဒိဝါဋ္ဌော၊ ရသော။ ဓာန်ဋီ၊ ၃၉၄။ ခက်ရင်း။

ဝါတ

စု= ဂတိ သုခန သေဝနေသု-သွားခြင်း, ချမ်းသာစေခြင်း, မှီဝဲခြင်းတို့ဌ်။ ဝါတေတိ၊ ဝါတယတိ။

ဝါတ ၊ ပု ၊ [✓ ဝါတ+အ] ဝါတယတိ ဂစ္ဆတိ, သုခါပေတိ ဝါ'တိ-ဝါတော၊ လေ။ နေ ။အသံ။

ဝါဓ

ဘူ= ဗာဓနေ-နှိပ်စက်တားမြစ်ခြင်းဌ်။ ဝါဓတေ၊ ဗာဓတေ။

ဝါယမ

ဘူ= ဥဿာဟေ-အားထုတ်ခြင်းဌ်။ ဝါယမတိ။

ဝါယမတိ ။ [✓ ဝါယမ+အ+တိ] အားထုတ်၏၊ ကြိုးစား၏၊ လုံ့လပြု၏။ ဝါယမိတွာ၊ ဝါယမိတုံ၊ ဝါယမန္တ၊ ဝါယာမန္တ၊ ဝါယမမာန၊ ဝါယာမမာန၊ ဝါယမန၊ ဝါယမိတ၊ ဝါယမိတဗ္ဗ၊ ဝါယာမ၊ (ဝါယာမေတိ။)

ဝါယာမ ၊ ပု ၊ [✓ ဝါယမ+ဏ] ဝါယမန္တိ ယေနာတိ-ဝါယာမော၊ ဝါယမ-ဥဿာဟနေ။ ဓာန်ဋီ၊ ၁၅၆။ အားထုတ်ခြင်း၊ လုံ့လ။

http://www.dhammadownload.com

သမ္မာဝါယာမ ၊ ပု ၊ [သမ္မာ ✓ဝါယမ+ဏ] ကောင်းစွာ အားထုတ်တတ်သော, -အားထုတ်စေတတ်သော, -အားထုတ်ကြောင်းဖြစ်သော ဝါယာမ၊ ချီးမွမ်းအပ်သော ဝါယာမ၊ ကောင်းမြတ်သော ဝါယာမ။ တိ ။ [သမ္မာ+ဝါယာမ] မဖောက်ပြန်သော-ကောင်းမြတ်သော၊ ချီးမွမ်းအပ်သော ဝီရိယရှိသော။

ဝါသ

စု= သုရဘီကရဏေ(ဥပသေဝါယံ)-အနံ့ကောင်းအောင်ပြုခြင်း(ထုံမွှမ်းခြင်း)၌။ ဝါသေတိ၊ ဝါသယတိ။

ဝါသေတိ ။ [✓ဝါသ+ဏေ+တိ] ထုံမွှမ်း၏။ ဝါသေတွာ၊ ဝါသေတုံ၊ ဝါသိတ။ [ဝါသိတ+က] = ဝါသိတက [သု+ဝါသိတက] -သုဝါသိတ၊ ဝါသေတဗ္ဗ။

ဝါသ ၊ ပု ၊ [✓ဝါသ+ဏ] ဝသတိ ဒုဂ္ဂန္ဓန္တိ-ဝါသော၊ ဏော၊ ဝါသ-ဥပသေဝါယံ ဝါ, ဝသ-နိဝါသေ ဝါ၊ ထုံအပ်သော၊ အနံ့၊ အခိုးအထုံမှုန့်၊ ဝိပဿနာ၊ (ဝတ်ဆင်အပ်သော။)

ဝါသစုဏ္ဏ [ဝါသ+စုဏ္ဏ] ဝါသောဧဝ စုဏ္ဏံ-**ဝါသစုဏ္ဏံ**။ ဓာန်ဋီ၊ ၃၀၆။ နံ့သာမှုန့်၊ ပေါင်ဒါ။

ဝါသန ၊ နေ ၊ [✓ဝါသ+ယု] ဝါသ-ဥပသေဝါယံ၊ ဝါသီယတေ သခ်ရီယတေတိ-ဝါသနံ၊ ယု။ ဓာန်ဋီ၊ ၃၀၇။ ထုံခြင်း။

အနုဝါသေတိ ။ [အနု ✓ဝါသ+ဏေ+တိ] အဆီ-ဆေးစသည်ဖြင့် ဝမ်းချ၏။ အနုဝါသနီယ၊ အနုဝါသိတ၊ အနုဝါသန၊ အနံ့စွဲအောင် ထုံခြင်း၊ ဝမ်းချခြင်း၊ ဝမ်းချူဆေး-စသည်။

ဝါဟ၊ ဝါဟု

ဘူ= ပယတနေ-အားထုတ်ခြင်း၌။ ဝါဟတိ။

ဝါဟ ၊ ပု ၊ [✓ဝါဟ+အ] ဝါဟ-ပယတနေ၊ အ။ ဓာန်ဋီ၊ ၃၆၈။ မြင်း။

ဝါဟန ၊ ပု+နေ ၊ [✓ဝါဟ+ယု] သင်္ဂါမာဒီသု ကိစ္စေ ဥပ္ပန္နေ ဝါဟန္တိ ပယတန္တိ ဝီရိယံ ကရောန္တိ ဧတေ နာတိ-ဝါဟနော= အသော။ နီတိဓာ၊ ၁၉၇။ မြင်း-စသောယာဉ်၊ မြစ်ရေအလျဉ်။ တိ ။အားထုတ်တတ်သော၊ ဖြစ်စေတတ်သော။ **ဝါဟနက** [ဝါဟန့+က] ဆောင်တတ်သော။ **ဝါဟနိက** [ဝါဟန+ဏိက] ဆောင်နိုင်သော-(လှေ-စသည်)။

သမ္မာဟန ၊ နေ ၊ [သံ ✓ဝါဟ+ယု] သံပုဗ္ဗော ဝါဟ-ပယတနေ, မဒ္ဒနေ ဝါ၊ ယု။ ဓာန်ဋီ၊ ၇၆၉။ နင်းနှိပ်ဆုပ်နယ်ခြင်း။

ဝါဋ္ဌ

ဘူ= သိနှာနကရဏေ-ရေချိုးခြင်း၌။ ဝါဋ္ဌတိ။ (ကောတ္ထုဘ။)

ဝိ

ကီ= သံသိဗ္ဗနေ-ချုပ်စပ်ခြင်း၌၊ ပက္ခန္ဒနေ ဝါ-ပျံသန်းခြင်း၌လည်း။ ဝိနတိ၊ ဝိဏတိ။

ဝါန ၊ နေ ၊ [✓ဝိ+ယု] ဝိနတိ သံသိဗ္ဗတီတိ-ဝါနံ= တဏှာ, ကိလေသာ, ချုပ်စပ်ခြင်း။

နိဗ္ဗာန ၊ နေ ၊ [✓ဝိ+ယု] ဝိနတိ သံသိဗ္ဗတီတိ-ဝါနံ၊ [နိ+ဝါန] ဝါနတော နိက္ခန္တန္တိ-နိဗ္ဗာနံ။ ဧဋီ။ နိဗ္ဗာန်။

ဝယ ၊ ပု ၊ [✓ဝိ+အ] ဝိနတိ ဝိနဿတီတိ-ဝယော= ခန္ဓာနံ ဘင်္ဂေါ။ ဧဋီ။ ပျက်ခြင်း၊ ဘင်၊ အရွယ်။

ဝိ ၊ ပု ၊ [✓ဝိ+ကွိ] ဝိနာတိ ပက္ခန္ဒတီတိ-ဝိ= သကုဏော၊ ၄က်။ (ဝီနံ သကုဏာနံ နာယကော အဓိပတိ **ဝိနာယကော**၊ ဝီနံ သကုဏာနံ ဣန္ဒော သာမီတိ-**ဝိန္ဒော**= ဂရုဋ္ဌော၊ ဂဋုန်။)

ဥဒယဗ္ဗယဉာဏန္တိ ဧတ္ထ ဝယောတိ ပဒေ ဝိဓာတု ဝိနာသာယံ၊ တတ္ထ ဟိ ဝိနာတိ ဝိနဿတီတိ-**ဝယော**= ခန္ဓာနံ ဘင်္ဂေါတိ အတ္ထော။ သူစိ။

ဝီဏာ ၊ ထီ ၊ [✓ဝိ+တ+အာ] ဝိ-ဇနနေ၊ တော၊ ဤဏတ္တံ၊ ဝီဏ-ဝေဌနေတိ ဝါ ဓာတု၊ အာ၊ ဝီဏာ။ ဓာန်ဋီ၊ ၁၃၈။ စောင်း။

ဝိစ၊ ဝိစိ

ဘူ+ဒိ= ဝိဝေကေ-ဆိတ်ငြိမ်ခြင်း၌။ ဝိစတိ၊ ဝိဝေစေတိ၊ ဝိဝိစ္စတိ။

ရု= ပုထက္ကာရေ-အသီးပြုခြင်း၌။ ဝိဉ္စတိ။

ဝိဝိစ္စတိ ။ [ဝိ ✓ဝိစ+ယ+တိ] ကင်းကွာ၏၊ ဖဲခွာ၏၊ ပယ်စွန့်၏၊ အသီးအခြားဖြစ်၏၊ ကင်းဆိတ်၏။ ဝိဝိစ္စိတွာ၊ ဝိဝိစ္စ၊ (တွာ)၊ ဝိဝိစ္စမာန၊ ဝိဝေစိတွာ၊ (ဝိဝေစေတိ၊) ဝိဝေစေတွာ၊ ဝိဝေစေတုံ၊ ဝိဝေစေန္တ၊ ဝိဝေစိယမာန၊ ဝိဝိစ္စန၊ ဝိဝိတ္တ၊ ဝိဝိတ္တိ၊ ဝိဝေက၊ ဝိဝေစန၊ ဝိဝေစနီယ၊ ဝိဝေစိတ၊ ဝိဝေစိတဗ္ဗ။

http://www.dhammadownload.com

ဝိဝိစ္စ ၊ တိ ၊ [ဝိ ✓ ဝိစ+ယ+အ] အသီးအခြား ဖြစ်သော၊ ကင်းဆိတ်သော၊ ဖုံးကွယ်သော။

ဝိဝိတ္တ ၊ တိ ၊ [ဝိ ✓ ဝိစိ+တ] ဝိစိ–ဝေဝစနေ, ပုထုဘာဝေ စ။ ဓာန်ဋီ၊ ၃၅၃။ ဆိတ်ကွယ်ရာ။

ဝိဝေက ၊ ပု ၊ [✓ ဝိစ+ဏ] ဝိစ–ဝိဝေစနေ, ပုထုဘာဝေ စ၊ ဘာဝေ ဏော၊ ဒွိတ္တာဒိ။ ဓာန်ဋီ၊ ၄၃၀။ ဆိတ်ငြိမ်ခြင်း။

ဝိဝေစေတဗ္ဗ ၊ တိ ၊ [ဝိ ✓ ဝိစ+ဏော+တဗ္ဗ] သီးသန့်ခြားနားစေအပ်သော၊ ကင်းဆိတ်စေအပ်သော။

ဝိဝေစာပေတဗ္ဗ ၊ တိ ၊ [ဝိ ✓ ဝိစ+ဏာပေ+ဏာပေ+တဗ္ဗ] ရှေ့ဏာပေပစ္စည်းကို ချေ။ ဘေဒစိန္တာ၊ ၂၁၆။

ဝိနိဝေစိတ ၊ တိ ၊ [ဝိ+နိ ✓ ဝိစ+တ] ပိုင်းခြားဝေဖန်အပ်သော၊ သီးသန့်ခြားနားစေအပ်သော။

ဝိစိ ၊ ပု ၊ [✓ ဝိစ+ကွန်] ထိဖြစ်က ဤပစ္စည်းထပ်သက်၊ ဝိစီ၊ လှိုင်းတံပိုး၊ ရေလှိုင်း။ (ကောတ္ထုဘာ။)

ဝိစ္ဆ

ဘူ= ဆေဒန ဂမနေသု–ဖြတ်ခြင်း, သွားခြင်းတို့၌။ စု= ဒိတ္တိယံ–ထွန်းလင်းတောက်ပခြင်း၌။ ဝိစ္ဆတိ၊ ဝိစ္ဆေတိ၊ ဝိစ္ဆယတိ။

ဝိစ္ဆိက ၊ ပု ၊ [✓ ဝိစ္ဆ+ကိက] ဝိစ္ဆတိ ယာတိတိ–ဝိစ္ဆိကော= ကိဋော။ မောဂ်–၇၊ ၂၁။ ကင်းမြီးကောက်။ ဓာန်ဋီ၊ ၆၂၁–၌ ဝိစ္ဆ–ဂမနေ၊ ဏ္ဍု၊ ဝိစ္ဆိကော–ဟူ၏။

ဝိစ္ဆိတ ၊ တိ ၊ [✓ ဝိစ္ဆ+တ] ပျက်စီးသော၊ သေလုမျောပါးဖြစ်သော။

ဝိဇိ

ဘူ+ဒိ= ဘယ စလနေသု–ကြောက်ခြင်း, တုန်လှုပ်ခြင်း တို့၌။ ဝေဇတိ၊ ဝိဇ္ဇတိ။

ဝေဇတိ ။ [✓ ဝိဇိ+အ+တိ] ကြောက်ရွံ့ထိတ်လန့်၏၊ တုန်လှုပ်၏။

ဝေဂ ၊ ပု ၊ [✓ ဝိဇိ+ဏ] လျင်မြန်ခြင်း–အရှိန်–အဟုန်၊ အားထုတ်ခြင်း၊ တိုက်ခတ်ခြင်း။

ဝေဂါယတိ ။ နာမဓာတ် ။ [ဝေဂ+အာယ+တိ] အဆောတလျင် ပြုလုပ်၏၊ အလျင်အမြန် ပြုလုပ်၏၊ သုတ်သီးသုတ်ပြာ ပြုလုပ်၏။ ဝေဂါယိတာ၊ ဝေဂါယိတဗ္ဗ၊ ဝေဂါယိတတ္တာ။

အာဝိဇ္ဇတိ ။ [အာ ✓ ဝိဇိ+ယ+တိ] ထက်ဝန်းကျင် သွားလာ၏၊ လှည့်လည်၏။ အာဝဇ္ဇိတုံ၊ အာဝဇ္ဇိတွာ။

ဥဇ္ဇိဇ္ဇတိ ။ [ဥ ✓ ဝိဇိ+ယ+တိ] ထိတ်လန့်၏။ ဥဇ္ဇိဂ္ဂ၊ ဥဇ္ဇိဂ္ဂိ၊ ဥဇ္ဇိဇ္ဇနာ၊ ဥဇ္ဇေဂ၊ ဥဇ္ဇေဂီ၊ ဥဇ္ဇေဇနီယ၊ (ဥဇ္ဇေဇေတိ၊ ထိတ်လန့်စေ၏။) ဥဇ္ဇေဇန၊ ဥဇ္ဇေဇေတု။

ဝိဝိတ္တ ၊ တိ ၊ [ဝိ ✓ ဝိဇိ+တ] ဝိဇိ–ပုထဘာဝေ၊ ဘူ, တော စ။ ဓာန်ဋီ၊ ၃၅၃။ ဆိတ်ကွယ်ရာ။

သံဝိဇတိ ။ [သံ ✓ ဝိဇိ+အ+တိ] ထိတ်လန့်၏။ သံဝိဇိတ၊ သံဝိဇိတဗ္ဗ။ (သံဝိဇ္ဇတိ၊ ထိတ်လန့်၏။) သံဝိဇ္ဇိတွာ၊ သံဝိဇ္ဇိတွာန၊ သံဝိဇ္ဇမာန၊ သံဝိဇ္ဇန၊ သံဝိဇ္ဇိတဗ္ဗ၊ သံဝေဂ၊ သံဝေဂီ၊ သံဝေဇန၊ သံဝေဇနီယ၊ သံဝေဇနီယ။

သံဝေဇေတိ ။ [သံ ✓ ဝိဇိ+အ+တိ] သံဝေဇတိ၊ ကြောက်ရွံ့–ထိတ်လန့်၏။ သံဝေဇိတွာ။

[သံ ✓ ဝိဇိ+ဏော+တိ] ကြောက်ရွံ့–ထိတ်လန့်စေ၏။ သံဝေဇေတွာ၊ သံဝေဇေတွာန၊ သံဝေဇယိတွာ၊ သံဝေဇေတုံ၊ သံဝေဇေန္တ၊ သံဝေဇယမာန၊ သံဝေဇိယမာန၊ သံဝေဇိတ၊ သံဝေဇေတဗ္ဗ။

သံဝိဂ္ဂ ၊ တိ ၊ [သံ ✓ ဝိဇိ+တ] ထိတ်လန့်–တုန်လှုပ်သော။ (သုသံဝိဂ္ဂ။)

သံဝိဂ္ဂမာန ၊ တိ ၊ [သံ ✓ ဝိဇိ+ယ+မာန] ဇ–ကို ဂ္ဂ–ပြု၊ (သံဝိဂ္ဂ+မာန= သံဝိဂ္ဂါယေဝ သံဝိဂ္ဂမာနော–လည်း ကြဲ၊) ထိတ်လန့်–တုန်လှုပ်သော။

သံဝိဂ္ဂဝန္တု ၊ တိ ၊ [သံ ဝိဇိ+တဝန္တု] ထိတ်လန့်–တုန်လှုပ်ပြီးသော။

ဝိဒု

ဘူ= သဒ္ဒေ–အသံပြုခြင်း၌၊ အက္ကောသနေ–ဆဲရေးခြင်း၌လည်း။ ဝေဒုတိ

ဝိဒုပ၊ ဝိဒုဘိ ၊ ပု ၊ [✓ ဝိဒု+အပ] ဝိဒု–ဝေဓနေ၊ ဝိဒု–အက္ကောသေ ဝါ၊ အပေါ၊ အဒွ၊ သစ်ခွ။ ပဿဘတ္တေ–ဝိဒုဘိ၊ နဒါဒိ၊ အဒွ၊ သစ်ခွ၊ ကွန်ယက်–ထီးအသွင်သဏ္ဌာန်။ **ဝိဒုပိ** [ဝိဒုပ+ဤ] သစ်ပင်။

ဝိတ္တ

စု= စဇနေ–စွန့်ပစ်ခြင်း၌။ ဝိတ္တေတိ၊ ဝိတ္တယတိ။

ဝိထု

ဘူ= ယာစနေ–တောင်းခြင်း၌။ ဝေထတိ။

http://www.dhammadownload.com

ဝိဒ

ဘူ= ဉာဏ မင်္ဂလျော-သိခြင်း, မကောင်းသည်ကို ပယ်ခြင်း(ကောင်းမွန်စင်ကြယ်ခြင်း)၌။ ဝိဒတိ။

ဒိ= ဘာဝေ-ဖြစ်ခြင်း(ရှိခြင်း)၌။ ဝိဇ္ဇတိ။

ရ= ဝိမံသန လာဘ တုဋ္ဌိသု-စုံစမ်းခြင်း, ဆင်ခြင်ခြင်း, ရခြင်း, နှစ်သက်ခြင်းတို့၌။ ဝိန္ဒတိ။

စု= အနုဘဝ နိဝါသာချာန ထေရိယေသု-ခံစား သုံးဆောင်ခြင်း, နေခြင်း, ပြောဆိုခြင်း, မြဲမြံခိုင်ခံ့ခြင်းတို့၌။ ဝေဒေတိ၊ ဝေဒယတိ။

ဝိဒတိ ။ [✓ ဝိဒ+အ+တိ] သိ၏၊ နားလည်၏။ ဝိဒိတွာ၊ ဝိဒိတွာန၊ ဝိဒိတုံ၊ ဝိဒိန၊ ဝိဒိတ၊ သိတတ်သော၊ သိအပ်သော၊ ရအပ်သော၊ ထင်ရှားသော။ ဝိဒိတဗ္ဗ၊ ဝိဒိတဝန္တု။

